# ရတနာပုံ

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

yadanarbonnews.com

၁၃၈၇ ခုနှစ် ၊ တန်ဆောင်မုန်းလပြည့်ကျော် (၁၀)ရက် ၊ သောကြာနေ့ ၊ (14-11-2025) ၊ အတွဲ (၃၄) ၊ အမှတ် (၁၉၈)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး၊
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊
- အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊

- မဲစာရင်းမှန်ကန်ဖို့ မြန်မာအီလက်ထရောနစ် မဲပေးစနစ် အသုံးပြုဖို့။

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များအောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်ထံမှ ၂၀၂၅ ခုနှစ် ၁၀၅ နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အထိမ်းအမှတ်အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာ

နေပြည်တော်　နိုဝင်ဘာ　၁၄

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်ထံမှ ၂၀၂၅ ခုနှစ် ၁၀၅ နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အထိမ်းအမှတ်အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

ချစ်ခင်လေးစားရပါသော မိဘပြည်သူများနှင့် ပြည်ထောင်စုဖွား တိုင်းရင်းသားညီအစ်ကိုမောင်နှမများခင်ဗျား

ယနေ့ မြန်မာသက္ကရာဇ် ၁၃၈၇ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်တွင် ကျရောက်သည့် ၁၀၅ နှစ်မြောက်အမျိုးသားအောင်ပွဲနေ့ အခါသမယ၌ ပြည်ထောင်စုဖွား တိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံး မင်္ဂလာအပေါင်းခညောင်းပြီး ကာယသုခ၊ စိတ္တသုခ နှစ်ဖြာသော သုခတို့နှင့် ပြည့်စုံပါစေကြောင်း ဦးစွာနှုတ်ခွန်းဆက်သအပ်ပါသည်။

စာမျက်နှာ ၁၆ ကော်လံ ၁

## နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံတာဝန်ထမ်းဆောင်ကြမည့် နိုင်ငံ့သားကောင်းများ၏ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁၆) သင်တန်းဆင်းပွဲများ ကျင်းပပြုလုပ်

နေပြည်တော်　နိုဝင်ဘာ　၁၃

နိုင်ငံသားတိုင်းသည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန်အရေးသုံးပါးကို စောင့်ထိန်းရန် တာဝန်ရှိသဖြင့် ယင်းတာဝန်များကိုထမ်းဆောင်နိုင်ရန်အတွက် နိုင်ငံသားတိုင်းစစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းဆောင်နိုင်ရန်

စာမျက်နှာ ၁၆ ကော်လံ ၁



ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁၆) သင်တန်းဆင်းပွဲအခမ်းအနားများကို တိုင်းစစ်ဌာနချုပ်များအလိုက် နယ်မြေခံသင်တန်းကျောင်းအသီးသီး၌ ကျင်းပပြုလုပ်စဉ်။

**၂၀၂၅ ခုနှစ် ၁၀၅ နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ကို ဂုဏ်ပြုပါ၏။**




ရတနာပုံ
၂၀၂၅ ခုနှစ် နိုဝင်ဘာ ၁၄ ရက်
အယ်ဒီတာ့အာဘော်

# ၁၀၅ နှစ်မြောက် အမျိုးသားအောင်ပွဲနေ့

၁၃၈၇ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက် (ယနေ့)သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ၁၀၅ နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ဖြစ်သည်။ ကိုလိုနီနယ်ချဲ့တို့၏ ရန်ကုန် တက္ကသိုလ်အက်ဥပဒေကို ကန့်ကွက်ဆန္ဒပြခဲ့သည့်နေ့ဖြစ်သည်။ တိုင်းရင်းသားပြည်သူများကြား အမျိုးသားရေးစိတ်ဓာတ်များ မြင့်မားစေရန်နှင့် တိုင်းပြည်နှင့်လူမျိုးကို ချစ်မြတ်နိုးသော စိတ်ဓာတ်များ ကိန်းအောင်းစေရန်ရည်ရွယ်၍ နှစ်စဉ်အမျိုးသားအောင်ပွဲနေ့အခမ်းအနားများကို ကျင်းပခဲ့ကြသည်။

၁၉၂၁ ခုနှစ် ဒီဇင်ဘာလအတွင်း မန္တလေးမြို့၌ကျင်းပသည့် ဂျီစီဘီအေပြည်လုံးကျွတ်ညီလာခံကြီး၌ အမျိုးသားနေ့သတ်မှတ်ရန် ဆွေးနွေးတိုင်ပင်ခဲ့ကြသည်။ ထိုညီလာခံတွင် ကိုလိုနီနယ်ချဲ့ကို ပထမဆုံးတော်လှန်သပိတ်မှောက်ခဲ့သည့် တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်ကို အမျိုးသားအောင်ပွဲနေ့အဖြစ် သတ်မှတ်ရန် အကြံပြုခဲ့ကြသည်။

အမျိုးသားရေးလှုပ်ရှားမှုသည် ကိုလိုနီပညာရေးစနစ်ဆိုးကို အမြစ်ကဆွဲနုတ်မြေလှန်ပစ်သော အမျိုးသားပညာရေး လှုပ်ရှားမှုပင်ဖြစ်သည်။ ထိုကဲ့သို့ အမျိုးသားရေးစိတ်ဓာတ်ကို လှုံ့ဆော်ပေးခဲ့သည့်အတွက် ၁၉၂၂ ခုနှစ် ဇွန် ၁၇ ရက်တွင် ရန်ကုန်မြို့ ဂျူဗလီဟော၌ပြုလုပ်သည့် အထူးကွန်ဖရင့်ကြီး၌ ကောလိပ်ကျောင်းသားများက ရန်ကုန်တက္ကသိုလ်အက်ဥပဒေကို ဆန့်ကျင်ကန့်ကွက် သပိတ်မှောက်ခဲ့သည့် တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်နေ့ကို အမျိုးသားအောင်ပွဲနေ့အဖြစ် တညီတညွတ်တည်း ဆုံးဖြတ်သတ်မှတ်ခဲ့ကြသည်။ ထိုအချိန်မှစ၍ နှစ်စဉ် ထိုနေ့သို့ရောက်တိုင်း အမျိုးသားအောင်ပွဲနေ့အခမ်းအနားများကို ကျင်းပလာခဲ့သည်မှာ ယခုနှစ်တွင် ၁၀၅ နှစ်မြောက်သို့ ရောက်ရှိခဲ့ပြီဖြစ်ပေသည်။

၂၀၂၅ ခုနှစ် ၁၀၅ နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ဆောင်ပုဒ်မှာ "စည်းလုံးချစ်ကြည် လက်တွဲညီ ရွှေပြည်သစ်ဆီလှမ်းကြမည်"ဖြစ်ပြီး အမျိုးသားအောင်ပွဲနေ့ဦးတည်ချက်များမှာ ပြည်ထောင်စုကြီးတည်တံ့ခိုင်မြဲရေးကို တိုင်းရင်းသားပြည်သူအားလုံးက အမျိုးသားရေးတာဝန်တစ်ရပ်ဖြင့် ထိန်းသိမ်းစောင့်ရှောက်ရေး၊ အသိပညာ အတတ်ပညာပြည့်စုံသော လူ့စွမ်းအားအရင်းအမြစ်များဖြင့် နိုင်ငံတော်ကို တည်ဆောက်ရေး၊ အမျိုးသားပညာရေးကို မြှင့်တင်ခြင်းဖြင့် နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေး၊ အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေးတို့ဖြစ်သည်။

ရန်ကုန်တက္ကသိုလ်နှင့်ဂျပ်ဆင်ကောလိပ်ကျောင်းသားများသည် ၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာ ၅ ရက် မြန်မာသက္ကရာဇ် ၁၂၈၂ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်တွင် ရန်ကုန်တက္ကသိုလ် အက်ဥပဒေကို ကန့်ကွက်သည့်အနေဖြင့် သပိတ်မှောက်ခဲ့ကြသည်။ ထိုကျောင်းသားသပိတ်သည် တစ်နိုင်ငံလုံးသို့ တစ်မုဟုတ်ချင်း ပျံ့နှံ့သွားခဲ့သည်။ ထိုကျောင်းသားသပိတ်ကို တစ်နိုင်ငံလုံးကလည်း ထောက်ခံခဲ့ကြသည်။

ကိုလိုနီနယ်ချဲ့တို့၏ ရန်ကုန်တက္ကသိုလ် အက်ဥပဒေသည် တက္ကသိုလ်ကျောင်းသားများအပြင် တက္ကသိုလ်တက်မည့် ကျောင်းသားများကိုပါ ထိခိုက်သဖြင့် အထက်တန်းကျောင်းသားများကလည်း သပိတ်မှောက်ခဲ့ကြသည်။ ထို့နောက် တက္ကသိုလ်ကို ရာသက်ပန်သပိတ်မှောက်ရန်လည်း ဆုံးဖြတ်ခဲ့ကြသည်။ ထို့ပြင် ၁၉၂၁ ခုနှစ် ဩဂုတ်လတွင် ရန်ကုန်မြို့ ဗဟန်းရပ် ရွှေကျင်ကျောင်းတိုက်တွင် အမျိုးသားကောလိပ်ကို ဖွင့်လှစ်ခဲ့သည်။ အမျိုးသားပညာရေးကောင်စီကိုလည်း ဖွဲ့စည်းနိုင်ခဲ့သည်။ အောင်မြင်မှုအနေဖြင့် မြန်မာတစ်နိုင်ငံလုံးတွင် အမျိုးသားကျောင်းများ ပေါ်ထွန်းလာခဲ့သည်။

အမျိုးသားအောင်ပွဲနေ့ စတင်အခြေတည်ခဲ့သည့် အမျိုးသားရေးစိတ်ဓာတ်သည် ပြည်ထောင်စုဖွား တိုင်းရင်းသားများ စုစည်းနေထိုင်ခဲ့ကြသည့် မြန်မာနိုင်ငံ၏ အမျိုးသားအကျိုးစီးပွား၊ နိုင်ငံသားတိုင်း၏ အကျိုးစီးပွား ကာကွယ်စောင့်ရှောက်ရေးနှင့် ထိန်းသိမ်းရေးအတွက်ပင်ဖြစ်သည်။ ထို့ကြောင့် မြန်မာတို့၏ အမျိုးသားရေးစိတ်ဓာတ်ကို မြှင့်တင်ပေးသည့် အမျိုးသားအောင်ပွဲနေ့သည် နိုင်ငံသားတိုင်းအတွက် ဂုဏ်ယူဖွယ်ရာနေ့တစ်နေ့ပင်ဖြစ်ပါကြောင်း ယုံကြည်ရေးသားလိုက်ရပေသည်။

## ၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

ရွေးကောက်ပွဲကျင်းပရန်
၄၄
ရက်
သာ လိုတော့သည်။

လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

လူကုန်ကူးခံရသူများအတွက် ညွှန်းပို့ ချိတ်ဆက်ရေးစင်တာ (ရန်ကုန်၊ မန္တလေး)

လူကုန်ကူးခံရသူများအနေဖြင့် အကူအညီလိုအပ်ပါက ဆက်သွယ် အကူအညီ တောင်းခံနိုင်ပါသည်။

ရန်ကုန် — အမှတ်(၆၄)၊ ကမ္ဘာအေးဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်။ ၀၁-၈၆၆၆၆၁၉

မန္တလေး — ရွှေကျင်သံလမ်းအနီး၊ ဘုန်းတော်တိုးရပ်၊ အောင်မြေသာစံမြို့နယ်။ ၀၂-၂၈၃၀၄၂၃

## သာပေါင်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၆၅၃၁ ဧက စိုက်ပျိုးမည်


ယခင်နှစ်က ပဲတီစိမ်းစိုက်ခင်းကို တွေ့ရစဉ်။

**ပုသိမ် နိုဝင်ဘာ ၁၃**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် သာပေါင်းမြို့နယ်တွင် ယခုနှစ်ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၆၅၃၁ ဧကထိ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

သာပေါင်းမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၆၅၃၁ ဧကကို နိုဝင်ဘာလ ဒုတိယပတ်တွင် စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ အဆိုပါ စိုက်ပျိုးမည့် ပဲတီစိမ်းသီးနှံများကို အရည်အသွေးမြင့် အထွက်နှုန်းကောင်းစေရန် တောင်သူအသိပညာပေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

"ဒီဘက်ဒေသမှာက ပဲသီးနှံတွေကို ဆောင်းရာသီမှာ အဓိကထားစိုက်တာ ဖြစ်ပါတယ်။ ဒီနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီမှာ ပဲတီစိမ်းကို ဧက ၆၅၀၀ ကျော် စိုက်ပျိုးသွားမှာ ဖြစ်ပါတယ်။ ဆောင်းသီးနှံတွေ အခက်အခဲမရှိ စိုက်ပျိုးနိုင်ဖို့ တောင်သူတွေနဲ့ စိုက်ပျိုးရေးဦးစီးဌာနနဲ့ အခြားဆက်စပ်ဌာနတွေ ပူးပေါင်းလုပ်ဆောင်နေပါတယ်"ဟု ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်အေးအေးမူက ပြောပြသည်။

သာပေါင်းမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်းသီးနှံများအပါအဝင် ဆောင်းသီးနှံများ လျာထားချက်အတိုင်းရာနှုန်းပြည့်စိုက်ပျိုးနိုင်ရေး၊ စိုက်ပျိုးမည့်သီးနှံများ ပိုးမွှားရောဂါကင်းရှင်းစေရေး၊ အရည်အသွေးနှင့် အထွက်နှုန်းကောင်းစေရေးစသည့် လုပ်ငန်းများကို စိုက်ပျိုးရေး ဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ အုပ်ချုပ်ရေးအဖွဲ့နှင့် ဒေသခံတောင်သူများ၊ စိုက်ပျိုးရေးလုပ်ငန်းနှင့် ဆက်စပ်သည့်ဌာန အဖွဲ့အစည်းများက ပူးပေါင်း ဆောင်ရွက်နေကြောင်း သိရသည်။

ပဲတီစိမ်းကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ မြင့်မားလာမည်ဖြစ်သောကြောင့် ပဲတီစိမ်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်အေးအေးမူက ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

## တန့်ဆည်မြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော မြေပဲဧကအားလုံး ရာနှုန်းပြည့် နုတ်သိမ်းပြီးစီး

**ရွှေဘို နိုဝင်ဘာ ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် တန့်ဆည်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော မြေပဲဧကအားလုံး ရာနှုန်းပြည့် နုတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

တန့်ဆည်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၃၅၇၃၉ ဧကထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးထားသောမြေပဲစိုက်ခင်းများကို ယခုနှစ် ဩဂုတ်လမှစတင် နုတ်သိမ်းခဲ့ရာ ယနေ့ထိ ဧကအားလုံးရာနှုန်းပြည့် နုတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၄၂ ဒသမ ၈၉ တင်း ထွက်ရှိကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ တန့်ဆည်မြို့နယ်မှာ မြေပဲ ၃၅၇၃၉ ဧကထိ စိုက်ပျိုးထားပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့မြေပဲခင်းတွေ လက်ရှိအချိန်မှာတော့ ဧကအားလုံးရာနှုန်းပြည့်နုတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ဆီထွက်သီးနှံအနေနဲ့ကတော့ အောင်မြင်တဲ့ အနေအထားမှာ ရှိပါတယ်။ မြေပဲစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်"ဟု ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြသည်။

မြေပဲကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ မြင့်မားလာမည်ဖြစ်သောကြောင့် မြေပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြ၍ သိရသည်။

(၂၀၆)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# ကြို့ပင်ကောက်မြို့နယ် သပြေရုံကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ကြို့ပင်ကောက် နိုဝင်ဘာ ၁၃**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် ကြို့ပင်ကောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သပြေရုံကျေးရွာ၌ ဆဋ္ဌမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေထုတ်ချေးခြင်းကို နိုဝင်ဘာ ၁၂ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကြို့ပင်ကောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သီသီအောင်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ၊ အခြားမိသားစုဝင်ငွေတိုး လုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ မိသားစုစားဝတ်နေရေးအခက်အခဲများ လျော့နည်းစေရန်ရည်ရွယ်၍ ထုတ်ချေးပေးခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားပြီး ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၃၆၃ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက သပြေရုံကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၀၆ ဦး၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ငါးဦး၊ စက်ချုပ်လုပ်ငန်းလုပ်ကိုင်သူ တစ်ဦး စုစုပေါင်းအသင်းသား၊ အသင်းသူ ၁၁၂ ဦးကို မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေကျပ် ၃၆၃ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**သန်းလွင်(မကွေး)**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် သီလရှင်ဆောင်ကြီးကြပ်ရေး အမျိုးသမီးဆပ်ကော်မတီအမျိုးသမီးအလှူရှင်အဖွဲ့က လစဉ်ဆွမ်းအလှူငွေကျပ် ၇၀၀၀၀၀ နှင့် ကျောက်ကပ်ဆေးနေသောသံဃာတော် သီလရှင်များအတွက် ငွေကျပ် ၅၀၀၀၀၀ စုစုပေါင်းငွေကျပ် ၁၂၀၀၀၀၀ လှူဒါန်းရာ ဆေးရုံအုပ်ကြီး ဒေါက်တာဦးခင်မောင်နှင့် ဆွမ်းကွမ်းဝေယျာဝစ္စဆပ်ကော်မတီအတွင်းရေးမှူး ဦးဝဏ္ဏတို့က လက်ခံရယူစဉ်။

# တန့်ဆည်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၁၀၄၉ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ရွှေဘို နိုဝင်ဘာ ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် တန့်ဆည်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၁၀၄၉ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

တန့်ဆည်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၁၇၂၅ ကေစိုက်ပျိုးရန်လျာထားပြီး ယခုနှစ် အောက်တိုဘာလပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၁၀၄၉ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ တန့်ဆည်မြို့နယ်မှာ ဟင်းသီးဟင်းရွက် ၁၇၂၅ ကေ စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ၁၀၄၉ ကေ စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ မုန်ညင်း၊ ငရုတ်၊ နံနံ၊ အာလူး၊ ဂေါ်ဖီထုပ်၊ ခရမ်း၊ မုန်လာဥ စတဲ့သီးနှံတွေဖြစ်ပါတယ်။ စိုက်ပျိုးတဲ့ဟင်းသီးဟင်းရွက်အားလုံးကို GAP နည်းစနစ်နဲ့ စိုက်ပျိုးနိုင်အောင်၊ ဓာတုဓာတ်ကြွင်း အနည်းဆုံးဖြစ်အောင်၊ ကျန်းမာရေးနဲ့ ကိုက်ညီအောင် စိုက်ပျိုးဖို့ နည်းပညာတွေပေးနေပါတယ်"ဟု ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြသည်။

တန့်ဆည်မြို့နယ်တွင် ဟင်းသီးဟင်းရွက်စိုက် တောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက GAPနည်းစနစ်ဖြင့် စိုက်ပျိုးရန်အတွက် နည်းပညာသင်တန်းပေးခြင်း၊ စိုက်ခင်းများမှ ထွက်ရှိလာသည့် ဟင်းသီးဟင်းရွက်များ ကျန်းမာရေးနှင့် ညီညွတ်သည့် သီးနှံဖြစ်စေရန် နည်းပညာများပေးခြင်း၊ တောင်သူများ ဟင်းသီးဟင်းရွက်များ တိုးချဲ့စိုက်ပျိုးလာရန်အတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ဟင်းသီးဟင်းရွက်ကို အထွက်နှုန်း တိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှု ဖူလုံစေသည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ဟင်းသီးဟင်းရွက်ကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း ရွှေဘိုခရိုင် စိုက်ပျိုးရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြ၍ သိရသည်။ (၂၀၆)

# ပုသိမ်ကြီးမြို့နယ် ဟင်းရွက်စုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ပုသိမ်ကြီး နိုဝင်ဘာ ၁၃**

မန္တလေးတိုင်းဒေသကြီး အမရပူရခရိုင် ပုသိမ်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ တစ်နိုင်တစ်ပိုင် အသေးစားစီးပွားရေးလုပ်ငန်းများ လုပ်ကိုင်နိုင်စေရန်နှင့် အတိုးနှုန်းသက်သာသည့် ငွေကြေးအရင်းအနှီးများ ရရှိစေရန်ရည်ရွယ်၍ ဟင်းရွက်စုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် ဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှု အခြေအနေများကို နိုဝင်ဘာ ၁၂ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ် ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပုသိမ်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစန်းယုလှိုင်နှင့် မြို့နယ် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များနှင့် တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၃၇ ဒသမ ၈ သန်းဖြင့် ဆောင်ရွက်ထားရှိသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကုန်ထုတ်လုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှုအခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းဇယားပုံစံများ ပြည့်စုံမှုရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ဟင်းရွက်စုကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၂၃၂ ဦးကို ငွေကျပ် ၂၉ ဒသမ ၈ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူဦးရေ ၈၀ ကို ငွေကျပ် ၈ သန်း စုစုပေါင်းအသင်းသား၊ အသင်းသူ ၃၁၂ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၃၇ ဒသမ ၈ သန်း ထုတ်ချေးပေးထားကြောင်း သိရသည်။

**အောင်ရဲကျော်**

# လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလအတွင်း ကျားပျံစပါးတင်းရေ အများအပြား တင်ပို့ရောင်းချနိုင်ခဲ့

**လပွတ္တာ နိုဝင်ဘာ ၁၃**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလအတွင်း ကျားပျံစပါးတင်းရေ အများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း လပွတ္တာမြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ခိုင်သဇင်က ပြောပြ၍ သိရသည်။

လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်း ကျားပျံစပါးတင်းရေ ၄၅၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး အောက်တိုဘာလအတွင်း ကျားပျံစပါးတင်းရေ ၆၃၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ပြီးခဲ့တဲ့တစ်လအတွင်း ကျားပျံစပါးတင်းရေ ၆၃၀၀၀ ထိ ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချခဲ့ရပါတယ်။ လပွတ္တာမြို့နယ်ကနေ စပါးတွေ၊ ဆန်တွေနဲ့ အခြား လယ်ယာထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကို အများဆုံးတင်ပို့ရောင်းချပါတယ်။ ကျားပျံစပါးအမျိုးအစားက ဆန်ချောအုပ်စုထဲမှာပါတဲ့ စပါးအမျိုးအစားဖြစ်ပါတယ်။ အဲဒီစပါးတွေကို ရန်ကုန်ဘက်က ဝယ်ယူတာများနေလို့ တင်ပို့အား တက်ခဲ့တာဖြစ်ပါတယ်။ ကျားပျံစပါးကို ရန်ကုန်ဈေးကွက်က ထပ်မံပြီးတော့ အများအပြားဝယ်ယူဖို့ ချိတ်ဆက်မှုတွေရှိနေပါတယ်။ အခြားစပါးတွေနဲ့ယှဉ်ရင် ပြီးခဲ့တဲ့တစ်လအတွင်းမှာကော လတ်တလောအနေနဲ့ပါ ကျားပျံစပါးက အရောင်းအဝယ်ပိုဖြစ်နေပါတယ်"ဟု လပွတ္တာမြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ခိုင်သဇင်က ပြောပြသည်။

လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလအတွင်း တင်ပို့ရောင်းချခဲ့သည့် ကျားပျံစပါးတင်းရေ ၁၀၀ လျှင် ငွေကျပ် ၁၈၅၀၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါကျားပျံစပါးများ အရောင်းအဝယ်ကောင်းလာသည့်အတွက် တောင်သူများ၊ ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင်အခွင့်အလမ်း အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**



# မြန်မာသတင်းမီဒီယာသမားများအတွက် အထွေထွေရွေးကောက်ပွဲဆိုင်ရာလမ်းညွှန်

မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီက "မြန်မာသတင်းမီဒီယာသမားများအတွက် ၂၀၂၅ ခုနှစ် အထွေထွေရွေးကောက်ပွဲဆိုင်ရာလမ်းညွှန်" စာအုပ်ကို အချိန်မီထုတ်ဝေခဲ့ပြီး စာအုပ်မိတ်ဆက်ပွဲကို ၂၀၂၅ ခုနှစ် နိုဝင်ဘာ ၆ ရက် နံနက်ပိုင်းက ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် သိမ်ဖြူလမ်းရှိ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း ရွှေဥဒေါင်းခန်းမ၌ ကျင်းပခဲ့သည်။

"မြန်မာနိုင်ငံသတင်းမီဒီယာသမားများအတွက် အထွေထွေရွေးကောက်ပွဲဆိုင်ရာလမ်းညွှန်" စာအုပ်ကို မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီက ၂၀၁၅ ခုနှစ်တွင် စတင်ထုတ်ဝေခဲ့သည်။

၂၀၁၈ ခုနှစ်တွင် ဟံသာဝတီဦးအုန်းကြိုင် ဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းဆောင်ခဲ့သော မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီသည် မြန်မာနိုင်ငံ သတင်းမီဒီယာသမားများအတွက် ၂၀၂၀ပြည့်နှစ် အထွေထွေရွေးကောက်ပွဲလမ်းညွှန်စာအုပ်ကို ထုတ်ဝေခဲ့ရာတွင် (၁) ပြည်နယ်နှင့်တိုင်းဒေသကြီးအသီးသီးရှိ မဏ္ဍိုင်လေးရပ်များနှင့် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ တွေ့ဆုံညှိနှိုင်းပွဲများတွင် ဒေသခံမီဒီယာသမားများက ရွေးကောက်ပွဲများတွင် ၎င်းတို့ကြုံတွေ့ခဲ့ကြရသော အခက်အခဲ အကျပ်အတည်းများကို အခြေခံပြီး တင်ပြအကြံပြုချက်များကို အခြေခံ၍လည်းကောင်း၊ (၂) ထိုအချိန်က တာဝန်ယူဆောင်ရွက်ခဲ့သော ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌဦးဆောင်သော ကော်မရှင်အဖွဲ့ဝင်များနှင့် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီသည် အကြိမ်ကြိမ်တွေ့ဆုံညှိနှိုင်းချက်များအရလည်းကောင်း၊ ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲလမ်းညွှန်စာအုပ်ကို ခေတ်ကာလနှင့်လျော်ညီစွာ လိုအပ်ချက်များကို တည်းဖြတ်ပေါင်းစပ်ဖြည့်ဆည်းပြီး ရေးသားပြုစုထုတ်ဝေခဲ့ခြင်းဖြစ်သည်။

ထို့နောက် မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီက "၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲလမ်းညွှန်" စာအုပ်ကို ခေတ်နှင့်လျော်ညီစွာ ပြင်ဆင်တည်းဖြတ်ထုတ်ဝေခဲ့ပြီးနောက် "၂၀၂၅ ခုနှစ် အထွေထွေရွေးကောက်ပွဲဆိုင်ရာလမ်းညွှန်"စာအုပ်သည် သတင်းမီဒီယာသမားများအတွက်သာမက ရွေးကောက်ပွဲကော်မရှင်အဆင့်ဆင့်နှင့် မဲဆန္ဒရှင်ပြည်သူများအတွက် များစွာသောကောင်းကျိုးသက်ရောက်မှုကို ရရှိခံစားနိုင်ကြပေလိမ့်မည်။

ဤလမ်းညွှန်စာအုပ်တွင် အခန်း(၁) မြန်မာနိုင်ငံ သတင်းမီဒီယာသမားများအတွက် အထွေထွေရွေးကောက်ပွဲဆိုင်ရာလမ်းညွှန်၊ အခန်း(၂) အထွေထွေရွေးကောက်ပွဲဆိုင်ရာ သိမှတ်ဖွယ်ရာများနှင့် အခန်း(၃) ပြည်တွင်းပြည်ပ သတင်းမီဒီယာများ ရွေးကောက်ပွဲကျင်းပသည့်နေ့တွင် သတင်းရယူခွင့် လျှောက်ထားခြင်းဟူ၍ပါရှိသည်။ ထို့ပြင် ရွေးကောက်ပွဲဝင်ကြမည့်ပါတီများ၊ ပါတီဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများ၊ ပါတီရုံးချုပ်များ၏ တည်နေရာများနှင့် ဆက်သွယ်ရန် ဖုန်းနံပါတ်များ၊ ပြည်နယ်နှင့်တိုင်းဒေသကြီးအသီးသီးရှိ ကော်မရှင်အဖွဲ့ခွဲများ၊ ထိုအဖွဲ့ခွဲများ၏ဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများ၊ ဆက်သွယ်ရန် ဖုန်းနံပါတ်များလည်းပါရှိရာ လမ်းညွှန်စာအုပ်ပီသပါပေသည်။

လမ်းညွှန်စာအုပ်ပါ အခန်း (၃) ခန်းထဲမှ ဆောင်ဖွယ်ရှောင်ဖွယ်အသွယ်သွယ်ရှိသည့်အနက် အဓိကကျသော အချက်တချို့ကို ကောက်နုတ်ဖော်ပြပေးလိုက်ပါသည်-

**❖ ဤလမ်းညွှန်စာအုပ်တွင် အခန်း(၁) မြန်မာနိုင်ငံ သတင်းမီဒီယာသမားများအတွက် အထွေထွေရွေးကောက်ပွဲဆိုင်ရာလမ်းညွှန်၊ အခန်း(၂) အထွေထွေရွေးကောက်ပွဲဆိုင်ရာ သိမှတ်ဖွယ်ရာများနှင့် အခန်း(၃) ပြည်တွင်းပြည်ပ သတင်းမီဒီယာများ ရွေးကောက်ပွဲကျင်းပသည့်နေ့တွင် သတင်းရယူခွင့်လျှောက်ထားခြင်းဟူ၍ ပါရှိသည်။ ထို့ပြင် ရွေးကောက်ပွဲဝင်ကြမည့်ပါတီများ၊ ပါတီဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများ၊ ပါတီရုံးချုပ်များ၏ တည်နေရာများနှင့် ဆက်သွယ်ရန်ဖုန်းနံပါတ်များ၊ ပြည်နယ်နှင့်တိုင်းဒေသကြီး အသီးသီးရှိ ကော်မရှင်အဖွဲ့ခွဲများ၊ ထိုအဖွဲ့ခွဲများ၏ဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများ၊ ဆက်သွယ်ရန် ဖုန်းနံပါတ်များလည်းပါရှိရာ လမ်းညွှန်စာအုပ်ပီသပါပေသည်။ ❖**

### အခန်း (၁) အထွေထွေရွေးကောက်ပွဲဆိုင်ရာ လမ်းညွှန်

**ဆောင်ဖွယ်ရာများ**

- မဲဆန္ဒရှင်များအား ဒီမိုကရေစီခေတ်တွင် မဲပေးကြရန် အဘယ်ကြောင့် အရေးကြီးကြောင်း အသိပေးကြရန်။
- မဲစာရင်းတွင် မိမိနာမည် ပါဝင်မှု ရှိ၊ မရှိ ကြိုတင်မဲပေးရန် နည်းလမ်း၊ မဲပေးရန်အချိန်၊ နေရာ၊ နည်းလမ်း များကို အသိပေးကြရန်။
- လျှို့ဝှက်မဲပေးခြင်း အရေးကြီးပုံ၊ ယှဉ်ပြိုင်ရမည့်မဲဆန္ဒနယ်နှင့် လွှတ်တော်နေရာများ၊ မိမိယုံကြည်ထောက်ခံသည့် ပါတီနှင့် ကိုယ်စားလှယ်လောင်းများကို လွတ်လပ်စွာ မဲပေးနိုင်ခွင့်ရှိကြောင်းတို့ကို အသိပေးကြရန်။
- မမှန်ကန်သောသတင်းအချက်အလက်များကို မမှန်ကန်ကြောင်း၊ ဖွင့်ချရေးသားခြင်း၊ လုပ်ကြံသတင်းများကို တုံ့ပြန်ပေးခြင်းများ ဆောင်ရွက်ကြရန်။
- ပါတီများ၊ ကိုယ်စားလှယ်လောင်းများနှင့် မဲဆန္ဒရှင်များကြား၊ ဆက်သွယ်ပေးကြရာတွင် ကြော်ငြာပေးသည့်သဘောမျိုး မဟုတ်ဘဲ၊ မျက်မှောက်ရေးရာ သတင်းရေးသည့်ပုံစံမျိုးဖြင့် လုပ်ဆောင်ရမည်။
- ပါတီတစ်ခု၊ ကိုယ်စားလှယ်လောင်း တစ်ဦးဦးကို ပိုပိုသာသာထောက်ခံခြင်းမပြုဘဲ မျှတသောပုံစံဖြင့် သတင်းအချက်အလက်ပေးပါ။
- သတင်းနှင့်မျက်မှောက်ရေးရာ အစီအစဉ်များကို တင်ဆက်ရာတွင် နိုင်ငံရေးထက် သတင်းတန်ဖိုးအပေါ် အခြေခံ၍ ရွေးချယ်ရန်။
- သတင်းများဖော်ပြကြရာတွင် ဘက်လိုက်မှုမရှိကြောင်း သေချာရန်။
- သတင်းမီဒီယာကျင့်ဝတ်ကို စောင့်ထိန်းလိုက်နာပြီး မမှန်ကန်သည့်သတင်းများ၊ လုပ်ကြံသတင်းများနှင့် အမုန်းစကားများကို မမှန်ကန်ကြောင်း ဖွင့်ချရေးသားပါ။

**ရှောင်ဖွယ်ရာများ**

- မဲဆန္ဒရှင်များကို မှားယွင်းစွာသတင်းပေးခြင်း၊ တစ်ဦးတစ်ယောက် သို့မဟုတ် ပါတီတစ်ခု သို့မဟုတ်ကိုယ်စားလှယ်လောင်းတစ်ဦးအား မိမိသတင်းဖော်ပြချက်အပေါ် လွှမ်းမိုးခွင့်ပေးခြင်း သို့မဟုတ် လမ်းလွဲစေမည့် အချက်အလက်များကို ဖြန့်ချိခြင်း။
- တစ်သီးပုဂ္ဂလကိုယ်စားလှယ်လောင်းများကို သူတို့၏ ကျား၊ မ ဖြစ်မှုနှင့် အခြားစရိုက်လက္ခဏာများအပေါ် မူတည်၍ခွဲခြားဆက်ဆံခြင်းမပြုရ။
- ရွေးကောက်ပွဲ၌ သတင်းနှင့် မျက်မှောက်ရေးရာများ အစီရင်ခံရာတွင် "ဘက်မျှအောင်ထိန်းညှိရေး၊ ဘက်မလိုက်ရေး၊ မျှတရေးနှင့် တိကျမှန်ကန်ရေး"တို့ကို ထိခိုက်စေမှုနှင့် သိက္ခာကျစေမှုတို့ကို မပြုရ။
- ပါတီကိုယ်စားလှယ်လောင်း တစ်ဦးဦးကို လိုသည်ထက်ပို၍ အကောင်းအဆိုး ဖော်ပြခြင်းမပြုလုပ်ရ။
- သတင်းယူကြမည့် သတင်းသမားများသည် နိုင်ငံရေးပါတီများကို ကိုယ်စားပြုသည့် တံဆိပ်၊ ဦးထုပ် သို့မဟုတ် အခြားပစ္စည်းများ မဝတ်ဆင်ရ။
- ခွဲခြားဆက်ဆံမှု၊ ရန်လိုမှု၊ အကြမ်းဖက်မှုဖြစ်စေရန် လှုံ့ဆော်သည့် မုန်းတီးမှုများကို အားပေး ထောက်ခံရေးသားဖော်ပြခြင်း မပြုရ။
- အသံလွှင့်ဌာနများသည် ခေါင်းကြီးပိုင်း (အယ်ဒီတာ့အာဘော်) အစီအစဉ်မပြုလုပ်ရ။
- မဲစတင်ပေးခြင်းနှင့် မဲပေးသည့်ကာလမတိုင်မီ ၂၄ နာရီအလိုတွင် သဘောထားစစ်တမ်းရလဒ်များ တင်ဆက်ခြင်းမပြုရ။
- ကောလာဟလသတင်းများကို ဖော်ပြထုတ်လွှင့်ခြင်းမပြုရ။
- ပါတီများ၊ ကိုယ်စားလှယ်လောင်းများက ပေးပို့ကြသော ထုတ်ပြန်ချက်များကို အားပေးထောက်ခံခြင်း မပြုရ။
- အန္တရာယ်ဖြစ်စေနိုင်သော ထုတ်ပြန်ချက်များကို ဖော်ပြခြင်းမပြုရ။
- ခိုင်မာသော အချက်အလက်များ မရသေးခင်၊ ရွေးကောက်ပွဲခန့်မှန်းမှု မပြုလုပ်ရ။
- ရလဒ်များ မသဲကွဲသေးဘဲ အနိုင်ရသူကို ထုတ်ဖော်ကြေညာသည့် သဘောမျိုး မပြုလုပ်ရ။

### အခန်း(၂) အထွေထွေရွေးကောက်ပွဲဆိုင်ရာ သိမှတ်ဖွယ်ရာများ

အထွေထွေရွေးကောက်ပွဲဆိုင်ရာ သိမှတ်ဖွယ်ရာများဆိုသည့်အတိုင်း ရွေးကောက်ပွဲဆိုင်ရာ အသိပညာပေးသရုပ်ပြပုံများဖြင့် သိသာမြင်သာစေရန် ရှင်းပြထားခြင်း၊ မဲဆန္ဒရှင်တစ်ဦး သိမှတ်ဖွယ်ရာကဏ္ဍတွင် မဲဆန္ဒရှင်၊ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူနှင့် မရှိသူ၊ မဲဆန္ဒရှင်တစ်ဦး၏တာဝန်နှင့် အခွင့်အရေး၊ ကြိုတင်ဆန္ဒမဲပေးနိုင်ကြသူများနှင့် လိုက်နာရမည့်အချက်များ၊ မဲဆန္ဒရှင်တစ်ဦးဆောင်ရန်နှင့် ရှောင်ရန်အချက်များ၊ မဲပေးစက်အသုံးပြု၍ မဲပေးပုံအဆင့်ဆင့် အသိပညာပေးသရုပ်ပြပုံ ရုစ်ပုံဖြင့် ရှင်းပြထားခြင်း၊ ရွေးကောက်ပွဲဆိုင်ရာပြစ်မှုများ၊ ချမှတ်နိုင်သော ပြစ်ဒဏ်များ၊ ရွေးကောက်ပွဲတင်မြှောက်ခြင်း ပျက်ပြယ်စေသည့်အချက်များ စသည်ဖြင့် မှတ်သားဖွယ်ရာ၊ ဆောင်ဖွယ်၊ ရှောင်ဖွယ် အသွယ်သွယ် ပါရှိသည်။

### အခန်း(၃) ပြည်တွင်းပြည်ပ သတင်းမီဒီယာများ၊ ရွေးကောက်ပွဲကျင်းပသည့်နေ့တွင် သတင်းရယူခွင့် လျှောက်ထားခြင်း

အခန်း(၃)ပါ အချက်များသည် ပြည်တွင်းပြည်ပ သတင်းမီဒီယာသမားတိုင်း လိုချင်ဆန္ဒအပြင်းပြဆုံး အချက်များဖြစ်ကြသည်။

ပြည်တွင်း သတင်းမီဒီယာသမားများသည် ရွေးကောက်ပွဲနေ့သတင်းရယူခွင့် အသိအမှတ်ပြုသက်သေခံကတ်ပြားများကို မိမိတို့သတင်းရယူကြမည့် မြို့နယ်၏သက်ဆိုင်ရာခရိုင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများတွင် ပြည်တွင်းမီဒီယာတစ်ခုခုမှ ရွေး ကောက်ပွဲသတင်းရယူရန်၊ တာဝန်ပေးစေလွှတ်ထားသူဖြစ်ကြောင်း၊ အထောက်အထားစာနှင့်အတူ ပတ်စ်ပို့အရွယ် ရောင်စုံဓာတ်ပုံနှစ်ပုံကို တင်ပြရမည်။ (ပုဂ္ဂလိကသတင်းသမားလည်း ထိုနည်း အတိုင်းပင်) မီဒီယာအဖွဲ့ အစည်းတစ်ခုလျှင် လေးဦးထိ သတင်းရယူခွင့်ပြုမည်။ အသိအမှတ်ပြုသက်သေခံ ကတ်ပြားများကို သက်ဆိုင်ရာ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ ရုံးခွဲများတွင် ထုတ်ယူရမည်။

ပြည်ပသတင်းမီဒီယာများအနေဖြင့် ပြန်ကြားရေးဝန်ကြီးဌာနသို့ သတ်မှတ်ထားသည့်နည်းလမ်းများနှင့်အညီ လျှောက်ထားရမည်။ အသိအမှတ်ပြုသက်သေခံကတ်ပြားများကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးတွင် ထုတ်ယူရမည်ဟု ခွဲခြားသတ်မှတ်ထားသည်။

ပြည်တွင်းပြည်ပ မီဒီယာ သမားများ၏ **"အခွင့်အရေး"**နှင့်ပတ်သက်၍-

(၁) ဆန္ဒမဲပေးပြီးသည့်အချိန်ထိ မဲရုံးအတွင်းမှအပ အခြားနေရာများတွင် ရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ လျှို့ဝှက်ဆန္ဒမဲပေးခြင်းကို မထိခိုက်စေဘဲ သတင်းရယူရန် ပစ္စည်းကိရိယာများ အသုံးပြုခွင့်၊

(၂) ဥပဒေနှင့်မညီသော ရွေးကောက်ပွဲဆိုင်ရာ လုပ်ဆောင်ချက်များကို တွေ့ရှိပါက ကြီးကြပ်ဆောင်ရွက်နေသော ကော်မရှင်အဖွဲ့ခွဲ အသီးသီးနှင့်မဲရုံမှူးထံ အသိပေးအကြောင်းကြားခွင့် ဟူ၍သတ်မှတ်ထားပါသည်။

စာမျက်နှာ ၅ သို့ á

# လမ်းလျှောက်ခြင်းဖြင့် မုန့်ချိအိတ်ကျန်းမာစေနိုင်သည်



ပန်ကရိယလို့ခေါ်တဲ့ မုန့်ချိ အိတ်က မိမိတို့စားသောက်သမျှ အစာတွေအားလုံးကို ခန္ဓာကိုယ်ရဲ့ ကလာပ်စည်းတွေအတွက် လိုအပ်တဲ့ လောင်စာအဖြစ် ပြောင်းလဲပေးတဲ့ တာဝန်ကို ထမ်းဆောင်ပါတယ်။

သူ့မှာ လုပ်ငန်းကြီးနှစ်ခုရှိပါတယ်။ အဲဒါတွေကတော့ အစာခြေရည်ထုတ်ပေးခြင်းနဲ့ သွေးတွင်းသကြားဓာတ်ကို ထိန်းညှိပေးခြင်းတို့ပါပဲ။

ပုံမှန်လမ်းလျှောက်ပေးခြင်းက သွေးတွင်းသကြားဓာတ်ပမာဏကို ကောင်းမွန်တဲ့အခြေအနေတစ်ခုမှာပဲ ရှိနေစေဖို့ ကူညီပေးပါတယ်။

လမ်းလျှောက်တဲ့သူနဲ့ ပြေးတဲ့သူနှိုင်းယှဉ်လိုက်ရင် လမ်းလျှောက်တဲ့သူက ကျန်းမာရေးနဲ့ ညီညွတ်တဲ့ သွေးတွင်းသကြားဓာတ်ပမာဏကိုပိုင်ဆိုင်ထားပါတယ်။

ဒါကြောင့် ဆီးချိုရောဂါဖြစ်ပွားမှုကိုကာကွယ်ရာမှာ လမ်းလျှောက်ခြင်းဟာ ပြေးခြင်းထက် ပိုပြီးထိရောက်မှုရှိတယ်လို့ ဆိုတာပါ။

# ပုသိမ်ခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဖူးစားပြောင်း ၅၈၂၇ ဧက စိုက်ပျိုးမည်



ယခင်နှစ်က ဖူးစားပြောင်းစိုက်ခင်းကို တွေ့ရစဉ်။

**ပုသိမ် နိုဝင်ဘာ ၁၃**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဖူးစားပြောင်း ၅၈၂၇ ဧက စိုက်ပျိုးသွားမည်ဖြစ်ကြောင်း ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပုသိမ်ခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ဖူးစားပြောင်း ၅၈၂၇ ဧကကို လျာထား စိုက်ပျိုးသွားမည်ဖြစ်ပြီး မြို့နယ်အလိုက် လျာထားမှုအနေဖြင့် ပုသိမ်မြို့နယ်တွင် ၁၁၂ ဧက၊ ကန်ကြီးထောင့်မြို့နယ်တွင် ၉၅ ဧက၊ သာပေါင်းမြို့နယ်တွင် ၁၈၅၄ ဧက ငပုတောမြို့နယ်တွင် ၃၇၆၆ ဧက စုစုပေါင်း ၅၇၆၄ ဧက စိုက် ပျိုးသွားမည် ဖြစ် ကြောင်း သိရသည်။

''ပုသိမ်ခရိုင် ဆောင်းသီးနှံ စိုက်ပျိုးရာသီမှာ ဖူးစားပြောင်း ဧက ၅၈၀၀ ကျော် လျာထား စိုက်ပျိုးမှာဖြစ်ပါတယ်။ တောင်သူတွေ အခက်အခဲမရှိ စိုက်ပျိုးနိုင်ဖို့ အတွက် လိုအပ်တဲ့နည်းပညာတွေကို လုပ်ဆောင်ပေးပါမယ်။ ဖူးစားပြောင်းတွေ ရာနှုန်းပြည့် စိုက်ပျိုးနိုင်ဖို့၊ အထွက်နှုန်း ကောင်းမွန်စေဖို့ စိုက်ပျိုးနည်းစနစ်နဲ့ အခြားလိုအပ်တဲ့ ပံ့ပိုးမှုတွေကို စိုက်ပျိုးရေးဦးစီးဌာနနဲ့ ဆက်စပ်ဌာနတွေက ပူးပေါင်းဆောင်ရွက်နေပါတယ်။ အရင်ကထက် အထွက်နှုန်းကောင်း၊ အရည်အသွေး ကောင်းစေဖို့၊ ပိုးမွှားအန္တရာယ် ကင်းရှင်းစေဖို့ စတဲ့လုပ်ငန်းတွေကို စနစ်တကျ ဆောင်ရွက်ပေးပါမယ်''ဟု ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်အေးအေးမူက ပြောပြသည်။

ပုသိမ်ခရိုင်တွင် ဖူးစားပြောင်း သီးနှံများအခက်အခဲမရှိ စိုက်ပျိုးနိုင်ရန်၊ ဖူးစားပြောင်းများ ရွက်လိပ်ပိုး၊ ရွက်ဖျက်ပိုး၊ ဖောင်မြှောင်တောင်ပိုးစသည့် ပိုးမွှားအန္တရာယ်များ မကျရောက်စေရန်၊ ဖူးစားပြောင်းများ အထွက်နှုန်းကောင်းစေရန်၊ အရည်အသွေး ကောင်းမွန်စေရန် စိုက်ပျိုးရေးဦးစီးဌာနက တောင်သူအသိပညာပေးလုပ်ငန်းများကို ကွင်းဆင်း ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

ဖူးစားပြောင်းကို အထွက်နှုန်း တိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှု ဖူလုံစေရုံမျှမက ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ မြင့်မားလာမည်ဖြစ်သောကြောင့် ဖူးစားပြောင်းကို ပိုမိုတိုးချဲ့ စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းဆောင်ရွက်သင့်ကြောင်း ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်အေးအေးမူက ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

á **စာမျက်နှာ ၄ မှအဆက်**

ပြည်တွင်း၊ ပြည်ပမီဒီယာသမားများ၏ **"တာဝန်"**နှင့် ပတ်သက်၍...

(၁) နိုင်ငံတော် အချုပ်အခြာအာဏာကို လေးစားအသိအမှတ်ပြုရန်နှင့် တည်ဆဲဥပဒေများ၊ နည်းဥပဒေများ၊ အမိန့်ကြော်ငြာစာများ၊ ညွှန်ကြားချက်များ၊ စည်းမျဉ်းစည်းကမ်းများ၊ သတင်းမီဒီယာကျင့်ဝတ်နှင့် ရွေးကောက်ပွဲဆိုင်ရာလမ်းညွှန်ချက်များကို လိုက်နာရန်။

(၂) ရွေးကောက်ပွဲနေ့၊ သတင်းရယူမည့်နေရာ ဒေသအလိုက်၊ သက်ဆိုင်ရာမြို့နယ် ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲများထံသို့ ဆက်သွယ်ဆောင်ရွက်ရန်။

(၃) သတင်းရယူနေစဉ် ကာလတစ်လျှောက် သက်သေခံကတ်ပြားကို ချိတ်ဆွဲထားရန်။

(၄) ဒေသဓလေ့ထုံးစံနှင့် ယဉ်ကျေးမှုကို လေးစားရန်။

(၅) မဲဆန္ဒရှင်များ၏ လျှို့ဝှက်ဆန္ဒမဲပေးခြင်းကို ထိခိုက်မှုမရှိစေရေးနှင့် မဲဆွယ်စည်းရုံးသည့်သဘော မဖြစ်စေရေးအတွက် မဲပေးမှုအခြေအနေကို မေးမြန်းခြင်းမပြုရ။

(၆) တာဝန်ထမ်းဆောင်နေကြသူများကို အနှောင့်အယှက်မပြုရ။

(၇) ရွေးကောက်ပွဲသတင်းများ ရေးသားထုတ်ပြန်ရာတွင် ဘက်မလိုက်ရေးနှင့် မျှတရေးတို့ကို စောင့်ထိန်းလေးစားလိုက်နာရန် ဟူ၍သတ်မှတ်ထားသည်။

အထက်ဖော်ပြပါ ကောက်နုတ်ချက်များသည်ပင်လျှင် သတင်းမီဒီယာ သမားများအတွက် လက်ကိုင်ကျင့်သုံးကြရမည့် တန်ဖိုးရှိအချက်များပါဝင်နေလေရာ လမ်းညွှန်စာအုပ်တစ်အုပ်လုံးဆိုပါမူ ပို၍ပို၍ ပြည့်စုံစွာသိရှိကြရပေမည်၊ ထို့ကြောင့် မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီနှင့်ဆက်သွယ်၍ "၂၀၂၅ ခုနှစ် အထွေထွေရွေးကောက်ပွဲ လမ်းညွှန်စာအုပ်များကိုရယူကြရန်နှင့် လိုအပ်ပါက မိတ္တူများပွားကာ အချင်းချင်းမျှဝေပေးကြစေလိုကြောင်း ဆန္ဒမွန်ပြုလိုက်ရပါသည်။

**မောင်ငြိမ်းသူ(ကြို့ပင်ကောက်)**

# သူ့ကျွန်မခံ အမျိုးသားမာန်

- သူ့ကျွန်အဖြစ် နွံနစ်နေစဉ်
တို့ရင်ခံစား စိတ်ထားမကြည်လင်
ပညာဉာဏ်စင် ထူးပင်မဖြိုး
ကိုလိုနီပညာ မလိုအပ်ပါ
ညီစွာရိုက်ချိုး ကြသည်နှင့်လေး။

- တိုင်းပြည်လူမျိုး ကောင်းကျိုးဧကန်
ကျောင်းတော်သားများ ညီထားစိတ်အကြံ
စုပေါင်းတွန်းလှန် အောင်လံဝင့်ကြွား
အမျိုးသားကျောင်းတွေ ပေါ်လာပေ
ညီစေလက်တွဲ ထားသည်နှင့်လေး။

- တို့အမျိုးသား စိတ်ထားမြင့်လာ
ပညာအစစ် ဆန်းသစ်သေချာ
ကိုယ့်အားကိုယ်သာ ကိုးပါစေကြောင်း
ပြည်လုံးညီညာ ဆောင်ရွက်ကာ
ပေါ်လာအမျိုးသား ကျောင်းရယ်နှင့်လေး။

- အောင်စည်အောင်မောင်း အောင်ကြောင်းသံဝေ
နှစ်စဉ်နှစ်တိုင်း သမိုင်းသိကြစေ
မျိုးဆက်သစ်တွေ အမွေမပျက်
ကိုယ့်အမျိုးကိုယ့်စာ မြတ်နိုးပါ
ပညာအရာ ဂုဏ်တက်သည်နှင့်လေး။

- လပြည့်ကျော်ဆယ်ရက် မပျက်စဉ်လာ
အမျိုးသားနေ့ ထူးပေ့ဂုဏ်အင်္ဂါ
တန်ဆောင်မုန်းမှာ မှတ်ပါအောင်ပွဲ
တစ်ပြည်လုံးပျော် ကောင်းကျိုးမျှော်
ကြွေးကြော်တိုက်ပွဲ နွှဲသည်နှင့်လေး။

- အမြဲရင်မှာစွဲလျက်သာ ညီညာသစ်ခဲ့သည်။
- မခွဲစဉ်လာပြည်မြန်မာ သူငါချစ်လျက်အတည်။

(အမျိုးသားအောင်ပွဲနေ့ကို ဂုဏ်ပြုစပ်ဆိုပါသည်)

**ဘိုမျိုး(ရွှေဘို)**

# ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

á Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထားဆောင်ရွက်ပါ။

á မကြာခဏထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း စသည်တို့ကို Alcohol ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

# နိုင်ငံတကာ သတင်းများ

## တောင်အာဖရိက ဂျီ-၂၀ ထိပ်သီးညီလာခံသို့ တရုတ်ဝန်ကြီးချုပ်လီချန်း တက်ရောက်မည်



ပေကျင်း နိုဝင်ဘာ ၁၃

တောင်အာဖရိကနိုင်ငံ၌ ကျင်းပမည့် ဂျီ-၂၀ ထိပ်သီးညီလာခံသို့ တရုတ်ဝန်ကြီးချုပ်လီချန်း တက်ရောက်မည် ဖြစ်ကြောင်း တရုတ် နိုင်ငံခြားရေးဝန်ကြီးဌာနက ယနေ့တွင် သတင်းထုတ်ပြန်ထားကြောင်း Xinhua သတင်းဌာနက ဖော်ပြထားသည်။

ယခင်က ဂျီ-၂၀ ထိပ်သီးညီလာခံများကို တရုတ်သမ္မတ ရှီကျင့်ဖျင် ကိုယ်တိုင်တက်ရောက်လေ့ရှိသော်လည်း ယခုနှစ် ဂျီ-၂၀ ထိပ်သီးညီလာခံသို့ တရုတ်ဝန်ကြီးချုပ်လီချန်း တက်ရောက်ရန်စီစဉ်ထားခြင်းဖြစ်သည်။

ဂျီ-၂၀ ထိပ်သီးညီလာခံကို တောင်အာဖရိကနိုင်ငံ ဂျိုဟန်နက်စဘတ်မြို့၌ နိုဝင်ဘာ ၂၂ ရက်မှ ၂၃ ရက်ထိ ကျင်းပမည်ဖြစ်သည်။

နိုဝင်ဘာ ၁၇ ရက်မှ ၁၈ ရက်ထိ ရုရှားနိုင်ငံ၌ ကျင်းပမည့် ရှန်ဟိုင်းပူးပေါင်း ဆောင်ရွက်ရေးအဖွဲ့ (အက်စ်စီအို) ထိပ်သီးညီလာခံသို့လည်း တရုတ်ဝန်ကြီးချုပ်လီချန်း တက်ရောက်မည် ဖြစ်ကြောင်း တရုတ် နိုင်ငံခြားရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

၂၀၂၄ ခုနှစ် နိုဝင်ဘာ ၁၇ ရက်တွင် ဘရာဇီးနိုင်ငံ၌ ကျင်းပခဲ့သော ဂျီ-၂၀ ထိပ်သီးညီလာခံကို တရုတ်သမ္မတ ရှီကျင့်ဖျင်ကိုယ်တိုင် တက်ရောက်ခဲ့သည်။

တရုတ်ဝန်ကြီးချုပ် လီချန်းသည် နိုဝင်ဘာ ၁၉ ရက်မှ ၂၀ ရက်ထိ အာဖရိကတိုက် ဇမ်ဘီယာနိုင်ငံသို့ သွားရောက်ရန်လည်း စီစဉ်ထားကြောင်း သိရသည်။ Ref : Xinhua

Trs : KKO

## ပီရူးနိုင်ငံ၌ ဘတ်စကားတစ်စီး ချောက်ထဲထိုးကျ လူ ၃၇ ဦး သေဆုံးပြီး ၂၆ ဦး ဒဏ်ရာရရှိ

လီမာ နိုဝင်ဘာ ၁၃

ပီရူးနိုင်ငံတောင်ပိုင်း အရီကွီပါဒေသ၌ ခရီးသည်တင် ဘတ်စကားတစ်စီး ချောက်ထဲထိုးကျခဲ့ရာ အနည်းဆုံး လူ ၃၇ ဦး သေဆုံးခဲ့ရပြီး အများအပြား ဒဏ်ရာရရှိခဲ့ကြောင်း ပီရူးတာဝန်ရှိသူများက နိုဝင်ဘာ ၁၂ ရက်တွင် ပြောကြားခဲ့ကြောင်း RT သတင်းဌာနက ဖော်ပြထားသည်။

အဆိုပါဖြစ်စဉ်အတွင်း သေဆုံးခဲ့သူများအနက် ၃၆ ဦးမှာ အခင်းဖြစ်ပွားရာတွင် သေဆုံးခဲ့ခြင်းဖြစ်ပြီး တစ်ဦးမှာ ဆေးရုံ၌သေဆုံးခဲ့ခြင်းဖြစ်သည်။

၎င်းခရီးသည်တင်ဘတ်စကားသည် ချာလာအမည်ရှိမြို့မှ အရီကွီပါဒေသသို့ဦးတည်မောင်းနှင်နေစဉ် ချောက်ထဲထိုးကျခဲ့ခြင်းဖြစ်သည်။

ယင်းခရီးသည်တင် ဘတ်စကားသည် အဝေးပြေးလမ်းပေါ်၌ မောင်းနှင်နေစဉ်ဗင်ကားတစ်စီးကို ဝင်တိုက်ခဲ့ပြီးနောက် လမ်းချော်၍ ချောက်ထဲထိုးကျခဲ့ခြင်းဖြစ်ကြောင်း ပီရူးတာဝန်ရှိသူများက ပြောကြားထားသည်။

အဆိုပါ ယာဉ်မတော်တဆမှုအတွင်း ခရီးသည် ၂၆ ဦး ဒဏ်ရာရခဲ့ပြီး သုံးဦးမှာ ဒဏ်ရာပြင်းထန်ကြောင်း ပီရူးတာဝန်ရှိသူများက ပြောကြားထားသည်။

နိုဝင်ဘာ ၁၂ ရက်တွင်ဖြစ်ပွားခဲ့သော ၎င်းယာဉ်မတော်တဆမှုသည် ပီရူးနိုင်ငံအတွက် အသေအပျောက်အများဆုံး ယာဉ်မတော်တဆမှုများတွင် ပါဝင်ကြောင်း သိရသည်။ Ref : RT

Trs : KKO

## အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့် အစိုးရလုပ်ငန်းများပိတ်ထားရမှုကို အဆုံးသတ်ပေးမည့် ဥပဒေကြမ်းတစ်ခုကို လက်မှတ်ရေးထိုး



ဝါရှင်တန် နိုဝင်ဘာ ၁၃

သမိုင်းတစ်လျှောက် ကာလအရှည်ကြာဆုံး ဖက်ဒရယ်အစိုးရလုပ်ငန်းများ ပိတ်ထားရမှုကို အဆုံးသတ်ပေးမည့် ဥပဒေကြမ်းတစ်ခုကို အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က နိုဝင်ဘာ ၁၂ ရက်တွင် လက်မှတ်ရေးထိုးခဲ့ကြောင်း Xinhua သတင်းဌာနက ဖော်ပြထားသည်။

အဆိုပါဥပဒေကြမ်းကို အမေရိကန် အောက်လွှတ်တော်က အတည်ပြုပေးခဲ့ပြီး နာရီအနည်းငယ်အကြာမှာပင် သမ္မတဒေါ်နယ်ထရမ့်က လက်မှတ်ရေးထိုးပေးခဲ့ခြင်းဖြစ်သည်။

၎င်းဥပဒေကြမ်းအရ စားနပ်ရိက္ခာအကူအညီများ ပေးအပ်မှုပြန်လည်စတင်ရန်၊ ဖက်ဒရယ်အစိုးရဝန်ထမ်း ထောင်ပေါင်းများစွာတို့၏ လစာများကို ထုတ်ပေးရန်နှင့် လေကြောင်း ထိန်းချုပ်ရေးစနစ် အပြည့်အဝ ပြန်လည် လည်ပတ်ရန် ကွန်ဂရက်လွှတ်တော်က သဘောတူထားသည်။

အဆိုပါဥပဒေကြမ်းကို သမ္မတဒေါ်နယ်ထရမ့် လက်မှတ်ရေးထိုးခဲ့ပြီးနောက် ဖက်ဒရယ်အစိုးရဝန်ထမ်း ထောင်ပေါင်းများစွာတို့အနေဖြင့် သက်ဆိုင်ရာ အလုပ်ခွင်များကို ယနေ့တွင် ပြန်လည်ဝင်ရောက်နိုင်ဖွယ်ရှိကြောင်း သိရသည်။

၎င်းဥပဒေကြမ်းကို အောက်လွှတ်တော်က ထောက်ခံမဲ ၂၂၂ မဲ၊ ကန့်ကွက်မဲ ၂၀၉ မဲတို့ဖြင့် အတည်ပြုခဲ့ခြင်းဖြစ်သည်။

ကွန်ဂရက်လွှတ်တော်၏ အသုံးစရိတ်ခွင့်ပြုချက်ရရှိရန် ကြန့်ကြာနေမှုကြောင့် ဖက်ဒရယ်အစိုးရလုပ်ငန်းယန္တရားများ ရပ်ထားရသည့်ကာလမှာ ၄၃ ရက်ထိရှိခဲ့ရာ အမေရိကန် သမိုင်းတစ်လျှောက် အချိန်အကြာဆုံး အစိုးရယန္တရားများ ရပ်တန့်မှုဖြစ်ခဲ့ရကြောင်း သိရသည်။ Ref : Xinhua

Trs : KKO

## တရုတ်နယ်စပ်အနီး တည်ဆောက်ထားသော လေတပ်စခန်းသစ်ကို အိန္ဒိယဖွင့်လှစ်



ဒေလီ နိုဝင်ဘာ ၁၃

တရုတ်နိုင်ငံနှင့် ထိစပ်နေသော ဟိမဝန္တာနယ်စပ်အနီး တည်ဆောက်ထားသည့် လေတပ်စခန်းသစ်ကို ဖွင့်လှစ်သည့်အနေဖြင့် အိန္ဒိယ လေတပ်ဦးစီးချုပ်ကိုယ်တိုင် စစ်သုံး သယ်ယူပို့ဆောင်ရေး လေယာဉ်တစ်စင်းဖြင့် ဆင်းသက်ခဲ့ကြောင်း RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

တရုတ်နှင့် အိန္ဒိယတို့အကြား ဆက်ဆံရေးတင်းမာမှုများ ပြေလျော့စပြုလာချိန်တွင် ဟိမဝန္တာနယ်စပ်အနီး တည်ဆောက်ထားသောလေတပ်စခန်းသစ်ကို အိန္ဒိယနိုင်ငံက ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။

ပိုင်ဆိုင်ခွင့်အငြင်းပွား ဟိမဝန္တာနယ်စပ်အနီး လာဒက်ဒေသ၌ တည်ဆောက်ထားသော မူဒီယိုမာအမည်ရှိ အဆိုပါလေတပ်စခန်းသည် တိုက်လေယာဉ်များ တပ်စွဲလှုပ်ရှားနိုင်သည့် လေတပ်စခန်းဖြစ်သည်။

အဆိုပါ လေတပ်စခန်းသစ်ကို ဖွင့်လှစ်ပေးသည့်အနေဖြင့် အိန္ဒိယလေတပ်ဦးစီးချုပ် အေပီဆင်း ကိုယ်တိုင် နိုဝင်ဘာ ၁၂ ရက်တွင် စီ-၁၃၀ ဂျေ အမျိုးအစား သယ်ယူပို့ဆောင်ရေး လေယာဉ်ဖြင့် ဆင်းသက်ခဲ့ကြောင်း အိန္ဒိယ ကာကွယ်ရေး ဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။

မူဒီယိုမာ လေတပ်စခန်းသည် တရုတ်နယ်စပ်အနီး ဟိမဝန္တာဒေသ၌ အိန္ဒိယနိုင်ငံက တည်ဆောက်ထားသည့် တတိယမြောက် လေတပ်စခန်းဖြစ်သည်။

ယင်း လေတပ်စခန်းသည် တရုတ်နယ်စပ်နှင့် ကီလိုမီတာ ၃၀ အကွာတွင် တည်ရှိကြောင်း အိန္ဒိယ ကာကွယ်ရေးဝန်ကြီးဌာန တာဝန်ရှိသူများက ပြောကြားထားကြောင်း သိရသည်။

Ref : RT

Trs : KKO

## တောင်ကိုရီးယား လဟာပြင်ဈေးတစ်ခု၌ လမ်းသွားလမ်းလာများကို ကုန်တင်ယာဉ်ဝင်တိုက်

ဆိုးလ် နိုဝင်ဘာ ၁၃

တောင်ကိုရီးယားနိုင်ငံ ဘူချောင်မြို့ လဟာပြင်ဈေးတစ်ခု၌ ယနေ့တွင် ကုန်တင်ကားတစ်စီးက လမ်းသွားလမ်းလာများကို ဝင်တိုက်ခဲ့ရာ လူနှစ်ဦးသေဆုံး၍ ၁၈ ဦး ဒဏ်ရာရရှိခဲ့ကြောင်း Xinhua သတင်းဌာနက ဖော်ပြထားသည်။

အဆိုပါ ယာဉ်တိုက်မှုအတွင်း ဒဏ်ရာရရှိခဲ့သူ ၁၈ ဦးအနက် ကိုးဦးမှာ ဒဏ်ရာများပြင်းထန်ကြောင်း ဘူချောင်မြို့ ရဲတပ်ဖွဲ့က သတင်းထုတ်ပြန်ထားသည်။

လက်ရှိတွင် ရဲတပ်ဖွဲ့က ကုန်တင်ယာဉ်မောင်းကို စစ်ဆေးမေးမြန်းမှုများပြုလုပ်နေကြောင်း တောင်ကိုရီးယားမီဒီယာများက သတင်းထုတ်ပြန်ထားသည်။

အသက် ၆၀ အရွယ် ကုန်တင်ကားယာဉ်မောင်းမှာ အခင်းဖြစ်ပွားချိန်တွင် အရက်သေစာသို့မဟုတ် မူးယစ်ဆေးဝါး သုံးစွဲထားခြင်းမရှိကြောင်း ရဲတပ်ဖွဲ့က ပြောကြားထားသည်။

ယင်းကုန်တင်ယာဉ်သည် ၂၈ မီတာထိ နောက်ဆုတ်ပြီးမှ မီတာ ၁၅၀ အကွာရှိ လမ်းသွားလမ်းလာများကို ဝင်တိုက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်၏ နောက်ခံအကြောင်းရင်းကို စုံစမ်းစစ်ဆေးရေးအတွက် လုံခြုံရေးကင်မရာမှတ်တမ်းများကို ကြည့်ရှုစစ်ဆေးနေကြောင်း သိရသည်။ Ref : Xinhua

Trs : KKO

# SCIENCE AND TECHNOLOGY

## နေ၏သံလိုက်စက်ကွင်းနယ်မြေကို ပထမဆုံးအကြိမ်အဖြစ် Solar Orbiter အာကာသယာဉ်က ဓာတ်ပုံရိုက်ကူးနိုင်ခဲ့



**ပဲရစ် နိုဝင်ဘာ ၁၃**

ဥရောပအာကာသအေဂျင်စီ၏ Solar Orbiter အာကာသယာဉ်သည် နေ၏သံလိုက်စက်ကွင်းနယ်မြေကို ပထမဆုံးအကြိမ်အဖြစ် ဓာတ်ပုံ ရိုက်ကူးနိုင်ခဲ့ကြောင်း နိုဝင်ဘာ ၁၂ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

Solar Orbiter အာကာသယာဉ်သည် နေ၏တောင်ဝင်ရိုးစွန်းနယ်မြေအနီးရှိ သံလိုက်စက်ကွင်းနယ်မြေကို ဓာတ်ပုံရိုက်ကူးခဲ့ခြင်းဖြစ်ကြောင်းဥရောပအာကာသအေဂျင်စီက သတင်းထုတ်ပြန်ထားသည်။

Solar Orbiter အာကာသယာဉ်သည် နေ၏တောင်ဝင်ရိုးစွန်းဒေသကို ပထမဆုံးအကြိမ် အနီးကပ်ဖြတ်ကျော်ပျံသန်းခဲ့စဉ် အထက်ပါ သံလိုက်စက်ကွင်းနယ်မြေကို ဓာတ်ပုံရိုက်ကူးနိုင်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

Solar Orbiter အာကာသယာဉ် ရိုက်ကူးခဲ့သည့် ဓာတ်ပုံအထောက်အထားများအရနေ၏သံလိုက်စက်ကွင်း တောင်ဝင်ရိုးစွန်းနှင့်မြောက်ဝင်ရိုးစွန်းတို့အကြား ရွေ့ပြောင်းမှုအမြန်နှုန်းမှာ ယခင်တွေးထင်ထားသည်ထက် ပို၍မြန်ဆန်သည်ကို တွေ့ရကြောင်း ဥရောပအာကာသအေဂျင်စီ သိပ္ပံပညာရှင်များက ပြောကြားသည်။

သိပ္ပံပညာရှင်များ၏တွက်ချက်မှုအရ နေ၏သံလိုက်စက်ကွင်းနယ်မြေသည် တောင်ဝင်ရိုးစွန်းနှင့်မြောက်ဝင်ရိုးစွန်းတို့အကြား တစ်နာရီလျှင် မိုင် ၂၀ မှ ၄၅ မိုင်ထိရှိသည့်အမြန်နှုန်းဖြင့် ကူးပြောင်းရွေ့လျားနေကြောင်း သိရသည်။

Solar Orbiter အာကာသယာဉ်သည် ယခုနှစ် မတ်လအတွင်း ၎င်း၏နေပတ်လမ်းကို ၁၇ ဒီဂရီထိ တိမ်းစောင်းပျံသန်းခဲ့ရာ နေ၏တောင်ဝင်ရိုးစွန်းကို အနီးကပ်ဆုံးအနေအထားဖြင့် လေ့လာနိုင်ခဲ့ကြောင်း သိရသည်။

Ref : Xinhua News
Trs : KKO

## ဂါဂန်ယန်းအာကာသလူသယ်ယာဉ်အတွက် လေထီးစနစ်ကို အိန္ဒိယအာကာသအေဂျင်စီ အောင်မြင်စွာစမ်းသပ်နိုင်ခဲ့

**နယူးဒေလီ နိုဝင်ဘာ ၁၃**

အိန္ဒိယ အာကာသအေဂျင်စီသည် ဂါဂန်ယန်းအမည်ရှိ အာကာသ လူသယ်ယာဉ်အတွက် လေထီးစနစ်ကို အောင်မြင်စွာစမ်းသပ်နိုင်ခဲ့ကြောင်း နိုဝင်ဘာ ၁၂ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

ဂါဂန်ယန်းအာကာသလူသယ်ယာဉ်အတွက် လေထီးစနစ်ကို ဥတ္တာပရာဒေ့ရှ်ပြည်နယ် ဘာဘီနာဒေသ၌ ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

အိန္ဒိယအမျိုးသားအာကာသအေဂျင်စီသည် အလေးချိန် ၆ ဒသမ ၅ မက်ထရစ်တန်ရှိသည့် ပုံစံတူ အာကာသယာဉ်တစ်စင်းကို သုံး၍ ဂါဂန်ယန်းလေထီးစနစ်ကို စမ်းသပ်ခဲ့ခြင်းဖြစ်သည်။

ထိုသို့စမ်းသပ်ရာတွင် ဂါဂန်ယန်း ပုံစံတူ အာကာသယာဉ်ကို လေယာဉ်ဖြင့်တင်ဆောင်၍ အမြင့် ၁ ဒသမ ၆ မိုင်အကွာမှ လွှတ်ချခဲ့ရာ ဂါဂန်ယန်းလေထီးစနစ်မှာ အောင်မြင်စွာ အသက်ဝင်ခဲ့ကြောင်း အိန္ဒိယအာကာသအေဂျင်စီက သတင်းထုတ်ပြန်ထားသည်။



လက်ရှိတွင် အိန္ဒိယအာကာသအေဂျင်စီသည်အာကာသယာဉ်မှူးများ လိုက်ပါခြင်းမရှိသေးသည့် ဂါဂန်ယန်းမစ်ရှင်ကို စမ်းသပ်လွှတ်တင်နိုင်ရေးအတွက် စီစဉ်လျက်ရှိကြောင်း၊ အထက်ပါစမ်းသပ်မစ်ရှင် အောင်မြင်ခဲ့ပါက အာကာသယာဉ်မှူးသုံးဦးလိုက်ပါမည့် ဂါဂန်ယန်းမစ်ရှင်ကို ၂၀၂၇ ခုနှစ်တွင် ဆက်လက်လွှတ်တင်ရန် အိန္ဒိယအာကာသအေဂျင်စီက ရည်ရွယ်ထားကြောင်း သိရသည်။

Ref : Sputnik News
Trs : KKO

## ရှန်ကျိုး-၂၀ အာကာသယာဉ်မှူးများ အပြန်ခရီးအတွက် ဆက်လက်ဆောင်ရွက်နေကြောင်း တရုတ်အာကာသအေဂျင်စီက ထုတ်ပြန်

**ပေကျင်း နိုဝင်ဘာ ၁၃**

ရှန်ကျိုး-၂၀ အာကာသယာဉ်မှူးသုံးဦးတို့၏ ကမ္ဘာမြေအပြန်ခရီးစဉ်အတွက် စီစဉ်ထားသည့်အတိုင်း ဆက်လက်ဆောင်ရွက်နေကြောင်း တရုတ်အမျိုးသားအာကာသအေဂျင်စီက ထုတ်ပြန်ထားသည်ဟု နိုဝင်ဘာ ၁၂ ရက်တွင် ရေးသားဖော်ပြထားသည်။

တီယန်ကောင်းအာကာသစခန်း၌ တာဝန်ထမ်းဆောင်ခဲ့ကြသော ရှန်ကျိုး-၂၀ အာကာသယာဉ်မှူးသုံးဦးသည် မူလက နိုဝင်ဘာ ၅ ရက်တွင် ကမ္ဘာမြေအပြန်ခရီးစဉ် စတင်ရန်စီစဉ်ထားကြောင်း သိရသည်။

သို့ရာတွင် ၎င်းတို့ပြန်လည်လိုက်ပါလာမည့် ရှန်ကျိုး-၂၀ အာကာသ လူသယ်ယာဉ်ကို အာကာသအမှိုက် ထိမှန်ခဲ့ဖွယ်ရှိခြင်းကြောင့် ကမ္ဘာမြေအပြန်ခရီးစဉ်ကို ဆိုင်းငံ့ထားခဲ့ရကြောင်း သိရသည်။

လက်ရှိတွင် ရှန်ကျိုး-၂၀ အာကာသယာဉ်မှူး သုံးဦးတို့၏ ကမ္ဘာမြေ အပြန်ခရီးစဉ်အတွက် စီစဉ်ထားသည့်အတိုင်း ပြင်ဆင်မှုများ ပြုလုပ်နေကြောင်း တရုတ်အမျိုးသား အာကာသ အေဂျင်စီ၏ သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားကြောင်း သိရသည်။

တစ်ချိန်တည်းမှာပင် ကျွမ်းကျင်သူများက ရှန်ကျိုး-၂၀ အာကာသ လူသယ်ယာဉ်၏ဘေးကင်းလုံခြုံမှု အခြေအနေများကို စမ်းသပ်စစ်ဆေးနေကြောင်း သိရသည်။

ရှန်ကျိုး-၂- အာကာသယာဉ်မှူး သုံးဦးသည် တရုတ်နိုင်ငံအတွင်း မွန်ဂိုလီးယားဒေသ တုန်ဖန်းနယ်မြေ၌ ပြန်လည်ဆင်းသက်မည်ဖြစ်ကြောင်း သိရသည်။

Ref : Xinhua News
Trs : KKO

# HEALTH

## တီဘီရောဂါကာကွယ်ဆေးသစ်တစ်မျိုးကို အမေရိကန်သုတေသနပညာရှင်များ စမ်းသပ်နေ

**နယူးယောက် နိုဝင်ဘာ ၁၃**

ကမ္ဘာ့ ကြောက်မက်ဖွယ် အကောင်းဆုံးရောဂါတစ်မျိုးဖြစ်သည့် တီဘီရောဂါကို တိုက်ဖျက်ရေးအတွက် ကာကွယ်ဆေးသစ်တစ်မျိုးကို စမ်းသပ်နေကြောင်း နိုဝင်ဘာ ၁၂ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

လက်ရှိ အသုံးပြုနေသော တီဘီရောဂါ ကာကွယ်ဆေးဖြစ်သည့် BCG ကာကွယ်ဆေးမှာ ကလေးများကို တီဘီရောဂါမှ ကာကွယ်ရာတွင် ထိရောက်မှုရှိသော်လည်း အရွယ်ရောက်သူများ၊ အထူးသဖြင့် တီဘီဖြစ်ပွားနှုန်းကြီးမားသည့်ဒေသများမှ အရွယ်ရောက်သူများကို အပြည့်အဝ ကာကွယ်ပေးနိုင်စွမ်းမရှိပေ။

သို့ရာတွင် အမေရိကန်နိုင်ငံ မက်ဆာချူးဆက်နည်းပညာအင်စတီကျုမှ သုတေသနပညာရှင်များသည် မျိုးဆက်သစ်တီဘီရောဂါကာကွယ်ဆေးတစ်မျိုးကို စမ်းသပ်နေကြောင်း သိရသည်။

အမေရိကန်သုတေသနပညာရှင်များသည် အဆိုပါမျိုးဆက်သစ်တီဘီကာကွယ်ဆေးကို တီဘီရောဂါဖြစ်ပွားစေတတ်သည့် Mycobacterium tuberculosis ခေါ် ဗက်တီးရီးယားတစ်မျိုးက ထုတ်ပေးသည့် ပရိုတိန်းများဖြင့် ဖန်တီးထားခြင်းဖြစ်သည်။

MHC-11 ပရိုတိန်းဖြင့် ဖန်တီးထားသောအဆိုပါကာကွယ်ဆေးသစ်သည် တီဘီရောဂါဗက်တီးရီးယားများကို တီဆဲလ်ခေါ် ခုခံအားစနစ်ဆဲလ်များက ရှာဖွေဖျက်ဆီးနိုင်ရေးအတွက်အထောက်အကူပြုနိုင်ဖွယ်ရှိကြောင်း သုတေသနပညာရှင်များက သုံးသပ်ထားသည်။

Ref : Sputnik News
Trs : KKO

## အသက် ၃၀ နှင့် ၄၀ အရွယ်များ၌ သွေးဖိအားမြင့်တက်နေပါက နှလုံးရုတ်တရက် ဖောက်နိုင်ခြေနှင့် လေဖြတ်နိုင်ခြေမြင့်တက်လာနိုင်

**လန်ဒန် နိုဝင်ဘာ ၁၃**

အသက် ၃၀ ပိုင်းနှင့် ၄၀ ပိုင်း အရွယ်များ၌ သွေးဖိအား မြင့်တက်နေသူများသည် အသက်ရလာချိန်တွင် နှလုံးရုတ်တရက် ဖောက်နိုင်ခြေနှင့် လေဖြတ်နိုင်ခြေများ မြင့်တက်လာနိုင်ကြောင်း သုတေသန ပညာရှင်များ၏ အဆိုကိုကိုးကား၍ နိုဝင်ဘာ ၁၂ ရက် သတင်းများတွင် ရေးသား ဖော်ပြထားသည်။

တစ်ကမ္ဘာလုံး အတိုင်းအတာအရ လူပေါင်း ၁ ဒသမ ၃ ဘီလီယံတို့မှာ သွေးဖိအားမြင့်တက်နေသူများဖြစ်ကြကြောင်း သိရသည်။

ဗြိတိန်နိုင်ငံ လန်ဒန်ကောလိပ်တက္ကသိုလ်မှ သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ အသက် ၃၀ နှင့် ၄၀ အရွယ်များ၌ သွေးဖိအား မြင့်တက်နေသူများသည် အသက်ရလာချိန်တွင် နှလုံးဆီသို့ သွေးဝင်ရောက်မှု ကျဆင်းလာတတ်ကြောင်း သိရသည်။

ထိုသို့ နှလုံးဆီသို့သွေးဝင်ရောက်မှု ကျဆင်းလာခြင်း၏အကျိုးဆက်အဖြစ် နှလုံးရုတ်တရက်ဖောက်မှုနှင့် လေဖြတ်မှုကဲ့သို့နှလုံးသွေးကြောရောဂါများ ဖြစ်နိုင်ခြေမြင့်တက်လာနိုင်ကြောင်း ဗြိတိန်သုတေသနပညာရှင်များက သတိပေးထားသည်။

ဗြိတိန်သုတေသပညာရှင်များသည် လူပေါင်း ၅၀၅ ဦးတို့ကို အချိန်ယူလေ့လာခဲ့ပြီးနောက် ၎င်းတို့၏ တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်းဖြစ်သည်။

Ref : Russia Today
Trs : KKO



## နိုင်ငံတကာ အားကစားသတင်းများ

## အေတီကိုအသင်းက ကွင်းလယ်ကစားသမား ဂူလီယာနိုဆီမွန်နီကို ၂၀၃၀ ပြည့်နှစ်ထိ သက်တမ်းတိုးစာချုပ် ချုပ်ဆို

မက်ဒရစ် နိုဝင်ဘာ ၁၃

အေတီကိုအသင်းမှ ကွင်းလယ်ကစားသမား ဂူလီယာနိုဆီမွန်နီကို ၂၀၃၀ ပြည့်နှစ်ထိ သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့သည်ဟု Yohoo Sports သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့ကြောင်း သိရသည်။

အသက် ၂၀ ရှိ ဂူလီယာနိုဆီမွန်နီသည် အေတီကိုအသင်း နည်းပြ ဒီယေဂိုဆီမွန်နီ၏ သားဖြစ်သူဖြစ်ပြီး ကစားသမားဘဝကိုလည်း ၂၀၂၂ ခုနှစ်က အေတီကိုအသင်းနှင့်ပင် စတင်ခဲ့သူဖြစ်သည်။

ဂူလီယာနိုဆီမွန်နီသည် ပြီးခဲ့သည့် ၂၀၂၃ ခုနှစ်က ဒီပို့တီဗို အသင်းထံ အငှားစာချုပ်ဖြင့် ပြောင်းရွှေ့ကစားခဲ့ပြီးနောက် ၂၀၂၄ ခုနှစ်တွင် အသင်းနှင့် ပြန်လည်ပူးပေါင်းခဲ့ပြီး အသင်းတွင် အရေးပါသည့် ကစားသမားအဖြစ် ရပ်တည်နေသူဖြစ်သည်။

ဂူလီယာနိုဆီမွန်နီသည် အေတီကိုအသင်းနှင့် ယခုနှစ် ဘောလုံးရာသီ အကုန်တွင် စာချုပ်သက်တမ်း ကုန်ဆုံးမည် ဖြစ်သည့်အတွက် အသင်းနှင့် သက်တမ်းတိုးစာချုပ် ချုပ်ဆိုရန် ဆွေးနွေးမှုများ လုပ်ဆောင်ခဲ့ရာမှ ၂၀၃၀ ပြည့်နှစ်ထိ ကာလရှည် သက်တမ်းတိုး စာချုပ် ချုပ်ဆိုရန်အတွက် သဘောတူညီမှုရရှိခဲ့ခြင်းဖြစ်သည်။

ဂူလီယာနိုဆီမွန်နီသည် ယခုနှစ် ဘောလုံးရာသီတွင် ပြိုင်ပွဲစုံ ၁၉ ပွဲ ကစားပြီးချိန်တွင် သုံးဂိုးသွင်းယူထားပြီး ဂိုးဖန်တီးမှု ခြောက်ကြိမ် ပြုလုပ်နိုင်သည်ထိ ခြေစွမ်းပြသ လျက်ရှိနေကြောင်း သိရသည်။

Ref : Yohoo Sports

Trs : STA



## အားကစားသတင်းအတိုအထွာများ

- ဘိုင်ယန်မြူးနစ်အသင်းမှ ထွက်ခွာမည့် ဂနာဘရီကို ဂျူဗင်တပ်အသင်းနှင့်အပြိုင် လီဗာပူးအသင်းကလည်း ခေါ်ယူရန်စိတ်ဝင်စားနေကြောင်း သိရသည်။
- ချဲလ်ဆီးအသင်းက ရိုဒရီဂိုကို ခေါ်ယူရန် ကြိုးပမ်းနေသဖြင့် မန်စီးတီးအသင်းက ပြောင်းရွှေ့ကြေး စတာလင်ပေါင် သန်း၇၀ ထိပေးချေ၍ လက်ဦးမှုရယူရန် ကြိုးပမ်းနေကြောင်း သိရသည်။
- ယူအီးအက်ဖ်အေက အင်္ဂလန်တွင်ကျင်းပမည့် ၂၀၂၈ ယူရို ပြိုင်ပွဲ၏ အဖွင့်ပွဲစဉ်ကို ကာဒစ်ကွင်း၊ ဆီမီးဖိုင်နယ်ပွဲစဉ်နှင့် ဗိုလ်လုပွဲစဉ်ကို ဝင်ဘာလေကွင်းတို့တွင် ကျင်းပသွားမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာခဲ့သည်။

ML

## အဲဗာတန်အသင်းနှင့် အာဆင်နယ်အသင်းတို့ကစားမည့် ပရီးမီးယားလိဂ်ပွဲစဉ်ကို ရွှေ့ဆိုင်းကြောင်းကြေညာ

လန်ဒန် နိုဝင်ဘာ ၁၃

အဲဗာတန်အသင်းနှင့် အာဆင်နယ်အသင်းတို့ ကစားမည့် ပရီးမီးယားလိဂ်ပြိုင်ပွဲ ပွဲစဉ်(၁၇)ကို ရွှေ့ဆိုင်းခဲ့ကြောင်း ပရီးမီးယားလိဂ်အဖွဲ့ချုပ်က အတည်ပြုကြေညာခဲ့သည်ဟု Sky Sports သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့ကြောင်း သိရသည်။



အာဆင်နယ် အသင်းသည် ပရီးမီးယားလိဂ်ပြိုင်ပွဲ ပွဲစဉ်(၁၇)အဖြစ် လာမည့် ဒီဇင်ဘာ ၂၁ရက်တွင် အဲဗာတန်အသင်း အိမ်ကွင်းတွင် သွားရောက်ကစားရမည်ဖြစ်ပြီး အဆိုပါပွဲစဉ်ကို တစ်ရက်စောပြီး ဒီဇင်ဘာ ၂၀ ရက်တွင် ကစားရန်အတွက် တောင်းဆိုခဲ့ခြင်းဖြစ်သည်။

အာဆင်နယ် အသင်းသည် အဲဗာတန်အသင်းနှင့် ကစားပြီး နှစ်ရက်အကြာ ဒီဇင်ဘာ ၂၃ ရက်တွင် ကွာရာဘောင်းဖလားပွဲစဉ်အဖြစ် ခရစ္စတယ်ပဲလေ့စ်အသင်းနှင့် ကစားရမည်ဖြစ်သည့်အတွက် အချိန်တစ်ရက်ခြားပြီး ရရှိစေရန်အတွက် အဲဗာတန်အသင်းနှင့် ပွဲစဉ်ကို ရွှေ့ဆိုင်းပြီး ဒီဇင်ဘာ ၂၀ ရက်တွင် ကျင်းပခွင့်ပေးရန်အတွက် တောင်းဆိုခဲ့ခြင်းဖြစ်သည်။

အစောပိုင်းက အာဆင်နယ်အသင်းနှင့် ခရစ္စတယ်ပဲလေ့စ်အသင်းတို့ကစားမည့် ကွာရာဘောင်းဖလားပွဲစဉ်အဖြစ် ဒီဇင်ဘာ ၁၆ ရက်တွင် ကစားရမည်ဖြစ်သော်လည်း ခရစ္စတယ်ပဲလေ့စ်အသင်းသည် ကွာရာဘောင်းဖလားပွဲစဉ်အပါအဝင် ငါးရက်အတွင်း သုံးပွဲကစားရမည့် အခြေအနေကြောင့် အာဆင်နယ်အသင်းနှင့် ကွာရာဘောင်းဖလား ပွဲစဉ်ကို ရွှေ့ဆိုင်းပေးရန် တောင်းဆိုခဲ့ရာမှ ပြိုင်ပွဲ ကျင်းပရေးကော်မတီက ဒီဇင်ဘာ ၁၆ ရက်မှ ၂၃ ရက်သို့ သတ်မှတ်ပေးခဲ့ခြင်းဖြစ်သည်။

ယခုအခါ အာဆင်နယ်အသင်းကလည်း အဲဗာတန်အသင်းနှင့် ကစားပြီးလျှင် နှစ်ရက်ခြားပြီး ခရစ္စတယ်ပဲလေ့စ် အသင်းနှင့် ကွာရာဘောင်းဖလားပွဲစဉ် ကစားရမည်ဖြစ်သည့်အတွက် အဲဗာတန်အသင်းနှင့်ပွဲစဉ်ကို တစ်ရက်စောကျင်းပခွင့်ပေးရန် တောင်းဆိုခဲ့ခြင်းဖြစ်သည်။

ပရီးမီးယားလိဂ် အဖွဲ့ချုပ်ကလည်း အဲဗာတန်အသင်းနှင့် ဆွေးနွေးမှုများ လုပ်ဆောင်ခဲ့ပြီးနောက် အဲဗာတန်အသင်းက သဘောတူခဲ့သောကြောင့် အာဆင်နယ်အသင်း တောင်းဆိုထားသည့် ဒီဇင်ဘာ ၂၀ ရက်သို့ ရွှေ့ဆိုင်းပေးခဲ့ကြောင်း သိရသည်။

Ref : Sky Sports

Trs : STA

## အင်္ဂလန်အသင်းတွင် ဘယ်လင်ဟမ် ပုံမှန်ပွဲထွက်ခွင့်ရရှိရန် ရုန်းကန်ရမည်ဟု နည်းပြတူချယ် ပြောကြား

လန်ဒန် နိုဝင်ဘာ ၁၃

ကွင်းလယ် ကစားသမား ဘယ်လင်ဟမ်သည် အောက်တိုဘာလအတွင်းကစားရမည့် ကမ္ဘာ့ဖလားခြေစစ်ပွဲစဉ်များတွင် အင်္ဂလန်အသင်းလူစာရင်းတွင် ပါဝင်လာသော်လည်း ၎င်းအနေဖြင့် ကလပ်အသင်းတွင် ပုံစံကောင်းပျောက်ဆုံးနေသောကြောင့် ဦးစားပေးပွဲထွက်ခွင့်အတွက် မော်ဂန်ရော်ဂျာနှင့် ယှဉ်ပြိုင်ရမည်ဟု နည်းပြတူချယ်က ထုတ်ဖော်ပြောကြားခဲ့ကြောင်း Fotmob သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြထားသည်။

အသက် ၂၂ နှစ်ရှိ ကွင်းလယ် ကစားသမားသည် ပြီးခဲ့သည့် လအတွင်းက ပခုံးခွဲစိတ်ကုသမှုမှ သက်သာလာခဲ့ပြီးနောက် ဝေးလ်အသင်း၊ လတ်ဗီးယားအသင်းတို့နှင့် ကစားရမည့် ကမ္ဘာ့ဖလားခြေစစ်ပွဲ ပွဲစဉ်တွင် ရွေးချယ်ခံရသော်လည်း နည်းပြတူချယ်က ကြံ့ခိုင်မှု အားနည်းနေသည့် ၎င်းနေရာတွင် မော်ဂန်ရော်ဂျာနှင့် အစားထိုးခဲ့ရာ ရော်ဂျာက သွင်းဂိုးနှင့် ဖန်တီးမှုများ ပြုလုပ်နိုင်ခဲ့သောကြောင့် နည်းပြတူချယ်၏ယုံကြည်မှုကို ရရှိခဲ့ခြင်းဖြစ်သည်။

နည်းပြတူချယ်က "ရော်ဂျာနဲ့ ဘယ်လင်ဟမ်တို့က ကွင်းလယ်တိုက်စစ်ပိုင်းမှာ အကောင်းဆုံး ကစားသမားတွေပါ။ ကျွန်တော့်အနေနဲ့ ကစားသမားတွေကို ကစားကွက်ပိုင်းမှာ သူ့နေရာနဲ့သူ ထူးချွန်သူကိုသာ ဦးစားပေးရွေးပါတယ်" ဟု အင်္ဂလန်မီဒီယာများနှင့် တွေ့ဆုံပွဲတွင် ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Fotmob

Trs : ML

## မစ်ဒယ်ဘရော့နည်းပြ အက်ဝက်ကို နည်းပြသစ်ခန့်အပ်ကြောင်း ဝုဗ်အသင်းထုတ်ပြန်

လန်ဒန် နိုဝင်ဘာ ၁၃

ဝုဗ်အသင်းသည် မစ်ဒယ်ဘရော့အသင်းနှင့် လမ်းခွဲထားသည့် နည်းပြအက်ဝက်ကို နည်းပြသစ်အဖြစ်ခန့်အပ်ခဲ့ကြောင်း ထုတ်ပြန်ကြေညာခဲ့သည်ဟု Fotmob သတင်းဝက်ဘ်ဆိုက်က နိုဝင်ဘာ ၁၂ ရက်တွင် ဖော်ပြခဲ့သည်။



ဝုဗ်အသင်းသည် ယခုနှစ်ဘောလုံးရာသီ စတင်ချိန်ကတည်းက ရလဒ်ပိုင်းဆိုးရွားခဲ့သဖြင့် နည်းပြပါရဲရားကိုထုတ်ပယ်၍ နည်းပြမော်ရင်ဟို၊ နည်းပြ ဂယ်ရီအိုနေးတို့ကို ခန့်အပ်ရန်ကြိုးပမ်းခဲ့ရာ အောင်မြင်မှုမရခဲ့သောကြောင့် မစ်ဒယ်ဘရော့အသင်းနှင့် လမ်းခွဲထားသည့် အက်ဝက်ကိုသာ နည်းပြသစ်အဖြစ် ခန့်အပ်ခဲ့သည်။

အက်ဝက်သည် ပြီးခဲ့သည့် လေးနှစ်ခန့်က ဝုဗ်အသင်းတွင် ကစားသမားအဖြစ် ကစားခဲ့သူဖြစ်ပြီး ကစားသမားဘဝမှ အနားမယူခင်ထိ ပြိုင်ပွဲစုံ ပွဲ ၁၀၀ ခန့် ပါဝင်ကစားခဲ့ကာ နည်းပြဘဝကို ဝုဗ် အသင်း ယူ- ၁၈ အသင်းနှင့် စတင်ခဲ့သူဖြစ်သည်။

အက်ဝက်သည် ၂၀၁၆ ခုနှစ်က လူငယ်အသင်းကို တာဝန်ယူစဉ်က အသင်းကို ယာယီနည်းပြအဖြစ် တာဝန်ယူခဲ့ပြီးနောက် တဲလ်ဖို့ အသင်း၊ ဖော်ရက်ဂရင်းအသင်း၊ ဝက်ဖို့ဒ်အသင်း၊ လူတန်အသင်း၊ မစ်ဒယ်ဘရော့အသင်းတို့ကို တာဝန်ယူခဲ့ရာတွင် ဖော်ရက်ဂရင်းအသင်း၊ လူတန်အသင်းတို့တွင် နည်းပြဘဝ အောင်မြင်မှုရခဲ့ကြောင်း သိရသည်။

လက်ရှိတွင် နည်းပြသစ်အက်ဝက် အနေဖြင့် ဝုဗ်အသင်းကို တန်းဆင်းဇုန်မှ လွတ်မြောက်အောင် စွမ်းဆောင်ပေးရမည် ဖြစ်ကြောင်း သိရသည်။

Ref : Fotmob

Trs : ML

# အာရှဖလားပြိုင်ပွဲခြေစစ်ပွဲအတွက် ကြိုတင်ပြင်ဆင်နေသည့် မြန်မာ့လက်ရွေးစင် ယူ- ၁၆ အသင်း တရုတ်နိုင်ငံတွင် စခန်းသွင်းလေ့ကျင့်မှုများလုပ်ဆောင်နေ



**ရန်ကုန် နိုဝင်ဘာ ၁၃**

အာရှဖလားပြိုင်ပွဲ ခြေစစ်ပွဲအတွက် ကြိုတင်ပြင်ဆင်သည့်အနေဖြင့် မြန်မာ့လက်ရွေးစင် ယူ- ၁၆ အသင်းသည် တရုတ်နိုင်ငံတွင် စခန်းသွင်း လေ့ကျင့်မှုများ လုပ်ဆောင်လျက် ရှိနေကြောင်း သိရသည်။

မြန်မာ့လက်ရွေးစင် ယူ-၁၆ အသင်းသည် အာရှ ယူ-၁၇ ဖလား ပြိုင်ပွဲ ခြေစစ်ပွဲအတွက် ကြိုတင်ပြင်ဆင်သည့်အနေဖြင့် တရုတ်နိုင်ငံတွင် နိုဝင်ဘာ ၁၂ ရက်မှ စတင်ပြီး စခန်းသွင်းလေ့ကျင့်မှုများ လုပ်ဆောင်နေခြင်းဖြစ်သည်။

မြန်မာ့လက်ရွေးစင် ယူ- ၁၆ အသင်းသည် တရုတ်နိုင်ငံလေ့ကျင့်ရေးခရီးစဉ်အတွင်း ခြေစမ်းပွဲစဉ်များကစားနေပြီး နိုဝင်ဘာ ၁၂ ရက်က တရုတ်လက်ရွေးစင် ယူ-၁၆ အသင်းနှင့် ခြေစမ်းပွဲကစားခဲ့ရာ လေးဂိုး ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည်။

မြန်မာ့လက်ရွေးစင် ယူ- ၁၆ အသင်းပါဝင်မည့် အာရှ ယူ-၁၇ ဖလားပြိုင်ပွဲခြေစစ်ပွဲ အုပ်စု(G)ကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံ ကျင်းပသွားမည်ဖြစ်ပြီး အုပ်စုပွဲစဉ်များကို ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်းတွင် နိုဝင်ဘာ ၂၂ ရက်မှ ၃၀ ရက်ထိ ကျင်းပသွားမည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင် ယူ- ၁၆ အသင်းသည် အာရှ ယူ-၁၇ ဖလား ပြိုင်ပွဲခြေစစ်ပွဲ အုပ်စု(G)တွင် အိုမန်အသင်း၊ အာဖဂန်နစ္စတန်အသင်း၊ ဆီးရီးယားအသင်း၊ နီပေါအသင်းတို့နှင့် တစ်အုပ်စုတည်း ကျရောက်လျက်ရှိနေကြောင်း သိရသည်။ **STA**

# ခြေထောက်ကြွက်သားဒဏ်ရာကြောင့် စပိန်အသင်းကစားသမားစာရင်းမှ နီကိုဝီလီယံ နုတ်ထွက်

**မက်ဒရစ် နိုဝင်ဘာ ၁၃**

စပိန်အသင်းနှင့် ဘီလ်ဘာအို အသင်း တောင်ပံတိုက်စစ် ကစားသမား နီကိုဝီလီယံသည် ခြေထောက် ကြွက်သားဒဏ်ရာ ကြံ့ခိုင်မှု မပြည့်ဝသည့်အတွက် နိုင်ငံတကာပွဲစဉ်များ ကစားမည့် စပိန်အသင်း ကစားသမားစာရင်းမှ နုတ်ထွက်ခဲ့ပြီး ဘီလ်ဘာအိုအသင်းနှင့် ပြန်လည်ပူးပေါင်းခဲ့သည်ဟု Marca သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့ကြောင်း သိရသည်။

နီကိုဝီလီယံသည် နိုဝင်ဘာ ၉ ရက်က ကစားခဲ့သည့် ဘီလ်ဘာအို အသင်းနှင့် ရီးရဲလ်အိုဗီဒိုအသင်းတို့ ကစားခဲ့သည့်ပွဲစဉ်တွင် ခြေထောက် ကြွက်သားဒဏ်ရာရရှိခဲ့ပြီး အနားယူနေခဲ့ရသူဖြစ်သည်။

နီကိုဝီလီယံ အနေဖြင့် ခြေထောက် ကြွက်သားဒဏ်ရာ ပြင်းထန်မှုမရှိသောကြောင့် နိုင်ငံတကာပွဲစဉ်များကစားမည့် စပိန်အသင်းတွင် သွားရောက်ပူးပေါင်းခဲ့သော်လည်း ဒဏ်ရာမှာ ကြံ့ခိုင်မှု မရှိသည့်အတွက် စပိန်အသင်း ကစားသမားစာရင်းမှ နုတ်ထွက်ခဲ့ပြီး ဘီလ်ဘာအိုအသင်းနှင့် ပူးပေါင်းကာ ဆေးကုသမှုခံယူခဲ့ခြင်းဖြစ်သည်။

နီကိုဝီလီယံအနေဖြင့်ခြေထောက် ကြွက်သားဒဏ်ရာမှာ ပြင်းထန်မှု မရှိသော်လည်း နိုင်ငံတကာပွဲစဉ် ကစားမည့်ကာလတွင် အနားယူပြီးလျှင် ပြန်လည်ကြံ့ခိုင်လာမည် ဖြစ်သည့်အတွက် နိုဝင်ဘာ ၂၂ ရက်တွင် စပိန်လာလီဂါပွဲစဉ်အဖြစ် ကစားမည့် ဘာစီလိုနာအသင်းနှင့် ဘီလ်ဘာအိုအသင်းတို့ ပွဲစဉ်တွင် ပြန်လည်ပါဝင်နိုင်မည်ဖြစ်ကြောင်း သိရသည်။

**Ref : Marca**
**Trs : STA**

# ဒဏ်ရာကြောင့်အနားယူနေရသည့် ကမ္ဘာ့အဆင့်(၂) ဂေါက်သီးရိုက်မယ် နယ်လီကော့ဒါ ပြိုင်ပွဲပြန်ဝင်မည်

**ဖလော်ရီဒါ နိုဝင်ဘာ ၁၃**

ကမ္ဘာ့အဆင့်(၂) နေရာတွင် ရပ်တည်နေသည့် အမေရိကန် ဂေါက်သီးရိုက်မယ် နယ်လီကော့ဒါသည် လည်ပင်းဒဏ်ရာကြောင့် အနားယူနေရပြီးနောက် ဒဏ်ရာမှ ပြန်လည်သက်သာလာခဲ့ပြီး ပြိုင်ပွဲပြန်ဝင်တော့မည် ဖြစ်ကြောင်း Deadspin က ယနေ့တွင် ဖော်ပြခဲ့သည်။

နယ်လီကော့ဒါသည် မကြာမီ ဖလော်ရီဒါပြည်နယ်တွင် ကျင်းပမည့် Annika Pro-Am ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ပြီး ကမ္ဘာ့အဆင့်(၁)နေရာကို နှစ်မကုန်မီ ပြန်လည်ရရှိရေးအတွက် ပစ်မှတ်ထားနေကြောင်း သိရသည်။

နယ်လီကော့ဒါသည် ဒဏ်ရာပြဿနာကြောင့် တစ်လနီးပါးထိ အနားယူခဲ့ရသူဖြစ်ပြီး အဓိက ပြိုင်ပွဲတချို့လွဲချော်ခဲ့ရသည်။

ယခုနှစ် ဂေါက်သီးရိုက်ရာသီတွင် ဒဏ်ရာပြဿနာဖြင့် လုံးပန်းနေရပြီး ပုံစံကောင်းပျောက်ဆုံးကာ အောင်မြင်မှုများဖြင့် လွဲချော်နေရသူဖြစ်သည်။

ယခင်ကလည်း သွေးကြောပိတ်သည့်ရောဂါကြောင့် ကာလရှည် အနားယူကာ ဆေးကုသမှုခံယူခဲ့ရသူ နယ်လီကော့ဒါသည် ဒဏ်ရာပြဿနာမှ ပြန်လည်သက်သာလာခဲ့ပြီးနောက် အောင်မြင်မှုများစွာ ရယူနိုင်ခဲ့သူလည်းဖြစ်သည်။

နယ်လီကော့ဒါက "ဒဏ်ရာပြဿနာတွေနဲ့ ရင်ဆိုင်ရပြီး အနားယူရတဲ့အချိန်တိုင်း အများကြီး သင်ယူနိုင်ခဲ့ပါတယ်။ မကြာခဏ ဒဏ်ရာရနေတဲ့အတွက်ကြောင့်လည်း ဒဏ်ရာနဲ့ပတ်သက်ပြီး ကြိုတင်သိရှိခံစားနိုင်ခဲ့လို့ အချိန်မီဆေးကုသမှုတွေ ပြုလုပ်နိုင်ခဲ့တယ်။ အခု လည်ပင်းဒဏ်ရာနဲ့ပတ်သက်ပြီးတော့ စိတ်ထဲမှာ အလိုလို ခံစားလာရတဲ့အတွက် ဆေးစစ်မှု ပြုလုပ်ကြည့်တော့ ထင်တဲ့အတိုင်း ဒဏ်ရာအခြေအနေက အချိန်ယူဆေးကုသမှု ခံယူရမယ်လို့ ဆရာဝန်ကပြောပြခဲ့တယ်။ ဒဏ်ရာရရှိမှုကို အချိန်မီသိရှိခဲ့ခြင်းကြောင့်လဲ ကာလရှည် အနားယူရမဲ့ အခြေအနေက လွတ်မြောက်ခဲ့တယ်။ မကြာခင် ဖလော်ရီဒါပြည်နယ်မှာ ပြန်ဆုံကြမယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : Deadspin**
**Trs : AZL**

# ATP Finals တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်သို့ ဂျန်နစ်ခ်ဆင်နာ တက်ရောက်



**တူရင် နိုဝင်ဘာ ၁၃**

အီတလီနိုင်ငံ တူရင်မြို့တွင် ကျင်းပနေသည့် ATP Finals တင်းနစ်ပြိုင်ပွဲ အုပ်စုအဆင့် ဒုတိယပွဲစဉ်အဖြစ် အီတလီတင်းနစ်ကစားသမား ဂျန်နစ်ခ်ဆင်နာသည် ဂျာမနီ တင်းနစ်ကစားသမား ဇီရက်ဖ်နှင့် ယှဉ်ပြိုင်ကစားခဲ့ရာ ဂျန်နစ်ခ်ဆင်နာက (၆-၄၊ ၆-၃) ရလဒ်ဖြင့် အနိုင်ရရှိခဲ့ကြောင်း Tennis365 သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ဂျန်နစ်ခ်ဆင်နာသည် အုပ်စုအဆင့် နှစ်ပွဲကစားပြီး နှစ်ပွဲစလုံး အနိုင်ရရှိခဲ့သည့်အတွက် အုပ်စုအဆင့်ကို ကျော်ဖြတ်နိုင်ခဲ့ပြီဖြစ်သကဲ့သို့ ဆီမီးဖိုင်နယ်အဆင့်ကို တက်ရောက်နိုင်ခဲ့ပြီဖြစ်သည်။

ဂျန်နစ်ခ်ဆင်နာ အနေဖြင့် ဆီမီးဖိုင်နယ်အဆင့်ကို တက်ရောက်ခဲ့ပြီဖြစ်သော်လည်း ဇီရက်ဖ်နှင့်ပွဲစဉ်တွင် စွမ်းဆောင်ရည်ပိုင်း အကောင်းဆုံးပုံစံတွင် ရှိမနေခဲ့ကြောင်း သိရသည်။

ဂျန်နစ်ခ်ဆင်နာက "ဇီရက်ဖ်ဟာ ပြိုင်ဘက်ကောင်း တစ်ယောက်ဆိုတာ သူနဲ့ယှဉ်ပြိုင်ကစားဖူးသူတိုင်းသိပါတယ်။ ကျွန်တော့်အနေနဲ့ပထမပွဲငယ်မှာ ခက်ခက်ခဲခဲ ကစားခဲ့ရပြီးတော့ အနိုင်ရခဲ့တာပါ။ ပထမပွဲငယ်အနိုင်ရလဒ်က ဒီပွဲစဉ်ရဲ့ အဆုံးအဖြတ်ဖြစ်ခဲ့ပါတယ်။ ပထမပွဲငယ်မှာ အနိုင်ရခဲ့ခြင်းရဲ့ အဓိကအကြောင်းရင်း နှစ်ချက်ရှိတယ်ဆိုတာကို ပွဲကြည့်သူတိုင်း မြင်မယ်လို့ထင်ပါတယ်။ ဒုတိယပွဲငယ်မှာတော့ ကျွန်တော့်အနေနဲ့ အဆင်ပြေပြေ ကစားနိုင်ခဲ့ပါတယ်။ ရမှတ်တချို့ကိုလဲ အဆင်ပြေပြေ ရယူနိုင်ခဲ့ပါတယ်။ အုပ်စုအဆင့် ပွဲမပြီးဆုံးခင်မှာပဲ အုပ်စုအဆင့်ကို ကျော်ဖြတ်နိုင်ခဲ့လို့ ဝမ်းသာပါတယ်။ အုပ်စုအဆင့် နောက်ဆုံးပွဲစဉ်မှာလဲ အကောင်းဆုံးကစားနိုင်အောင် ကြိုးစားသွားမယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : Tennis 365**
**Trs : AZL**

# ထိပ်တန်းကလပ်အသင်းများကခေါ်ယူလိုနေသည့် အန်ဒါဆန်အတွက် နော်တင်ဟမ်အသင်းက ပြောင်းရွှေ့ကြေးကို စတာလင်ပေါင် သန်း ၁၂၀ သတ်မှတ်

**လန်ဒန် နိုဝင်ဘာ ၁၃**

နော်တင်ဟမ်အသင်းက အသင်းနှင့်အတူ အကောင်းဆုံးခြေစွမ်းပြသလျက်ရှိနေပြီး လာမည့် ၂၀၂၆ ဇန်နဝါရီ ကစားသမားအပြောင်းအရွှေ့ကာလတွင် ပရီးမီးယားလိဂ် ထိပ်တန်း ကလပ်အသင်းများက ခေါ်ယူရန် ပစ်မှတ်ထားနေသည့် အန်ဒါဆန်အတွက် ပြောင်းရွှေ့ကြေးကို စတာလင်ပေါင် သန်း ၁၂၀ ထိသတ်မှတ်ခဲ့သည်ဟု Goal.com သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့ကြောင်း သိရသည်။



အသက် ၂၃ နှစ်ရှိ အန်ဒါဆန်သည် ပြီးခဲ့သည့် ၂၀၂၄ ခုနှစ် နွေရာသီ ကစားသမားအပြောင်းအရွှေ့ကာလက နယူးကာဆယ်အသင်းမှ နော်တင်ဟမ်အသင်းသို့ ပြောင်းရွှေ့ ကစားခဲ့သူဖြစ်ပြီး အသင်းနှင့်အတူ ပထမဆုံး ဘောလုံးရာသီတွင် အကောင်းဆုံး ခြေစွမ်းပြသနိုင်ခဲ့သူဖြစ်သည်။

အလားတူ ယခုနှစ် ဘောလုံးရာသီတွင် နော်တင်ဟမ်အသင်း အနေဖြင့် ရုန်းကန်နေရသော်လည်း အန်ဒါဆန်က အသင်းနှင့်အတူ အကောင်းဆုံး ခြေစွမ်းပြသလျက် ရှိနေသောကြောင့် ပရီးမီးယားလိဂ် ထိပ်တန်း ကလပ်အသင်းများက လာမည့် ၂၀၂၆ ဇန်နဝါရီ ကစားသမား အပြောင်းအရွှေ့ကာလတွင် ခေါ်ယူလိုနေခြင်းဖြစ်သည်။

မန်ချက်စတာမြို့ခံ ပြိုင်ဘက် အသင်းနှစ်သင်းဖြစ်သည့် မန်စီးတီး အသင်းနှင့် မန်ယူအသင်းတို့က လိုအပ်ချက်များရှိနေသည့် အသင်း ကွင်းလယ်ပိုင်းအတွက် လာမည့် ၂၀၂၆ ဇန်နဝါရီအပြောင်းအရွှေ့ ကာလတွင် အန်ဒါဆန်ကို ခေါ်ယူရန် အပြိုင်ကြိုးပမ်းလာဖွယ်ရှိနေသည့်အတွက် နော်တင်ဟမ် အသင်းက ပြောင်းရွှေ့ကြေးကို စတာလင်ပေါင် သန်း ၁၂၀ ထိ သတ်မှတ်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

**Ref : Goal.com**
**Trs : STA**

# အမျိုးသားအောင်ပွဲနေ့နှင့် အမျိုးသားရေးစိတ်ဓာတ်

ကျော်တင့်(ရွှေခရမ်း)

၁၉၂၀ ပြည့်နှစ်တွင် စတင်ခဲ့သော အမျိုးသားရေးလှုပ်ရှားမှုကြီးသည် ယခု ၂၀၂၅ ခုနှစ်တွင် ၁၀၅ နှစ်တိုင် ပြည့်မြောက်လာပြီဖြစ်သည်။ အမျိုးသားရေးစိတ်ဓာတ်သည် နိုင်ငံတစ်နိုင်ငံ၏ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးအတွက် အဓိကအသက်သွေးကြောဖြစ်သည်။ မြန်မာတစ်မျိုးသားလုံး၏ အမျိုးသားရေးစိတ်ဓာတ်သည် မြန်မာနိုင်ငံကို ကိုလိုနီနယ်ချဲ့တို့၏လက်အောက်မှ လွတ်မြောက်စေခဲ့သည်။ ထိုကဲ့သို့ တစ်နိုင်ငံလုံးအမျိုးသားရေးစိတ်ဓာတ်များ နိုးကြားတက်ကြွလာရခြင်းမှာ နယ်ချဲ့အစိုးရ၏ ကျွန်ပညာရေးစနစ်ဆိုးဖြစ်သည့် ရန်ကုန်တက္ကသိုလ်အက်ဥပဒေကို ဆန့်ကျင်သပိတ်မှောက်ခဲ့သည့် ၁၉၂၀ ပြည့်နှစ် အမျိုးသားပညာရေးလှုပ်ရှားမှုက အစပြုခဲ့ခြင်းဖြစ်သည်။

အမျိုးသားပညာရေးလှုပ်ရှားမှုသည် ကိုလိုနီပညာရေးစနစ်ဆိုးကို အမြစ်ကဆွဲနုတ် မြေလှန်ပစ်သော အမျိုးသားပညာရေးလှုပ်ရှားမှုပင်ဖြစ်သည်။ ထိုကဲ့သို့ အမျိုးသားရေးစိတ်ဓာတ်ကို လှုံ့ဆော်ပေးခဲ့သည့်အတွက် ၁၉၂၂ ခုနှစ် ဇွန်လတွင် ရန်ကုန်မြို့ ဂျူဗလီဟောခန်း၌ကျင်းပသော ဂျီစီဘီအေ အထူးကွန်ဖရင့်က တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်နေ့ကို အမျိုးသားအောင်ပွဲနေ့အဖြစ် သတ်မှတ်ဆုံးဖြတ်ခဲ့ကြသည်။ အမျိုးသားအောင်ပွဲနေ့အဖြစ် သတ်မှတ်ခဲ့ခြင်းသည် မြန်မာတစ်မျိုးသားလုံး၏ အမျိုးသားရေးစိတ်ဓာတ်များ ထာဝစဉ်ရှင်သန်နိုးကြားနေစေရန် ရည်ရွယ်သတ်မှတ်ခဲ့ခြင်းဖြစ်သည်။

အမျိုးသားအောင်ပွဲနေ့သည် မြန်မာအမျိုးသားပညာရေးလှုပ်ရှားမှုတစ်ရပ်အဖြစ် စတင်ပေါ်ပေါက်ခဲ့သော်လည်း လွတ်လပ်ရေးကြိုးပမ်းမှု၊ နယ်ချဲ့ဆန့်ကျင်ရေး၊ တိုင်းရင်းသားညီအစ်ကိုမောင်နှမများ သွေးစည်းညီညွတ်ရေး၊ ပညာရည်မြင့်မားရေးစသည့် အမျိုးသားရေးလှုပ်ရှားမှုကြီးအဖြစ် ဖြစ်တည်လာခဲ့သည်။ ၁၉၂၂ ခုနှစ်က စတင်သတ်မှတ်ခဲ့သော အမျိုးသားအောင်ပွဲနေ့သည် မြန်မာနိုင်ငံအတွက် နှစ်ပေါင်း ၁၀၀ ကျော်သည့်တိုင် ယနေ့ထက်ထိ အရေးပါနေဆဲဖြစ်သည်။

ဗြိတိသျှနယ်ချဲ့တို့ ၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာလတွင် ထုတ်ပြန်ကြေညာခဲ့သည့် ရန်ကုန်တက္ကသိုလ်အက်ဥပဒေသည် ကျွန်ပညာရေးကို သက်ဆိုးရှည်စေသောဥပဒေဖြစ်သကဲ့သို့ မြန်မာလူမျိုးတို့၏ ဘာသာသာသနာနှင့် မြန်မာတို့၏အသိဉာဏ်ဖွံ့ဖြိုးတိုးတက်မှုကို ဖိနှိပ်ချုပ်ချယ်နိုင်စေရန် ရေးဆွဲထားသောဥပဒေဖြစ်သည်။ ထိုဥပဒေသည် ငွေကြေးတတ်နိုင်သူ လူနည်းစုကိုသာ တက္ကသိုလ်ပညာသင်ကြားခွင့်ရရှိစေပြီး ပညာထူးချွန်သော်လည်း ငွေကြေးမတတ်နိုင်သည့် တောင်သူလယ်သမားများ၊ အလုပ်သမားများနှင့် လက်လုပ်လက်စား အောက်ခြေလူတန်းစားများ၏သားသမီးများကို ပညာဆက်လက်သင်ကြားခွင့် မရရှိနိုင်အောင် ချုပ်ချယ်ကန့်သတ်ပြဋ္ဌာန်းထားခြင်းဖြစ်သည်။ အဆင့်အတန်းခွဲခြားထားသည့် ထိုဥပဒေကို ကောလိပ်ကျောင်းသားများအပါအဝင် ပြည်သူအားလုံးက အပြင်းအထန်ကန့်ကွက်ခဲ့ကြသည်။ မည်သို့ပင်ကန့်ကွက်နေစေကာမူ မြန်မာများသည် ပညာရေးအကြောင်းနားမလည်ဟုဆိုကာ တောင်းဆိုချက်များကိုလျစ်လျူရှုပြီး တက္ကသိုလ်အက်ဥပဒေကိုအတည်ပြုကြောင်း ကြေညာခဲ့သည်။

ထိုပြဋ္ဌာန်းချက်ကို လက်မခံနိုင်သည့် ရန်ကုန်ကောလိပ်ကျောင်းသား ၁၁ ဦးဖြစ်သည့် ကိုဘခင်၊ ကိုဘိုးကွန်း၊ ကိုဘဦး၊ ကိုအောင်ဒင်၊ ကိုထွန်းဝင်း၊ ကိုဖေသိန်း၊ ကိုဘရှင်(သံတွဲ)၊ ကိုဘရှင် (ထားဝယ်)၊ ကြေညီပိတ်၊ ကိုလှတင်၊ ကိုမောင်အေးတို့သည် ၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာ ၃ ရက်တွင် ရွှေတိဂုံဘုရားကုန်းတော်၌တွေ့ဆုံကြပြီး သပိတ်မှောက်ရန် အစီအစဉ်ရေးဆွဲခဲ့ကြသည်။ ရန်ကုန်ကောလိပ်နှင့် ဂျပ်ဆင်ကောလိပ်မှ ကျောင်းသားများ ဗဟန်းရွှေကျောင်းတိုက် ဦးအရိယကျောင်းတိုက်အတွင်း အစည်းအဝေးကျင်းပပြီး ရန်ကုန်တက္ကသိုလ်အက်ဥပဒေကို သပိတ်မှောက်ရန် ဆုံးဖြတ်ခဲ့သည်။

မူလက ၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာ ၇ ရက်တွင် ရန်ကုန်တက္ကသိုလ်အက်ဥပဒေကို ဆန္ဒပြသပိတ်မှောက်ရန်စီစဉ်ထားသော်လည်း အခြေအနေအရ ဒီဇင်ဘာ ၅ ရက် တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်တွင် ကျောင်းသားများစတင်သပိတ်မှောက်ခဲ့ကြသည်။ အကြမ်းမဖက်သောနည်းဖြင့် ကျယ်ပြန့်လုသော လူထုတိုက်ပွဲတစ်ရပ်ကို မြန်မာမျိုးချစ်ကျောင်းသားများစတင်ပြီး သပိတ်မှောက်ရာမှ နိုင်ငံတစ်ဝန်းရှိ ကျောင်းသားထုတစ်ရပ်လုံး၊ ပြည်သူတစ်ရပ်လုံး ပါဝင်ဆင်နွှဲကာ နယ်ချဲ့အင်္ဂလိပ်တို့၏ တစ်ဖက်သတ်ကိုလိုနီပညာရေးစနစ်ကို တိုက်ဖျက်ခဲ့ကြသည်။ ငွေကြေးတတ်နိုင်သူများ၊ အလှူရှင်များကလည်း သပိတ်မှောက် ကျောင်းသား၊ ကျောင်းသူများ၏ နေရေးထိုင်ရေး၊ စားရေးသောက်ရေး၊ ကျန်းမာရေးတို့အတွက် အဆင်ပြေအောင် ဝိုင်းဝန်းကူညီဖြည့်ဆည်းခဲ့ကြသည်။ ကိုယ့်အားကိုယ်ကိုး အမျိုးသားကောလိပ်နှင့် အမျိုးသားကျောင်းများ တည်ထောင်ဖွင့်လှစ်နိုင်ရန် ဝိုင်းဝန်းလှူဒါန်းခဲ့ကြသည်။

> ❖ အမျိုးသားရေးစိတ်ဓာတ်သည် တိုင်းပြည်နှင့်လူမျိုးကို ချစ်ခင်သောစိတ်ဓာတ်ပင်ဖြစ်သည်။ တစ်နိုင်ငံတည်းနေ၊ တစ်မြေတည်းဖွား တိုင်းရင်းသားညီအစ်ကိုများကို ချစ်ခင်ခြင်း၊ အမျိုးသားအကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ခြင်းနှင့် တိုင်းပြည်နှင့်လူမျိုးအကျိုးကို ထာဝစဉ်သယ်ပိုးသွားလိုသည့်စိတ်ဓာတ်ပင်ဖြစ်သည်။ ထို့ကြောင့် ပြည်ထောင်စုဖွားတိုင်းရင်းသားများသည် ကမ္ဘာတည်သရွေ့ ထာဝရ ညီညီညွတ်ညွတ်နေထိုင်သွားနိုင်ရန်အတွက် တိုင်းပြည်နှင့် လူမျိုးအတွက် အသက်တမျှအရေးပါလှသောအမျိုးသားရေးစိတ်ဓာတ်ကို ဆက်လက်ထိန်းသိမ်းသွားရန် လိုအပ်ပေသည်။ ❖

အမျိုးသားပညာရေးသပိတ်နှင့်အတူ အမျိုးသားပညာရေးကျောင်းများပေါ်ထွန်းလာခဲ့ပြီး ၁၉၂၁ ခုနှစ် ဩဂုတ်လတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ ရွှေကျောင်းတိုက်ကြီးတွင် ဗဟန်းကောလိပ်ဟု အမည်တွင်သော အမျိုးသားကောလိပ်ကို ဖွင့်လှစ်နိုင်ခဲ့သည်။ သခင်ကိုယ်တော်မှိုင်း၊ သခင်မြ၊ ဒီးဒုတ်ဦးဘချိုစသည့် ပုဂ္ဂိုလ်ကြီးများကဦးဆောင်ကာ တက္ကသိုလ်ပညာတတ် မျိုးချစ်လူငယ်များသည် မိမိတို့၏ကိုယ်ကျိုးကိုစွန့်လွှတ်ပြီး အမျိုးသားကျောင်းများတွင် ကျောင်းဆရာတာဝန်ကို ထမ်းဆောင်ကြသည်။ ထိုကဲ့သို့ အမျိုးသားကျောင်းများ ပေါ်ထွက်လာခဲ့ခြင်းကြောင့် ဗိုလ်ချုပ်အောင်ဆန်း၊ ဦးနုတို့ကဲ့သို့သော ခေါင်းဆောင်ကောင်းများပေါ်ထွက်လာခဲ့ပြီး နိုင်ငံလွတ်လပ်ရေးကို မဆုတ်မနစ် ရယူပေးနိုင်ခဲ့ခြင်းဖြစ်သည်။

၁၉၂၁ ခုနှစ် ဒီဇင်ဘာလအတွင်း မန္တလေးမြို့၌ ကျင်းပသည့် ဂျီစီဘီအေပြည်လုံးကျွတ် ညီလာခံကြီး၌ အမျိုးသားနေ့သတ်မှတ်ရန် ဆွေးနွေးတိုင်ပင်ခဲ့ကြသည်။ ထိုညီလာခံတွင် အချို့က သီပေါဘုရင်ပါတော်မူသောနေ့၊ အချို့က ဦးဥတ္တမအဖမ်းခံရသောနေ့ကို အကြံပေးကြသည်။ ၁၉၂၀ ပြည့်နှစ် သပိတ် ၁၁ ဦးကော်မတီတွင်ပါဝင်ခဲ့သော ဦးမြင့်က နယ်ချဲ့ကို ပထမဆုံးထိထိရောက်ရောက် တော်လှန်သပိတ်မှောက်ခဲ့သည့် တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်ကို အမျိုးသားနေ့အဖြစ်သတ်မှတ်ရန် အကြံပြုခဲ့သည်။ ထို့ကြောင့် ၁၉၂၂ ခုနှစ် ဇွန် ၁၇ ရက်တွင် ရန်ကုန်မြို့ ဂျူဗလီဟော၌ပြုလုပ်သည့် ဂျီစီဘီအေ အထူးကွန်ဖရင့်က ကောလိပ်ကျောင်းသားများက ရန်ကုန်တက္ကသိုလ်အက်ဥပဒေကို ဆန့်ကျင်ကန့်ကွက်သပိတ်မှောက်ခဲ့သည့် တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်ကို အမျိုးသားနေ့အဖြစ် တညီတညွတ်တည်း ဆုံးဖြတ်သတ်မှတ်ခဲ့ကြသည်။

အမျိုးသားပညာရေးတိုက်ပွဲသည် လွတ်လပ်ရေးတိုက်ပွဲပင်ဖြစ်ပြီး အမျိုးသားပညာရေးသပိတ်၏ အမြင့်ဆုံးရည်မှန်းချက်သည် တစ်နိုင်ငံလုံးလွတ်လပ်ရေးရရှိရေးပင်ဖြစ်သည်။ ကျွန်ပညာရေးသပိတ်တိုက်ပွဲများသည် လွတ်လပ်ရေးကြိုးပမ်းမှုကို အားကောင်းစေသော အမျိုးသားရေးစိတ်ဓာတ်များ ပေါက်ဖွားရာ အခြေခံအုတ်မြစ်ဖြစ်ပြီး မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိအောင် တွန်းပို့ပေးခဲ့သည့် အရေးပါသောနေ့တစ်နေ့ဖြစ်သည်။ အမျိုးသားနေ့မှ စတင်သန္ဓေတည်လာခဲ့သည့် အမျိုးသားရေးစိတ်ဓာတ် ထက်သန်နိုးကြားရှင်သန်မှုများသည် မြန်မာနိုင်ငံ တိုင်းတစ်ပါးကျွန်ဘဝမှလွတ်မြောက်ရေး၊ လွတ်လပ်သည့်အချုပ်အခြာအာဏာပိုင်နိုင်ငံအဖြစ် ပေါ်ထွန်းလာရေးကို အကြောင်းခံသကဲ့သို့ လွတ်လပ်ပြီးကာလတွင်လည်း မြန်မာနိုင်ငံ၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ ပြန်လည်ဆုံးရှုံးမသွားအောင် ထိန်းသိမ်းစောင့်ရှောက် ကာကွယ်ထားနိုင်မည့် အမျိုးသားရေးစိတ်ဓာတ်များ တစ်မျိုးသားလုံးတွင် အစဉ်နိုးကြားထက်သန်နေစေရန် ကြိုးပမ်းနေကြရမည်ဖြစ်သည်။

မျက်မှောက်ကမ္ဘာတွင် အမျိုးသားစည်းကမ်းကောင်းမွန်သည့်လူမျိုးများနှင့် စည်းလုံးညီညွတ်မှုရှိသည့်လူမျိုးများသည် ကမ္ဘာ့ထိပ်တန်းသို့တက်လှမ်းရပ်တည်နိုင်ကြသည်။ အမျိုးသားစည်းကမ်းကို စာသင်ကျောင်းများတွင် လေ့ကျင့်သင်ကြားပေးကြခြင်းဖြစ်ရာ ကောင်းစွာသင်ကြားခြင်းခံရသည့် လူမျိုးများမှာ ၎င်းတို့၏စည်းကမ်းကောင်းမွန်မှုဖြင့် နိုင်ငံ့ဂုဏ်ကို ဆောင်နိုင်ကြသည်။ အထူးသဖြင့် ကျောင်းများသည် သင်ကြားလေ့ကျင့်ပေးမှုများ၏ အချက်အချာဖြစ်သည့်အလျောက် အမျိုးသားစည်းကမ်းကောင်းမွန်သည့် နိုင်ငံကြီးသားများဖြစ်လာစေရန် လေ့ကျင့်ပျိုးထောင်မှုများကို အလေးအနက်ထား၍ ဆောင်ရွက်ပေးကြရန်လိုသည်။ မိမိတို့လူမျိုးတစ်ရပ်လုံး အမျိုးသားစည်းကမ်းကောင်းမွန်သည်နှင့်အမျှ ဥပဒေလေးစားသူ၊ ကျင့်ဝတ်စောင့်ထိန်းသူ၊ စည်းကမ်းလိုက်နာသူများအဖြစ် နိုင်ငံကို အလုပ်အကျွေးပြုနိုင်ကြမည်ဖြစ်သကဲ့သို့ နိုင်ငံတကာအလယ်တွင်လည်း နိုင်ငံ့ဂုဏ်ကိုဆောင်နိုင်မည်ဖြစ်သည်။

အမျိုးသားရေးစိတ်ဓာတ်သည် တိုင်းပြည်နှင့်လူမျိုးကိုချစ်ခင်သောစိတ်ဓာတ်ပင်ဖြစ်သည်။ တစ်နိုင်ငံတည်းနေ၊ တစ်မြေတည်းဖွား တိုင်းရင်းသားညီအစ်ကိုများကို ချစ်ခင်ခြင်း၊ အမျိုးသားအကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ခြင်းနှင့် တိုင်းပြည်နှင့်လူမျိုးအကျိုးကို ထာဝစဉ်သယ်ပိုးသွားလိုသည့်စိတ်ဓာတ်ပင်ဖြစ်သည်။ ထို့ကြောင့် ပြည်ထောင်စုဖွားတိုင်းရင်းသားများသည် ကမ္ဘာတည်သရွေ့ ထာဝရ ညီညီညွတ်ညွတ်နေထိုင်သွားနိုင်ရန်အတွက် တိုင်းပြည်နှင့်လူမျိုးအတွက် အသက်တမျှအရေးပါလှသော အမျိုးသားရေးစိတ်ဓာတ်ကို ဆက်လက်ထိန်းသိမ်းသွားရန် လိုအပ်ပေသည်။

မျက်မှောက်ကာလတွင် အမျိုးသားရေးစိတ်ဓာတ်များထက်သန်နိုးကြားနေရန် အထူးလိုအပ်နေသည်။ အင်အားကြီးနိုင်ငံများသည် ၎င်းတို့အလိုကျမလိုက်ပါသည့် နိုင်ငံငယ်များအပေါ်တွင် သွယ်ဝိုက်သောနည်းလမ်းအမျိုးမျိုးဖြင့် ဝင်ရောက်စွက်ဖက်နေသည်ကို တွေ့မြင်ရမည်ဖြစ်သည်။ နိုင်ငံငယ်များရှိ လူမျိုးများကြားတွင် စိတ်ဝမ်းကွဲပြားအောင် သွေးထိုးမြှောက်ပင့်ပေးပြီး နိုင်ငံပြိုကွဲပျက်စီးအောင် ပြုလုပ်လာကြသည်။ ထို့ကြောင့် ခေတ်သစ်ကိုလိုနီနယ်ချဲ့စနစ်ကို ခုခံကာကွယ်နိုင်ရန်အတွက် တိုင်းရင်းသားလူမျိုးအချင်းချင်း စည်းလုံးညီညွတ်ရန် အထူးလိုအပ်ပြီး မိမိနိုင်ငံ၊ မိမိလူမျိုး၊ မိမိပိုင်နက်နယ်မြေနှင့် အချုပ်အခြာအာဏာပိုင်ဆိုင်မှုကို ကာကွယ်စောင့်ရှောက်ရမည့် အမျိုးသားရေးစိတ်ဓာတ်များ နိုးကြားရှင်သန်ကြီးထွားလာအောင် ကြိုးပမ်းအားထုတ်ရမည့်အချိန်အခါဖြစ်သောကြောင့် ၂၀၂၅ ခုနှစ် အမျိုးသားအောင်ပွဲနေ့ဦးတည်ချက်များဖြစ်သည့်-

၁။ ပြည်ထောင်စုကြီး တည်တံ့ခိုင်မြဲရေးကို တိုင်းရင်းသားပြည်သူအားလုံးက အမျိုးသားရေးတာဝန်တစ်ရပ်ဖြင့် ထိန်းသိမ်းစောင့်ရှောက်ရေး။

၂။ အသိပညာအတတ်ပညာ ပြည့်စုံသော လူ့စွမ်းအားအရင်းအမြစ်များဖြင့် နိုင်ငံတော်ကို တည်ဆောက်ရေး။

၃။ အမျိုးသားပညာရေးကို မြှင့်တင်ခြင်းဖြင့် နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေး။

၄။ အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများမပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေးတို့ကို အကောင်အထည်ဖော်သွားကြရမည်ဖြစ်ပါသည်။

ထို့ကြောင့် "စည်းလုံးချစ်ကြည် လက်တွဲညီ ရွှေပြည်သစ်ဆီလှမ်းကြမည်"ဆိုသည့် ဆောင်ပုဒ်အတိုင်း ပြည်ထောင်စုဖွား တိုင်းရင်းသားအားလုံး၏ စည်းလုံးချစ်ကြည်မှုဖြင့် လူမျိုးစွဲ၊ ဒေသစွဲ၊ ပါတီစွဲ၊ ဂိုဏ်းဂဏစွဲ၊ ပုဂ္ဂိုလ်စွဲများကို ရှောင်ကြဉ်ကာ သဘောထားကြီးမှု၊ ခွင့်လွှတ်နိုင်မှု၊ ညီညွတ်မျှတမှု၊ စိတ်စေတနာကောင်းမှု၊ ဉာဏ်ပညာအမြော်အမြင်ကြီးမှု၊ ခိုင်မာသောအမျိုးသားရေးစိတ်ဓာတ်တို့ဖြင့် တိုင်းပြည်တည်ငြိမ်ဖွံ့ဖြိုးတိုးတက်အောင် စုပေါင်းတည်ဆောက်ကြပါစို့ဟုတိုက်တွန်းရင်း အမျိုးသားအောင်ပွဲနေ့ကို ဂုဏ်ပြုလိုက်ရပါသည်။

**ကိုးကား**

- **နေ့စဉ်ထုတ်သတင်းစာများ။**

# စာရိတ္တ ၂ ရုပ်ရှင်ဇာတ်ကားကို ရုပ်သံဇာတ်လမ်းအဖြစ် CANAL+ ZAT LENN ရုပ်သံလိုင်းမှ ထုတ်လွှင့်သွားမည်




ရန်ကုန် နိုဝင်ဘာ ၁၃

စာရိတ္တ ၂ ရုပ်ရှင်ဇာတ်ကားကို နိုဝင်ဘာ ၃၀ ရက် ည ၇ နာရီ မိနစ် ၃၀ တွင် ရုပ်သံဇာတ်လမ်းအဖြစ် CANAL+ ZAT LENN ရုပ်သံလိုင်းမှ ထုတ်လွှင့်သွားမည် ဖြစ်ကြောင်း အဆိုပါ စာရိတ္တ ၂ ရုပ်ရှင်ဇာတ်ကားတွင် ပါဝင်သရုပ်ဆောင်ထားသူ သရုပ်ဆောင် နေဝင်းထံမှ သိရသည်။

အဆိုပါ စာရိတ္တ ၂ ရုပ်ရှင်ဇာတ်ကား၏ ဝတ္ထုဇာတ်လမ်းနှင့် ဇာတ်ညွှန်းကို ဒီဒီထက်အောင်က ရေးသားထားခြင်းဖြစ်ပြီး The Rays ရုပ်ရှင်ထုတ်လုပ်ရေးအတွက် ဒါရိုက်တာ စိုးမိုးမင်းက တာဝန်ယူ ပုံဖော်ရိုက်ကူးထားကြောင်း သိရသည်။

"ဒီဇာတ်ကားက ၂၀၂၄ ခုနှစ် နိုဝင်ဘာလက ရုံတင်ပြသထားတဲ့ဇာတ်ကားပါ။ မကြာခင် CANAL+ ကနေတစ်ပိုင်းတည်းအပြီး ရုပ်သံဇာတ်လမ်းအနေနဲ့ ပြန်လည် ထုတ်လွှင့်ပြသမှာပါ။ သူ့ရဲ့အရှေ့မှာ စာရိတ္တဆိုတဲ့ ရုပ်ရှင်ဇာတ်ကားလဲ ရှိပါသေးတယ်။ ဒီဇာတ်ကားတွေက ဆက်စပ်နေပါတယ်။ စောင့်မျှော်ကြည့်ရှုအားပေးကြပါအုံး" ဟု သရုပ်ဆောင် နေဝင်းက ပြောပြသည်။

စာရိတ္တ ၂ ရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင်များအဖြစ် သရုပ်ဆောင် နေဝင်း၊ ကောင်းမြတ်စံ၊ မင်းဘုန်းမြတ်၊ ချာလီ၊ တေလင်းရောင်၊ မမြင့်မိုရ်ဝေလာရီ၊ ထွန်းပုလဲရတနာ၊ ဥသြသံသာ၊ လှနုထွန်းနှင့်အခြားအနုပညာရှင်များ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

ASH

# လိပ်ပြာခွဲချိန် ရုပ်ရှင်ဇာတ်ကားကို ဒီဇင်ဘာလပထမပတ်တွင် နိုင်ငံတစ်ဝန်းရှိ အဆင့်မြင့်ရုပ်ရှင်ရုံများ၌ ရုံတင်ပြသသွားမည်ဖြစ်

ရန်ကုန် နိုဝင်ဘာ ၁၃

ဇော်မွေး ရုပ်ရှင်ထုတ်လုပ်ရေးက ရိုက်ကူးထုတ်လုပ်သည့် လိပ်ပြာခွဲချိန် ရုပ်ရှင်ဇာတ်ကားကို ဒီဇင်ဘာလပထမပတ်တွင် နိုင်ငံတစ်ဝန်းရှိ အဆင့်မြင့်ရုပ်ရှင်ရုံများတွင် ရုံတင်ပြသသွားမည်ဖြစ်ကြောင်း အဆိုပါ လိပ်ပြာခွဲချိန် ရုပ်ရှင်ဇာတ်ကားတွင် အဓိကသရုပ်ဆောင်အဖြစ် ပါဝင်သရုပ်ဆောင်ထားသူ ခင်ဝင့်ဝါထံမှ သိရသည်။

လိပ်ပြာခွဲချိန် ရုပ်ရှင်ဇာတ်ကားသည် စာရေးဆရာမ ဂျူလီယာမြင့်သိန်း၏ ဖြည့်ရန်ကျန်သော ဆက်ထုံးများအမည်ရှိ လုံးချင်းဝတ္ထုကို မိုးနီလွင်က ဇာတ်ညွှန်း ရေးသားထားကာ ဒါရိုက်တာ မီးပွားက ဇော်မွေး ရုပ်ရှင် ထုတ်လုပ်ရေးအတွက် အကောင်းဆုံးပုံဖော် ဖန်တီးရိုက်ကူးထားသည့် ရုပ်ရှင်ဇာတ်ကား ဖြစ်ကြောင်း သိရသည်။




"ဇာတ်လမ်းကလဲ ပရိသတ်တွေကြိုက်ကြတဲ့ ဝတ္ထုကို ဖန်တီးထားတာပါ။ သည်းထိတ်ရင်ဖို အချစ်ဇာတ်လမ်းလေး ဖြစ်တာကြောင့် ပရိသတ်ကြိုက်ကြမယ်လို့ ထင်ပါတယ်။ သရုပ်ဆောင်တွေအားလုံးလဲ ကြိုးစားထားကြသလို ဒါရိုက်တာ ဦးမီးပွားကလဲ အပင်ပန်းခံ ထားတာကြောင့် ပရိသတ်တွေလဲ အားပေးရကြိုးနပ်မှာပါ" ဟု သရုပ်ဆောင် ခင်ဝင့်ဝါက ပြောပြသည်။

လိပ်ပြာခွဲချိန် ရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင်များအဖြစ် သရုပ်ဆောင် အလင်းရောင်၊ ရဲရင့်သော်၊ ခင်ဝင့်ဝါ၊ ဖူးစုံ၊ မေတိုးခိုင်၊ ဖုန်းသီရိကျော်၊ သံသာညီ၊ စိုးမိုးကြည်နှင့် အနုပညာရှင်များစွာ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

ASH

# တေးသံရှင် ဂျက်မြသောင်း၊ ဂျော်နီတို့၏ J Tour Live Show တေးဂီတဖျော်ဖြေပွဲကို ဗဟန်းမြို့နယ်ရှိ 9 Bar တွင် ပြုလုပ်မည်

ရန်ကုန် နိုဝင်ဘာ ၁၃

တေးသံရှင် ဂျက်မြသောင်း၊ ဂျော်နီတို့၏ J Tour Live Show တေးဂီတဖျော်ဖြေပွဲကို ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်ရှိ 9 Bar ၌ နိုဝင်ဘာ ၁၅ ရက်တွင် ပြုလုပ်မည် ဖြစ်ကြောင်း တေးသံရှင် ဂျက်မြသောင်းထံမှ သိရသည်။

အဆိုပါ တေးသံရှင် ဂျက်မြသောင်း၊ ဂျော်နီတို့၏ J Tour Live Show တေးဂီတဖျော်ဖြေပွဲတွင် တေးသံရှင်များ၏ သီဆိုဖျော်ဖြေမှုများကို The Wings Band တေးဂီတအဖွဲ့က အကောင်းဆုံး ပံ့ပိုး အားဖြည့်တီးခတ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"နိုဝင်ဘာ ၁၅ ရက်မှာ ဂျော်နီနဲ့အတူ 9 Bar မှာ ရှိပါမယ်။ ကျွန်တော်တို့ရဲ့ သီဆိုဖျော်ဖြေမှုတွေကို The Wings Band က ပံ့ပိုးတီးခတ်ပေးသွားမှာ ဖြစ်သလို 9 Bar ရဲ့ ပင်တိုင်အဆိုရှင်တွေဖြစ်တဲ့ အုပ်စိုး၊ ဒီကျော်၊ မေဖြူကြည်သင်း၊ ပုဏ္ဏမီတို့ကလဲ ပါဝင်အားဖြည့်သီဆိုပေးမှာဖြစ်ပါတယ်" ဟု တေးသံရှင် ဂျက်မြသောင်းက ပြောပြသည်။

တေးသံရှင် ဂျက်မြသောင်း၊ ဂျော်နီတို့၏ J Tour Live Show အမည်ရှိ တေးဂီတဖျော်ဖြေပွဲကို 9 Bar စင်မြင့်တွင် နိုဝင်ဘာ ၁၅ ရက် ည ၇ နာရီတွင် စတင်ဖျော်ဖြေသွားမည် ဖြစ်ကြောင်း သိရသည်။

ASH

# The Young People ရုပ်ရှင်ဇာတ်ကား၌ မင်းသမီး နစ်ကိုးကစ်မင်း ပါဝင်မည်

နယူးယောက် နိုဝင်ဘာ ၁၃

The Young People အမည်ရှိ ထိတ်လန့်သည်းဖိုရုပ်ရှင်ဇာတ်ကားသစ်တွင် ဩစတေးလျဆိုရှင် မင်းသမီး နစ်ကိုးကစ်မင်း ပါဝင်မည်ဖြစ်ကြောင်း နိုဝင်ဘာ ၁၂ ရက် သတင်းများအရ သိရသည်။

The Young People ဇာတ်ကားတွင် နစ်ကိုးကစ်မင်းသည် မင်းသမီး လိုလာတန်၊ နီကိုပါကားတို့နှင့်အတူ သရုပ်ဆောင်ရမည် ဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် The Young People ဇာတ်ကား၏ ဇာတ်လမ်းဇာတ်အိမ်အသေးစိတ်ကို ထုတ်လုပ်သူများက လျှို့ဝှက်ထားဆဲဖြစ်သည်။

၎င်းဇာတ်ကားကို ဒါရိုက်တာ အော့ဇ်ပါကင်က တာဝန်ယူ ရိုက်ကူးမည်ဖြစ်ပြီး ဝတ္ထုဇာတ်ညွှန်းကိုလည်း ၎င်းကိုယ်တိုင်ရေးသားထားသည်။

အဆိုပါ ဇာတ်ကားရိုက်ကူးထုတ်လုပ်မှုကို ကနေဒါနိုင်ငံ ဗန်ကူးဗားမြို့တော်၌ စတင်နေပြီဖြစ်ကြောင်း သိရသည်။

The Young People ဇာတ်ကားရုံတင်ပြသမည့်ရက်ကို ထုတ်လုပ်သူများက ထုတ်ဖော်ပြောကြားခြင်း မရှိသေးကြောင်း သိရသည်။

Ref : Sputnik News
Trs : KKO



# The Mark လျှို့ဝှက်သည်းဖိုဇာတ်ကား၌ မင်းသမီး အယ်ဆာပါတာကီ ပါဝင်လာ

နယူးယောက် နိုဝင်ဘာ ၁၃

The Mark အမည်ရှိ သူလျှိုလောကနောက်ခံ လျှို့ဝှက်သည်းဖိုဇာတ်ကား၌ မင်းသမီး အယ်ဆာပါတာကီ ပါဝင်လာကြောင်း နိုဝင်ဘာ ၁၂ ရက် သတင်းများအရ သိရသည်။

The Mark ဇာတ်ကားတွင် မင်းသမီး အယ်ဆာပါတာကီသည် မင်းသမီး ဂျက်ဆီကာအယ်ဘာ၊ မင်းသား တွမ်ဟော့ပါး၊ အန်းဂတ်ဆမ်ဆွန်တို့နှင့်အတူ သရုပ်ဆောင်ရမည်ဖြစ်သည်။

The Mark ဇာတ်ကားကို ဒါရိုက်တာ ဂျပ်စတင်ချက်ဝစ်က တာဝန်ယူ ရိုက်ကူးမည်ဖြစ်ကြောင်း သိရသည်။

The Mark ဇာတ်ကားအတွက် ဝတ္ထုဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ ရှန်နီခရစ္စတန်ဆင်က တာဝန်ယူရေးသားပေးထားသည်။

လက်ရှိတွင် The Mark ဇာတ်ကားရိုက်ကူးထုတ်လုပ်မှုကို ဩစတြေးလျနိုင်ငံ ကွင်းစလန်ပြည်နယ်၌ စတင်နေပြီဖြစ်ကြောင်း သိရသည်။

The Mark ဇာတ်ကားရုံတင်ပြသမည့်ရက်ကို ထုတ်လုပ်သူများက ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

Ref : Russia Today
Trs : KKO



# The message sent by Acting President of the Republic of the Union of Myanmar and State Security and Peace Commission Chairman Senior General Thadoe Maha Thray Sithu Thadoe Thiri Thudhamma Min Aung Hlaing to the ceremony to mark the 105th Anniversary of National Victory Day 2025

## (14 November 2025)

**Esteemed people and Union-born national brethren,**

First of all, I extend my greetings with best wishes for all Union-born national brethren to be physically and mentally well-being with auspiciousness on the occasion of the 105th Anniversary of National Victory Day, which falls on 10th Waning of Tazaungmone 1387 Myanmar Era, today.

Today is a historic day that the entire Myanmar people, in unity and harmony, opposed the colonial education system of the British at a time when the whole of Myanmar fell under the colonial rule of colonialist British.

In the colonial era, British colonialists suppressed the Myanmar people and kept them under their subjugation for a long time by using the education system. As the Yangon University Act, approved by the British government on 24 October 1920, aimed to restrict the university learning opportunities for the majority of Myanmar people to face hardship, students from the Yangon College and the Judson College launched acts opposing the law, and it spread throughout the entire nation.

The day when University students objected and opposed the Yangon University Act was 10th Waning of Tazaungmone 1282 ME. It was a significant day for Myanmar nationals to initiate the nationalistic spirit. Hence, the General Council of Burmese Association (GCBA) held a special conference at the Jubilee Hall in Yangon on 17 and 18 June 1922 and unanimously adopted an important decision to designate the 10th Waning of Tazaungmone as the National Day. From then onward, such activity proved that unity is the power in Myanmar's independence struggle. The ceremony to mark the National Victory Day has been marked on a grand scale in the entire Republic of the Union of Myanmar yearly without fail, and this year's celebration turns 105.

**Esteemed people and Union-born national brethren,**

We must strive to learn from the past and present events we have experienced so that we can pass on the invaluable heritage of peace to future generations of youth. The collaborative efforts of the entire people in unity play a pivotal role in practically building a Union based on democracy and a federal system. We have to build a peaceful, prosperous and overall developed nation through the united strength of the entire people without losing the essence of unity of the National Victory Day with great historic traditions.

All the people anticipate the strengthening of the genuine, disciplined democratic system and long for building a Union based on democracy and a federal system. To do so, all stakeholders need to restore peace for the sake of the Union, the ethnic nationalities and the State.

Peace and stability of the State are crucial for serving the interests of the State and the entire people. Hence, I would like to urge all the ethnic people to initiate the genuine and durable peace across the nation by ceasing the armed conflicts as a national duty in order to ensure the perpetuity of the Union.

**Esteemed people and Union-born national brethren,**

In implementing the multipurpose education system in order to produce well-versed human resources, the government is initiating the free education system to enable all school-age children to have the learning opportunities and complete at least the KG+9 process. Education is a fundamental force that nurtures a person's character, intellect, spirit, and values. It not only contributes to the development of individuals but also shapes the future of a nation. Hence, it is necessary to nurture schoolchildren to become good citizens who possess sound morals, a sense of responsibility, and genuine patriotism.

Emphasis must be placed on the continuous development of the agriculture sector, which plays a key role in the improvement of the national economy, while efforts must be made to constantly enhance the socioeconomic life of the people through the development of the industrial sector based on agriculture and livestock activities. To produce the necessary human resources for these sectors, priority is being given to providing students and young people with vocational education and training. Moreover, efforts are underway to expand and open basic education and industrial, agricultural, and livestock high schools, enabling middle school graduates to pursue vocational and technical studies and gain access to employment opportunities in these fields.

Through these efforts, the aim is to nurture capable and outstanding citizens who possess high levels of knowledge, skills, and competence. Teachers, in turn, must not only focus on teaching lessons but also guide and cultivate students to become well-rounded individuals who will serve as reliable and valuable human resources for the nation in the future. Only then will it be possible to build the nation with a strong foundation of knowledgeable, skilled, and excellent human resources.

**Esteemed people and Union-born national brethren,**

For a nation's peace, stability, and continuous development, it is essential to promote national education that enriches every citizen's knowledge, skills, critical thinking, and general understanding. Especially in this period of transition toward a democratic system, it is important for all ethnic peoples to think critically, distinguish right from wrong, and work for the benefit of the country and the people. Furthermore, the analytical and problem-solving abilities gained through learning education are vital qualities that greatly contribute to various fields such as politics, administration, defence, economy, and social affairs.

The nation must be built by educated and skilled citizens equipped with comprehensive knowledge and expertise. To ensure that every citizen completes basic education, efforts are being made to provide equal learning opportunities and to promote inclusive education for all. To improve national education, measures are being taken to upgrade educational infrastructure, update curricula in line with current times, enhance the academic capacity of teachers, and expand learning opportunities. Hence, the education budget is also being steadily increased year by year. Therefore, through the promotion of national education, all citizens must work together to ensure the nation's continuous, strong, and sustainable development.

Now is a crucial period for building a Union based on democracy and a federal system for our nation. To ensure the successful implementation of the multiparty democratic system long desired by the people, the multiparty democratic general election will soon be held. As the electoral process represents the correct path we must follow, the public is urged to participate actively and work together to ensure its success.

**Esteemed people and Union-born national brethren,**

The National Victory Day is a historic day in Myanmar's struggle for independence. It is a day that awakened and strengthened the national spirit, patriotism, and vitality of the Myanmar people. On this significant and noble occasion, under the motto of the 105th National Victory Day, "Let's march towards a new golden nation in unity," I deeply urge all citizens of Myanmar to uphold the spirit of the Union and, with unity and national strength, work together to build a peaceful, prosperous, and developed new Golden Land.

In conclusion, I would like to urge all Union-born national brethren to join hands with each other in unity with collaborative efforts to build a Union based on democracy and a federal system successfully while upholding the objectives for 105th National Victory Day 2025: to preserve and protect the perpetuity and stability of the Union by all ethnic people as a national duty; to build a nation with human resources who have perfect knowledge and skills; to promote national education for the continued and sustainable developmetn and prosperity of the nation; and to preserve and safeguard national cultural characteristics from disappearing.

**Senior General Thadoe Maha Thray Sithu**
**Thadoe Thiri Thudhamma Min Aung Hlaing**
**Acting President, the Republic of the Union of Myanmar,**
**Chairman, the State Security and Peace Commission**

# U.S. longest gov't shutdown ends with governance problems lingering

**Washington November 13**

The record-breaking U.S. federal government shutdown was expected to end soon after the congressional approval of a spending package on Wednesday. However, as bipartisan power struggles show no sign of alleviating, the recurrence of this shutdown remains highly possible within just two months.

The U.S. House of Representatives voted 222-209 in favor of the spending package on Wednesday night, two days after the Senate passed it 60-40. The legislation was later signed into law by President Donald Trump.

However, the package only temporarily and partially resolves the political dilemma paralyzing Washington for the past 43 days. It funds most federal agencies at current levels through Jan. 30, but covers only three of the 12 annual appropriations bills that Congress must pass each year.

If both parties fail to reach an agreement on the nine remaining bills, the U.S. government could be trapped in another shutdown in just over two months. Xinhua

# Bogale Township sells large volume of broken rice to Yangon market in October


Photo shows a large stock of rice.

**Bogale November 13**

Local merchants from Bogale Township of Ayeyawady Region sent a large number of bags of broken rice to Yangon market in October, said Daw Aye Myint, the owner of rice and paddy trading depot in Bogale Township.

From Bogale Township, only about 45,000 bags (each 24-pyi) of broken rice were exported and sold to the Yangon market in September this year. However, from October 1 to 31, the export volume increased to about 64,000 bags of 24-pyi broken rice. Broken rice produced in the area is said to be enjoying strong demand from Yangon buyers.

"We mainly export and sell broken rice from Bogale Township to the Yangon market. The broken rice bags are mostly transported and sold by cargo trucks. Demand for broken rice started to rise noticeably from the first week of the month. Rice brokers and traders are continuously exporting and selling. As transportation and sales are going smoothly without any difficulty, traders are satisfied," said Daw Aye Myint.

The broken rice exported and sold from Bogale to Yangon is priced at around K45,000 per 24-pyi bag. Due to the growing demand and improved trade, rice traders, rice depot owners, cargo workers, and truck renters are all enjoying better business conditions. Kyaw Kyaw Lin

# Merchants supply dried mackerel to Yangon market in October

**Pyapon November 13**

Local merchants of fisheries industry in Pyapon Township of Ayeyawady Region dispatched a large volume of dried mackerel fish to Yangon market in October, said Daw Thin Thin Htay, the owner of fishery product trading depot in Pyapon Township.

From Pyapon Township, only about 62,000 viss of dried mackerel were sold to the Yangon market during September this year. However, from October 1 to 31, the export and sales volume increased to around 72,000 viss of dried mackerel.

"The locally produced dried mackerel is systematically processed and mainly exported and sold to the Yangon market. Over the past month, we managed to sell up to 72,000 viss. We continue exporting and selling because of the consistent demand from Yangon buyers for products from our area. The dried fish currently being traded are those processed during the summer season. Dried marine fish have strong domestic demand, so sales are going well," said Daw Thin Thin Thei, a dried fish wholesaler from Pyapon Township.

In Pyapon Township, seafood traders are producing and selling products such as fish paste and dried fish. Among them, locally produced dried mackerel is being exported and sold to the Yangon market, where the price of dried mackerel is currently around K305,000 per 10 viss.

Kyaw Kyaw Lin

# Khin-U Township cultivates over 5,000 acres of pigeon peas during this winter crop season

**Khin-U November 13**

According to records from the Khin-U Township Department of Agriculture, over 5,000 acres of pigeon peas have been successfully cultivated during this year's winter crop season in Khin-U Township, Shwebo District, Sagaing Region.

It is reported that for the 2025-2026 winter crop season, Khin-U Township had planned to cultivate pigeon peas on 6,515 acres. Starting from October this year, cultivation began, and as of today, 5,764 acres have already been completed.

U Nay Win Naing, the head of the Khin-U Township Department of Agriculture, said, "For this year's winter crop season in Khin-U Township, we had planned to cultivate pigeon peas on over 6,000 acres. As of today, over 5,000 acres have been successfully cultivated. We are working to achieve the full planned acreage. The cultivation of pigeon peas has been increasing year by year. Regarding green gram cultivation, there will be educational efforts to expand the cultivated area, and there are educational programs on using high-quality, pure seeds to achieve good yields."

It is learned that this year, the relevant Township Department of Agriculture is providing education and support to farmers in Khin-U Township. This includes ensuring access to high-quality, pure seeds suitable for the region, promoting correct cultivation techniques, preventing pest infestations, the systematic use of chemical fertilizers, and improving yields.

Furthermore, it is reported that during this year's monsoon crop season, for the cultivation of various pulses, necessary measures such as providing high-quality pure seeds, inputs, and post-harvest techniques to ensure good yield and quality of pulses are being carried out in collaboration with farmers.

206

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Farmers plant more than 1,000 acres of lablab bean in Kalay District this year

**Kalay November 13**

According to the district Agriculture Department, local farmers have cultivated more than 1,000 acres of lablab bean in Kalay District of Sagaing Region.

During the 2025–2026 winter crop season, it is planned to cultivate 7,050 acres of lablab beans in Kalay District. Cultivation began in October this year, and as of now, 32 acres have been cultivated in Kalay Township, 61 acres in Kalewa Township, and 923 acres in Mingin Township — a total of 1,016 acres planted so far.

"For this year's winter crop season, we have planned to cultivate 7,050 acres of lablab beans across Kalay District. Up to now, more than 1,000 acres have already been cultivated. Efforts are being made to meet the target acreage. To ensure good yield and quality, we are cooperating with farmers by providing quality seeds, necessary inputs, and post-harvest techniques," said U Aung, Head of the District Agriculture Department (Kalay District).

According to the cultivation plan for the 2025–2026 winter crop season, 351 acres are designated for Kalay Township, 532 acres for Kalewa Township, and 6,167 acres for Mingin Township, totaling 7,050 acres in Kalay District.

The Township Agriculture Departments are conducting awareness and training programs to help lablab bean farmers expand cultivation areas, improve yields, adopt GAP (Good Agricultural Practices) methods, and use high-quality and pure seed varieties for better productivity.

Crops cultivated under the GAP system are known to have higher quality and better market prices than those grown using conventional methods. Due to their superior quality, such crops can be sold not only in domestic markets but also exported to foreign markets, enabling farmers to achieve greater profitability.

206

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## အမေရိကန်လေတပ်က ဝေဟင်မှဝေဟင်ပစ်ဒုံးကျည်စနစ်တစ်မျိုးကိုတီထွင်ထုတ်လုပ်ရန် ရှေ့ပြေးနမူနာစနစ်များကို စမ်းသပ်



အမေရိကန်လေတပ်က Counter-Air Missile Program (CAMP) စီမံကိန်းအတွက် တန်ဖိုးနည်း၊ စနစ်အစိတ်အပိုင်းများ အလဲအလှယ်ပြုနိုင်သောဖွဲ့စည်းပုံနှင့် လျင်မြန်စွာထုတ်လုပ်နိုင်သော ဝေဟင်မှဝေဟင်ပစ် ဒုံးကျည်စနစ်တစ်မျိုးကို တီထွင်ထုတ်လုပ်ရန် ရည်ရွယ်ပြီး ရှေ့ပြေးနမူနာစနစ်များကို စမ်းသပ်ခဲ့ကြောင်း The Defense Post သတင်းဌာနက နိုဝင်ဘာ ၁၁ ရက်တွင် ရေးသား ဖော်ပြခဲ့သည်။

ဤတောင်းခံလွှာ ထုတ်ပြန်မှုသည် ခေတ်သစ်စစ်ပွဲများအတွက် ကုန်ကျစရိတ်သက်သာပြီး အဆင့်မြှင့်တင်နိုင်သော လက်နက်စနစ်များ လိုအပ်လာကြောင်း မဟာဗျူဟာမြောက် မီးမောင်းထိုးပြခြင်းတစ်ရပ်ဖြစ်သည်။ တန်ဖိုးသက်သာမှုနှင့်ထုတ်လုပ်နိုင်စွမ်းပိုင်းအနေဖြင့် CAMP စီမံကိန်း၏အဓိကရည်မှန်းချက်မှာ ဒုံးကျည်တစ်စင်းလျှင် ဒေါ်လာ ၅၀၀၀၀၀ အောက်ဖြင့် တစ်နှစ်လျှင် ဒုံးကျည်အစင်း ၁၀၀၀ မှ ၃၅၀၀ ထိ ထုတ်လုပ်ရန်ဖြစ်သည်။ ဤသို့အစုလိုက်အပြုံလိုက် ဈေးသက်သာစွာ ထုတ်လုပ်နိုင်ခြင်းသည် စစ်ပွဲအတွင်း ဒုံးကျည်အမြောက်အမြား အရေးပေါ်လိုအပ်လာပါက အရေးပါလာမည့်ပမာဏကို ဦးစားပေးသည့် မဟာဗျူဟာကို အလေးပေးထားခြင်းဖြစ်သည်။

ဤအစီအစဉ်သည် မြေပြင်မှပစ်လွှတ်သော ရှေ့ပြေးနမူနာစနစ်များကိုအသုံးပြု၍ စမ်းသပ်မှုများပြုလုပ်ခြင်းဖြင့် ဝေဟင်မှဝေဟင်ပစ်ဗားရှင်းများ အပြည့်အစုံကို ထုတ်လုပ်ခြင်းမပြုမီ စနစ်ပိုင်းဆိုင်ရာ ပေါင်းစပ်မှုများနှင့် နည်းပညာများကို စမ်းသပ်စစ်ဆေးစေမည်ဖြစ်သည်။ ဤအဆင့်လိုက် တီထွင်မှုပုံစံသည် တီထွင်မှုကုန်ကျစရိတ်နှင့် အချိန်ကိုလျှော့ချရန်အတွက်ဖြစ်သည်။ ထိုအချက်ကို အန္တရာယ်လျှော့ချရေးဟူ၍ ခေါ်ဝေါ်သုံးနှုန်းထားသည်။


CAMP စီမံကိန်း၏ open architectures, software APIs နှင့် exportable design features တို့ကို အလေးပေးခြင်းသည် မဟာမိတ်နိုင်ငံများသို့ နည်းပညာလွှဲပြောင်းပေးနိုင်ရန်နှင့် မတူညီသော စစ်ဘက်စနစ်များတွင် ပေါင်းစပ်အသုံးပြုနိုင်ရန်အတွက် လိုအပ်သည့်အလွယ်တကူ တိုးချဲ့နိုင်သော၊ လိုက်လျောညီထွေရှိသော ဒုံးကျည်စနစ်များ ထုတ်လုပ်နိုင်ရေးဆီသို့ အမေရိကန်၏ မဟာဗျူဟာပြောင်းလဲလုပ်ဆောင်လာမှုကို ထင်ဟပ်စေလျက်ရှိသည်။

CAMP စီမံကိန်းသည် အမေရိကန်၏ လေကြောင်းတိုက်ခိုက်ရေးစွမ်းရည်မြှင့်တင်ရေးကြိုးပမ်းမှုများ၏ တစ်စိတ်တစ်ပိုင်းသာဖြစ်သည်။ တာဝေးပစ် AIM-260 (JATM) ဒုံးကျည်ကို AIM-120 AMRAAM ဒုံးကျည်၏နေရာတွင် အစားထိုးရန် တီထွင်နေပြီး၊ ၎င်းသည် အကွာအဝေးပိုမိုမြင့်မားကာ စွမ်းဆောင်ရည်မြင့်မားကောင်းမွန်သည့် တာဝေးပစ်ဒုံးကျည်စနစ်တစ်ခုဖြစ်သည်။ အမေရိကန်ရေတပ်သည် ၂၀၂၆ ခုနှစ်တွင် JATM ဒုံးကျည်များကို ဝယ်ယူတပ်ဆင်ရန် စတင်စီစဉ်နေပြီဖြစ်သည်။ ထို့ပြင် တာတိုပစ် AIM-9X Sidewinder ၏ Block II ဗားရှင်းတွင်လည်း ဆက်လက်ရင်းနှီးမြှုပ်နှံနေပြီး၊ lock-on-after-launch စွမ်းရည်၊ အဆင့်မြှင့်ထားသော နောက်ဆုံးပေါ်ဒေတာလင့်ခ်များနှင့် ပိုမိုကောင်းမွန်သည့် seeker (ပစ်မှတ်ရှာဖွေရေးစနစ်)တို့ဖြင့် အဆင့်မြှင့်တင်မှုများ ဆောင်ရွက်နေသည်။

CAMP စီမံကိန်းသည် JATM ဒုံးကျည်ကဲ့သို့သော စွမ်းဆောင်ရည်မြင့်ဒုံးကျည်များနှင့် AIM-9X ကဲ့သို့သော တာတိုပစ်ဒုံးကျည်များကြားတွင် တန်ဖိုးနည်းပြီး အမြောက်အမြား ထုတ်လုပ်နိုင်သည့် အလယ်အလတ်အဆင့် (middle-ground) ဖြေရှင်းချက်ကိုပေးစွမ်းရန် ရည်ရွယ်သည်။ ဤသည်မှာ စစ်ရေးအရ အခက်အခဲနှင့် ကုန်ကျစရိတ်နှစ်မျိုးစလုံးကို မျှတအောင်ထိန်းညှိလိုသည့် မဟာဗျူဟာကို ဖော်ပြနေကြောင်း သိရသည်။

**US Seeks Low-Cost Counter Air Missile Designs** ကို ဘာသာပြန်ဆိုထားပါသည်။

## အစ္စရေးကုမ္ပဏီ RADA က ယူကရိန်းသို့ပေးပို့ထားသည့် ieMHR ရေဒါစနစ်များကို အဆင့်မြှင့်တင်မှု ပြုလုပ်



အစ္စရေးကုမ္ပဏီ RADA သည် ယူကရိန်းနိုင်ငံသို့ပေးပို့ထားသည့် ၎င်း၏ Improved Multi-Mission Hemispheric Radar (ieMHR) ရေဒါစနစ်များကို အဆင့်မြှင့်တင်မှုများ အလျင်အမြန်ပြုလုပ်လျက်ရှိကြောင်း The Defense Post သတင်းဌာနက နိုဝင်ဘာ ၁၁ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

လက်တွေ့ တိုက်ပွဲနယ်မြေများမှ စုဆောင်းရရှိထားသည့် အချက်အလက်များသည် အစ္စရေးနိုင်ငံ Netanya မြို့ အခြေစိုက်RADA ကုမ္ပဏီ၏ လက်ရှိရေဒါစခန်းများအတွက် ဆော့ဖ်ဝဲလ်များစဉ်ဆက်မပြတ် အဆင့်မြှင့်တင်ခြင်းနှင့် ပြောင်းလဲနေသောလိုအပ်ချက်များကို ဖြည့်ဆည်းရန်အတွက် ၎င်း၏ထုတ်ကုန်အမျိုးအစားတိုးချဲ့ခြင်းတို့ကို အထောက်အကူပေးလျက်ရှိကြောင်း ယူကရိန်းစစ်ဘက်စက်မှုလုပ်ငန်းကောင်စီ၏ အမှုဆောင်ဒါရိုက်တာ Ihor Fedirko က Militarnyi သတင်းဌာနသို့ ပြောကြားခဲ့သည်။ ieMHR ရေဒါစနစ်က ယူကရိန်းထုတ် ရေဒါစနစ်များထက် သိသိသာသာ ပိုမိုဈေးကြီးသော်လည်း အဆိုပါရေဒါများကို အဆင့်မြင့်စွာ တည်ဆောက်ထားခြင်းဖြစ်ကြောင်း ထပ်လောင်းပြောကြားခဲ့သည်။

ယူကရိန်းနိုင်ငံက အဓိကထားအသုံးပြုနေသော အစ္စရေး RADA ကုမ္ပဏီထုတ် ieMHR ရေဒါသည် လေကြောင်း၊ ဒုံးကျည်နှင့် မောင်းသူမဲ့လေယာဉ်စနစ်ခြိမ်းခြောက်မှုများကို ရှာဖွေ၊ ထောက်လှမ်းနိုင်ရန် ဒီဇိုင်းထုတ်ထားသည်။ ၎င်း၏ ကျစ်လျစ်ပေါ့ပါးသော ဒီဇိုင်းကြောင့် အလွယ်တကူ သယ်ဆောင်နိုင်သော ဗားရှင်းနှင့် ယာဉ်တင်အသုံးပြုနိုင်သော ဗားရှင်းနှစ်မျိုးစလုံး အသုံးပြုနိုင်မည်ဖြစ်သည်။ ထုတ်လုပ်သူ၏အဆိုအရ ieMHR ရေဒါသည် နာနိုဒရုန်းများကို ၁၀ ကီလိုမီတာ အကွာအဝေးအထိနှင့် အလတ်စားဒရုန်းများကို ၄၅ ကီလိုမီတာ အကွာအဝေးထိ ထောက်လှမ်းနိုင်စွမ်းရှိကြောင်း သိရသည်။

ထို့ပြင် ရဟတ်ယာဉ်များကဲ့သို့ ပိုမိုကြီးမားသောပစ်မှတ်များကို အကွာအဝေး ၄၅ ကီလိုမီတာ၊ အနိမ့်ပျံသန်းသော တိုက်လေယာဉ်များကို အကွာအဝေး ၃၅ ကီလိုမီတာနှင့် ကြီးမားသော စစ်ဘက်သယ်ယူပို့ဆောင်ရေးလေယာဉ်များကို အကွာအဝေး ၁၀၀ ကီလိုမီတာထိ ရှာဖွေထောက်လှမ်းနိုင်စွမ်းရှိသည်။

ယူကရိန်းတပ်ရင်း၊ တပ်ဖွဲ့များသည် ieMHR ရေဒါစနစ် အများအပြားကို တပ်ဖြန့်အသုံးပြုနေပြီဖြစ်ပြီး အများစုမှာ စေတနာ့ဝန်ထမ်း အဖွဲ့အစည်းများက လှူဒါန်းထားခြင်းဖြစ်ကြောင်းလည်း သိရသည်။ ၂၀၂၃ ခုနှစ် မေလတွင် လစ်သူယေးနီးယားနိုင်ငံမှ အစိုးရမဟုတ်သော အဖွဲ့အစည်းမှပံ့ပိုးပေးသည့် RADA ကုမ္ပဏီထုတ် ieMHR ရေဒါများကိုလည်း လက်ခံရရှိခဲ့ပြီး ရှေ့တန်းစစ်မျက်နှာများတွင် တိုက်ပွဲဝင် ဖြန့်ကြက်အသုံးပြုခဲ့ကြသည်။ ထိုအချိန် က အစ္စရေးကာကွယ်ရေးဝန်ကြီးဌာန၏ခွင့်ပြုချက်ဖြင့် ယူကရိန်းနိုင်ငံသည် RADA ieMHR ရေဒါစနစ်ပေါင်း ၁၆ စုံထိ ရရှိခဲ့ကြောင်း သိရသည်။

အစ္စရေးကုမ္ပဏီ RADA သည် ယူကရိန်းလက်နက်ကိုင်တပ်ဖွဲ့များထံမှ အချိန်နှင့်တစ်ပြေးညီရရှိသော တိုက်ပွဲနယ်မြေအချက်အလက်ကိုအခြေခံ၍ ၎င်း၏ Improved Multi-Mission Hemispheric Radar (ieMHR) ရေဒါစနစ်များအတွက် ဆော့ဖ်ဝဲလ် အဆင့်မြှင့်တင်မှုများနှင့် ထုတ်ကုန်တိုးချဲ့မှုများကို လျင်မြန်စွာ လုပ်ဆောင်နေသည်။ စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများ၏ လှူဒါန်းမှုဖြင့် ယူကရိန်းတွင် တပ်ဖြန့်အသုံးပြုနေသော ieMHR ရေဒါသည် ပိုမိုဈေးကြီးသော်လည်း အဆင့်အတန်းမြင့်မားပြီး၊ ၎င်း၏ ကျစ်လျစ်သော ဒီဇိုင်းနှင့်အတူ နာနိုဒရုန်းများအပါအဝင် လေကြောင်း၊ ဒုံးကျည်နှင့် မောင်းသူမဲ့လေယာဉ်ခြိမ်းခြောက်မှုများကို တိကျစွာ ထောက်လှမ်းနိုင်ခြင်းကြောင့် ပဋိပက္ခများတွင် တိုက်ရိုက်အသုံးပြုသူအချက်အလက်အပေါ် အခြေခံသည့် လျင်မြန်သော နည်းပညာလိုက်လျောညီထွေမှုသည် ကာကွယ်ရေးစွမ်းရည်အတွက် မည်မျှ အဆုံးအဖြတ်ပေးကြောင်း ဤဖြစ်ရပ်က ထင်ရှားစွာပြသနေကြောင်း သိရသည်။

**Frontline Insight Drives Israel's RADA Radar Upgrades for Ukraine** ကို ဘာသာပြန်ဆိုထားပါသည်။

မင်းမျိုး

# ခင်ဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီကစိုက်ပျိုးခဲ့သော မြေပဲကေအားလုံး ရာနှုန်းပြည့်နုတ်သိမ်းပြီးစီးပြီဖြစ်



**ခင်ဦး နိုဝင်ဘာ ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော မြေပဲကေအားလုံးရာနှုန်းပြည့် နုတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ခင်ဦးမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ခင်ဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၄၇၀၇၅ ကေထိ စိုက်ပျိုးနိုင်ခဲ့ကြောင်းနှင့် အဆိုပါစိုက်ပျိုးထားသောမြေပဲစိုက်ခင်းများကို ယခုနှစ် ဩဂုတ်လပထမပတ်မှ စတင်နုတ်သိမ်းခဲ့ရာ ယနေ့တွင်ကေအားလုံး ရာနှုန်းပြည့် နုတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ကေလျှင် ၄၀ ဒသမ ၃၄ တင်းထွက်ရှိကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ခင်ဦးမြို့နယ်မှာ မြေပဲ ၄၇၀၇၅ ကေထိစိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီ စိုက်ပျိုးထားတဲ့ မြေပဲစိုက်ခင်းတွေ လက်ရှိအချိန်မှာတော့ ကေအားလုံးရာနှုန်းပြည့် နုတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ဆီထွက်သီးနှံအနေနဲ့ကော မြေပဲစိုက်ပျိုးမှုအနေနဲ့ကော တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်"ဟု ခင်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနေဝင်းနိုင်က ပြောပြသည်။

ခင်ဦးမြို့နယ်၌ မြေပဲစိုက်ပျိုးရာတွင်တစ်ကေကို မျိုးတစ်တင်းခွဲ စိုက်ပျိုးရပြီး မျိုးစရိတ်၊ အလုပ်သမားခများနှင့်မြေဩဇာ၊ ပိုးသတ်ဆေးဖိုးများအပါအဝင် ငွေကျပ်နှစ်သိန်းကျော် ကုန်ကျစရိတ်ရှိကြောင်းနှင့် တစ်ကေစိုက်ပျိုးပါက တင်း ၅၀ ကျော် ထွက်ရှိကြောင်း သိရသည်။

မြေပဲကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ မြင့်မားလာမည်ဖြစ်သောကြောင့် မြေပဲကို ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဦးနေဝင်းနိုင်က ပြောပြ၍ သိရသည်။

(၂၀၆)

# ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလအတွင်း ငါးသလဲထိုးပိဿာချိန်အများအပြား တင်ပို့ရောင်းချနိုင်ခဲ့



**ဘိုကလေး နိုဝင်ဘာ ၁၃**

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့်အောက်တိုဘာလအတွင်း ငါးသလဲထိုး ပိဿာချိန်အများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဘိုကလေးမြို့နယ် ငါးမျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်စုလှိုင်က ပြောပြသည်။

ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့်စက်တင်ဘာလအတွင်းက ငါးသလဲထိုး ပိဿာချိန် ၆၀၀၀၀ ထိသာ ရောင်းချနိုင်ခဲ့ပြီး အောက်တိုဘာလအတွင်း ငါးသလဲထိုးပိဿာချိန် ၇၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ငါးသလဲထိုး တစ်ပိဿာလျှင်ငွေကျပ် ၂၄၅၀၀ ထိ ဈေးပေါက်နေကြောင်း သိရသည်။

"ပြီးခဲ့တဲ့လထဲမှာ ဘိုကလေးမြို့နယ်ကနေ ငါးသလဲထိုးတွေအပါအဝင် အခြားရေထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ထဲကို တင်ပို့ရောင်းချခဲ့ပါတယ်။ ပြီးခဲ့တဲ့ အောက်တိုဘာလထဲမှာ ငါးသလဲထိုးပိဿာချိန် ၇၅၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ရန်ကုန်ဈေးကွက်ကိုပဲ အဓိကတင်ပို့ရောင်းချနေတာပါ။ ငါးသလဲထိုးတွေကိုလက်ရှိလဲ ရန်ကုန်ဈေးကွက်က မှာယူဖို့ချိတ်ဆက်မှုတွေရှိနေပါတယ်"ဟု ဘိုကလေးမြို့နယ် ငါးမျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင်ဒေါ်စုလှိုင်က ပြောပြသည်။

ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ငါးသလဲထိုးအပါအဝင် အခြားရေထွက်ကုန်များ တင်ပို့အားကောင်းလာသည့်အတွက် ရေလုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ၊ ကုန်ထမ်းလုပ်သားများ အလုပ်အကိုင်အခွင့်အလမ်းများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# ညောင်ဦးမြို့နယ် သန့်စင်ကြယ်ကျေးရွာ၌ RBF စီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ညောင်ဦး နိုဝင်ဘာ ၁၃**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ညောင်ဦးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကုန်းတန်းကြီးကျေးရွာအုပ်စု သန့်စင်ကြယ်ကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေ ထူထောင်ခြင်းလုပ်ငန်းစီမံကိန်း (RBF) ရန်ပုံငွေပထမအကြိမ် ထုတ်ချေးခြင်းကို နိုဝင်ဘာ ၁၂ ရက်က အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ညောင်ဦးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဖြူဖြူလှက သန့်စင်ကြယ်ကျေးရွာ၌ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားဝင်ငွေတိုးလုပ်ငန်းလုပ်ကိုင်ကြသူများအတွက် လိုအပ်သော ငွေကြေးအရင်းအနှီးများရရှိစေရန်၊ အဆိုပါလုပ်ငန်းများကို အစုအဖွဲ့စနစ်ဖြင့် ဆောင်ရွက်တတ်စေရန် စသည့်ရည်ရွယ်ချက်များဖြင့် RBF စီမံကိန်းရန်ပုံငွေ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း၊ စီမံကိန်းလုပ်ငန်းများ ရေရှည်ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ကြစေလိုကြောင်း ဆွေးနွေးပြောကြားသည်။

ဆက်လက်၍စီမံကိန်းတာဝန်ခံဝန်ထမ်းများက စီမံကိန်းရန်ပုံငွေအတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး ဦးစီးအရာရှိ ဒေါ်ဖြူဖြူလှနှင့် တာဝန်ရှိသူများက သန့်စင်ကြယ်ကျေးရွာ RBF စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ်သိန်း ၃၀၀ လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် RBF စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက သန့်စင်ကြယ်ကျေးရွာရှိ ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေ ထူထောင်ခြင်းလုပ်ငန်းစီမံကိန်း(RBF) ရန်ပုံငွေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းနှင့် အခြားဝင်ငွေတိုးလုပ်ငန်းများ ဆောင်ရွက်သည့် အစုအဖွဲ့လေးဖွဲ့မှ အသင်းသား၊ အသင်းသူ ဦးရေ ၄၀ ကို RBF စီမံကိန်းရန်ပုံငွေကျပ် သိန်း ၃၀၀ ကို ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**


## လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ



နိုင်ငံခေတ်မီဖွံ့ဖြိုးရေးအတွက်

အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။


# ဒိုက်ဦးမြို့နယ် ဘုရားကြီးကုန်းကျေးရွာ၌ ကျေးရွာတွင်းလမ်းဂဝံမြေခင်းခြင်းလုပ်ငန်း စစ်ဆေး



**ဒိုက်ဦး နိုဝင်ဘာ ၁၃**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်ခရိုင် ဒိုက်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ဗျက်ကြီးကျေးရွာအုပ်စု ဘုရားကြီးကုန်းကျေးရွာ၌ ကျေးရွာမတည်စီမံကိန်း(VRFP)ရန်ပုံငွေဖြင့် ကျေးရွာတွင်းလမ်း ဂဝံမြေခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို နိုဝင်ဘာ ၁၂ ရက် နံနက်ပိုင်းက ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။


ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဒိုက်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်မြင့်ထွန်းနှင့်ဝန်ထမ်းများက ကျေးရွာကော်မတီဝင်များနှင့်အတူ ဘုရားကြီးကုန်းကျေးရွာ၌ ကျေးရွာတွင်းလမ်း ဂဝံမြေခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီးနောက် မြို့နယ်ဦးစီးမှူးက ကျေးရွာတာဝန်ရှိသူများ၊ ကျေးရွာကော်မတီဝင်များနှင့်တွေ့ဆုံပြီး ဆောင်ရွက်ပြီးလုပ်ငန်းများကို အကျိုးရှိစွာအသုံးပြုကြရန်၊ ရေရှည်အသုံးပြုနိုင်ရေး သက်ဆိုင်သူအားလုံးက ဝိုင်းဝန်းထိန်းသိမ်းပေးကြရန် လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

ဒိုက်ဦးမြို့နယ် ဘုရားကြီးကုန်းကျေးရွာ၌ အရှည် ပေ ၆၅၀၊ အကျယ် ၁၂ ပေ၊ အမြင့်ခြောက်လက်မရှိသော ကျေးရွာတွင်းလမ်း ဂဝံမြေခင်းခြင်း လုပ်ငန်းကို ကျေးရွာမတည် စီမံကိန်း(VRFP) ရန်ပုံငွေကျပ် ၇ ဒသမ ၉ သန်းဖြင့် ဒိုက်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ အင်ဂျင်နီယာ ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးပေးမှု၊ အနီးကပ်ကြီးကြပ် ဆောင်ရွက်ပေးမှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင်ယခုနှစ် အောက်တိုဘာ ၂၀ ရက်မှစတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများအားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးမှုကြောင့် ဘုရားကြီးကုန်းကျေးရွာရှိ ကျေးရွာသူ၊ ကျေးရွာသားတို့၏ သွားလာရေး လွယ်ကူနေပြီဖြစ်ကြောင်း ဒိုက်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်မြင့်ထွန်းထံမှ သိရသည်။

**ကိုညို**


ကိုဗစ်-၁၉ ရောဂါကူးစက်ခံရမှု ကာကွယ်နိုင်ရန်

လေဝင်လေထွက်ကောင်းမွန်စေရန် လေကောင်းလေသန့်နှင့် နေရောင်ခြည်အလင်းရောင် ရရှိစေရေးတို့အတွက် အိမ်ရှိတံခါးများကိုဖွင့်ထားပါ။



## အမျိုးသားအောင်ပွဲနေ့မှအဆက်

ဤနေ့သည် မြန်မာတစ်နိုင်ငံလုံး နယ်ချဲ့အင်္ဂလိပ်တို့၏ လက်အောက်ကျရောက်ခဲ့စဉ်က အင်္ဂလိပ်တို့၏ ကိုလိုနီကျွန်ပညာရေးစနစ်ကို မြန်မာတစ်မျိုးသားလုံးက စည်းလုံးညီညွတ်စွာဆန့်ကျင်တော်လှန်ခဲ့သည့် အထိမ်းအမှတ်သမိုင်းဝင်နေ့ထူးနေ့မြတ်ဖြစ်ပါသည်။

ကိုလိုနီခေတ်တွင် နယ်ချဲ့အင်္ဂလိပ်တို့သည် မြန်မာတို့ကို ၎င်းတို့၏လက်အောက်ခံအဖြစ် ကျွန်သက်ရှည်စေရန် ပညာရေးစနစ်ကိုအသုံးချ၍ ဖိနှိပ်ခဲ့ကြပါသည်။ ၁၉၂၀ ပြည့်နှစ် အောက်တိုဘာ ၂၄ ရက်တွင် ဗြိတိသျှအစိုးရက အတည်ပြုခဲ့သော ရန်ကုန်တက္ကသိုလ် အက်ဥပဒေသည် မြန်မာလူမျိုးအများစု တက္ကသိုလ် ပညာသင်ယူခွင့်ရရှိရေးကိုခက်ခဲစေရန် ကန့်သတ်ရေးဆွဲပြဋ္ဌာန်းထားခြင်းဖြစ်၍ ရန်ကုန်ကောလိပ်နှင့် ဂျပ်ဆင်ကောလိပ် ကျောင်းသားများကစတင်ကာ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဆန့်ကျင်ခဲ့ကြပါသည်။

ရန်ကုန်တက္ကသိုလ်အက်ဥပဒေကို တက္ကသိုလ်ကျောင်းသားများ ဆန့်ကျင်ကန့်ကွက်ခဲ့သည့်နေ့မှာ မြန်မာသက္ကရာဇ် ၁၂၈၂ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်ဖြစ်ပြီး မြန်မာတို့၏ အမျိုးသားဇာတိမာန်စိတ်များ နိုးကြားရှင်သန်ပေါ်ပေါက်ခဲ့ရသော နေ့ထူးနေ့မြတ်ပင်ဖြစ်ပါသည်။ ထို့ကြောင့် ရန်ကုန်မြို့ ဂျူဗလီဟောခန်းမကြီး၌ ၁၉၂၂ ခုနှစ် ဇွန် ၁၇ ရက်မှ ၁၈ ရက်ထိ စည်းဝေးကျင်းပခဲ့သော ဂျီစီဘီအေခေါ် မြန်မာအသင်းချုပ်ကြီး၏ အထူးညီလာခံက တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်ကို **"အမျိုးသားနေ့"**အဖြစ် တညီတညွတ်တည်း စတင်သတ်မှတ်ခဲ့ကြပါသည်။ ထိုအချိန်မှစ၍ မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းတွင် စည်းလုံးညီညွတ်မှုသည် စွမ်းအားဖြစ်ကြောင်း သက်သေပြကမ္ပည်းစိုက်ထူနိုင်ခဲ့ကြပါသည်။ အမျိုးသားအောင်ပွဲနေ့အခမ်းအနားများကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတစ်ဝန်းလုံး၌ နှစ်စဉ်မပျက်ခမ်းနားကြီးကျယ်စွာကျင်းပခဲ့ကြရာ ယခုဆိုလျှင် ၁၀၅ နှစ်တိုင်ရောက်ရှိလာခဲ့ပြီဖြစ်ပါသည်။

**ချစ်ခင်လေးစားရပါသော မိဘပြည်သူများနှင့် ပြည်ထောင်စုဖွား တိုင်းရင်းသားညီအစ်ကိုမောင်နှမများခင်ဗျား**

ကျွန်တော်တို့အနေဖြင့် တွေ့ကြုံခဲ့ရသော အတိတ်နှင့် ပစ္စုပ္ပန်ဖြစ်ရပ်များကို သင်ခန်းစာရယူကာ တန်ဖိုးမဖြတ်နိုင်သည့် ငြိမ်းချမ်းရေးအမွေအနှစ်များကို မျိုးဆက်သစ်လူငယ်များထံ လက်ဆင့်ကမ်းနိုင်ရန် ကြိုးပမ်းဆောင်ရွက်သွားကြရပါမည်။ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကြီး လက်တွေ့အကောင်အထည်ဖော်တည်ဆောက်ရေးတွင် ပြည်သူတစ်ရပ်လုံးက တစ်စိတ်တစ်ဝမ်းတည်း ပူးပေါင်းပါဝင်ကြရေးမှာ အဓိကကျပါသည်။ သမိုင်းအစဉ်အလာကြီးမားသော အမျိုးသားအောင်ပွဲနေ့၏ စည်းလုံးညီညွတ်မှု အနှစ်သာရကို မပျက်ယွင်းစေဘဲ သတိရထိန်းသိမ်းလျက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စုစည်းမှုစွမ်းပကားဖြင့် ငြိမ်းချမ်းသာယာပြီး ဘက်စုံဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးတည်ဆောက်ကြရမည်ဖြစ်ပါသည်။

စစ်မှန်ပြီးစည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးကိုဆောင်ရွက်ရန်မှာ ပြည်သူအားလုံး၏ဆန္ဒပင်ဖြစ်ပါသည်။ ထိုသို့တည်ဆောက်ရန်အတွက် သက်ဆိုင်ရာပုဂ္ဂိုလ်အားလုံးက ပြည်ထောင်စုအကျိုး၊ တိုင်းရင်းသားပြည်သူလူထုအကျိုး၊ နိုင်ငံတော်၏အကျိုးကိုကြည့်၍ ငြိမ်းချမ်းရေးကို ဖော်ဆောင်ရန်လိုပါသည်။

နိုင်ငံနှင့်ပြည်သူအားလုံးအတွက် ကောင်းကျိုးဖော်ဆောင်နိုင်ရန်မှာ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးသည် အဓိကဖြစ်ပါသည်။ ထို့ကြောင့် လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းပြီး မြန်မာနိုင်ငံတစ်ဝန်းလုံး၌ စစ်မှန်၍ ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးကိုတည်ဆောက်ကာ ပြည်ထောင်စုကြီးတည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားပြည်သူအားလုံးက အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ထိန်းသိမ်းစောင့်ရှောက်ကြရန် တိုက်တွန်းမှာကြားလိုပါသည်။

**ချစ်ခင်လေးစားရပါသော မိဘပြည်သူများနှင့် တိုင်းရင်းသားညီအစ်ကို မောင်နှမများခင်ဗျား**

နိုင်ငံတော်အစိုးရအနေဖြင့် အသိပညာအတတ်ပညာပြည့်စုံသော လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်သည့် ဘက်စုံပညာရေးစနစ်ကိုအကောင်အထည်ဖော်ရာတွင် ကျောင်းနေအရွယ်ကလေးအားလုံး ပညာသင်ယူခွင့်ရရှိရေးနှင့် အနည်းဆုံး KG+9 ပြီးဆုံးသည်ထိ ကျောင်းနေနိုင်ရေးအတွက် အခမဲ့ပညာရေးစနစ်ကို ကျင့်သုံးလျက်ရှိပါသည်။ ပညာရေးသည်လူတစ်ဦး၏ ကိုယ်ရည်ကိုယ်သွေး၊ ဉာဏ်ရည်ဉာဏ်သွေး၊ ပင်ကိုစိတ်ဓာတ်နှင့် စံတန်ဖိုး

> **အမျိုးသားအောင်ပွဲနေ့သည် မြန်မာပြည်သူပြည်သားအားလုံး၏ လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းတွင် ဇာတိသွေး၊ ဇာတိမာန်ရှင်သန်ထက်မြက်တက်ကြွလာစေရန် သန္ဓေတည်ပေးခဲ့သော နေ့တစ်နေ့ဖြစ်ပါသည်။ ဤသို့ ထူးခြားလေးမြတ်လှသည့် အမျိုးသားအောင်ပွဲနေ့၌ "စည်းလုံးချစ်ကြည်လက်တွဲညီ ရွှေပြည်သစ်ဆီလှမ်းကြမည်"ဆိုသည့် ၁၀၅ နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ဆောင်ပုဒ်နှင့်အညီ မြန်မာပြည်သူပြည်သားအပေါင်းတို့က ပြည်ထောင်စုစိတ်ဓာတ်ကိုအရင်းခံကာ သွေးစည်းညီညွတ်သော အမျိုးသားရေးအားမာန်များဖြင့် ထာဝရငြိမ်းချမ်းသာယာပြီး ဖွံ့ဖြိုးတိုးတက်သော ရွှေပြည်သစ်ကြီးသို့ ပူးပေါင်းချီတက်သွားကြပါရန် အလေးအနက်ထားတိုက်တွန်းနှိုးဆော်အပ်ပါသည် . . .**

## ပြည်သူ့စစ်မှုထမ်းသင်တန်းမှ

ပြည်သူ့စစ်မှုထမ်းဥပဒေကို ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက်တွင် စတင်အာဏာတည်ခဲ့ပြီး နိုင်ငံတော်ကာကွယ်ရေးနှင့်လုံခြုံရေးတာဝန်များကိုထမ်းဆောင်ရန် စိတ်အားထက်သန်စွာ လာရောက်စာရင်းပေးသွင်းကြသည့်လူငယ်များကို ပြည်သူ့စစ်မှုထမ်းသင်တန်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

ယခုအခါ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၆)သင်တန်းဆင်းပွဲအခမ်းအနားများကို ယနေ့နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ်များအလိုက် နယ်မြေခံသင်တန်းကျောင်းအသီးသီး၌ ကျင်းပပြုလုပ်ကြသည်။ အဆိုပါသင်တန်းဆင်းပွဲများကို သင်တန်းဆင်းစစ်ရေးပြအစီအစဉ်အတိုင်း ဆောင်ရွက်ကြပြီး သင်တန်းသားများက နိုင်ငံတော်အလံကိုကိုင်၍ ကတိသစ္စာခံယူကြသည်။

ထို့နောက် သင်တန်းကျောင်းများအလိုက် သက်ဆိုင်ရာတာဝန်ရှိသူများက သင်တန်းဆင်းအမှာစကားများ အသီးသီးပြောကြားကြပြီး သင်တန်းဆင်းထူးချွန်ဆုများဖြစ်သည့် စံပြတပ်သားဆု၊ စစ်ရေးပြထူးချွန်ဆု၊ လက်ဖြောင့်တပ်သားဆု၊ စစ်သည်တော်ကျင့်ဝတ်ဆု၊ မိုင်းကျွမ်းကျင်ဆု၊ တပ်စိတ်တိုက်နည်း ပထမဆု၊ ချေမှုန်းရေး ပထမဆု၊ အိပ်ဆောင်အကောင်းဆုံးဆုရရှိသူများကို ဆုများအသီးသီးပေးအပ်ချီးမြှင့်ကြသည်။

သင်တန်းဆင်းပွဲအခမ်းအနားများအပြီးတွင် သင်တန်းဆင်းပွဲများသို့ တက်ရောက်ကြသော နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ဝန်ကြီးချုပ်များ၊ တိုင်းစစ်ဌာနချုပ်အသီးသီးမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သင်တန်းကျောင်းခန်းမများ၌ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၆)မှ သင်တန်းဆင်း နိုင်ငံ့သားကောင်းစစ်သည်များကို တွေ့ဆုံအမှာစကားပြောကြားကာ ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်အားပေးကြသည်။

အဆိုပါ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၆)မှ သင်တန်းသားများကို ကြံ့ခိုင်ရေးဘာသာရပ်၊ စစ်ရေးပြဘာသာရပ်၊ စစ်နည်းဗျူဟာဘာသာရပ် စသည့်ဘာသာရပ်များနှင့် အထွေထွေဘာသာရပ်များကို အဆင့်ဆင့် လေ့ကျင့်သင်ကြားပေးခဲ့ကြကြောင်း သိရှိရသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေ ၂၀၀၈ ခုနှစ်၊ ပုဒ်မ-၃၈၅ တွင် နိုင်ငံတော်၏ လွတ်လပ်ရေး၊ အချုပ်အခြာအာဏာနှင့် နယ်မြေတည်တံ့ခိုင်မြဲရေးအတွက် ကာကွယ်စောင့်ရှောက်ရေးသည် နိုင်ငံသားတိုင်းတွင်တာဝန်ရှိသည်ဟုပြဋ္ဌာန်းထားပြီး ပုဒ်မ-၃၈၆ တွင် နိုင်ငံသားတိုင်းသည် ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းဆောင်ရန် တာဝန်ရှိသည်ဟု ပြဋ္ဌာန်းထားသည်။ နိုင်ငံတော်အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံသားများ၏အခွင့်အရေးကိုကာကွယ်စောင့်ရှောက်ပေးလျက်ရှိပြီး နိုင်ငံသားများအနေဖြင့်လည်း နိုင်ငံ့တာဝန်များကို ထမ်းဆောင်ကြရမည်ဖြစ်သည်။ ယင်းတာဝန်များကို ကျေပွန်စွာထမ်းဆောင်ရန်ဆန္ဒရှိကြသည့် နိုင်ငံ့သားကောင်းများသည် ပြည်သူ့စစ်မှုထမ်းသင်တန်းများ တက်ရောက်ကာ နိုင်ငံတော်ကာကွယ်ရေးနှင့်လုံခြုံရေးတာဝန်များကို ထမ်းဆောင်နေကြပြီဖြစ်သည်။



ယနေ့တွင် သင်တန်းဆင်းခဲ့ကြသည့် ပြည်သူ့စစ်မှုထမ်းနိုင်ငံ့သားကောင်းစစ်သည်များသည်လည်း အဖွဲ့အစည်းဖြင့် စည်းစနစ်ကျစွာ လုပ်ကိုင်ဆောင်ရွက်တတ်သည့် အလေ့အကျင့်များ (Team Work)ရရှိခဲ့ပြီး နိုင်ငံချစ်စိတ်(Nationalism)၊ မျိုးချစ်စိတ်(Patriotism)၊ အဖွဲ့အစည်းစိတ်(Team Sprit)၊ ရဲဘော်ရဲဘက်စိတ်(esprit de corps)အပြည့်ဖြင့် တာဝန်ကျရာ တပ်ရင်း၊ တပ်ဖွဲ့အသီးသီးသို့သွားရောက်၍ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ဂုဏ်ယူစွာထမ်းဆောင်ကြရမည်ဖြစ်သည်။

ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၁၆)တွင်တက်ရောက်ခဲ့ရသည့်အတွေ့အကြုံများ၊ သင်တန်းမှရရှိခဲ့သည့် အလေ့အကျင့်ကောင်းများ၊ ယုံကြည်ချက်၊ ခံယူချက်များနှင့် သင်တန်းဆင်းပြီးနောက် မိမိတို့တာဝန်ကျရာ တပ်ရင်း၊ တပ်ဖွဲ့များ၌ ဆက်လက်တာဝန်ထမ်းဆောင်သွားမည့် အခြေအနေများနှင့်ပတ်သက်၍ သင်တန်းဆင်းနိုင်ငံ့သားကောင်းစစ်သည်များ၏ စကားသံများကိုလည်း ယခုလိုပဲကြားသိရပါတယ်-

"ကျွန်တော် ပြည်သူ့စစ်မှုထမ်းသင်တန်းကိုတက်ရောက်ရတဲ့ ရည်ရွယ်ချက်ကတော့ နိုင်ငံတော်ကလည်း ပြည်သူ့စစ်မှုထမ်းဥပဒေကို ပြဋ္ဌာန်းလိုက်တဲ့အတွက် မိဘကလည်း တိုက်တွန်းတယ်။ ကျွန်တော်ကလည်း စစ်သားကောင်းတစ်ယောက်ဖြစ်ချင်တာရယ် တပ်မတော်ရဲ့ဂုဏ်ကိုမြှင့်တင်ချင်တာကြောင့် ကျွန်တော်က ဒီထဲကို ဝင်ရောက်လာတာဖြစ်ပါတယ်။ ကွာခြားသွားတဲ့အရာ





ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁၆)သင်တန်းဆင်းပွဲအခမ်းအနားများကို တိုင်းစစ်ဌာနချုပ်များအလိုက် နယ်မြေခံသင်တန်းကျောင်းအသီးသီး၌ ကျင်းပပြုလုပ်စဉ်။

များကိုဖွံ့ဖြိုးစေသော အခြေခံအင်အားဖြစ်သည်နှင့်အညီ လူတစ်ဦးချင်းစီ၏ဘဝတိုးတက်မှုကိုသာမက နိုင်ငံတစ်နိုင်ငံ၏အနာဂတ်ကို ပုံဖော်ပေးနိုင်ပါသည်။ ထို့ကြောင့် ကျောင်းသား၊ကျောင်းသူ လူငယ်များအား ပညာရေးဖြင့် ကိုယ်ကျင့်တရားကောင်းမွန်ပြီး တာဝန်သိ၍ စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ရှိသည့် နိုင်ငံ့သားကောင်းများဖြစ်အောင် ပြုစုပျိုးထောင်ပေးကြရမည်ဖြစ်ပါသည်။

နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့်အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ပေးသွားကြရမည်ဖြစ်ပါသည်။ အဆိုပါကဏ္ဍများတွင် လိုအပ်သောလူသားအရင်းအမြစ်များမွေးထုတ်ပေးနိုင်ရန်အတွက် ကျောင်းသားလူငယ်များကို အသက်မွေးဝမ်းကျောင်းပညာများ သင်ကြားလေ့ကျင့်ပေး နိုင်ရေးကို ဦးစားပေးဆောင်ရွက်လျက်ရှိပါသည်။ အလယ်တန်းပညာပြီးမြောက်ပြီးသူများကို စက်မှုနည်းပညာ၊ စိုက်ပျိုးရေး၊ မွေးမြူရေးအသက်မွေးဝမ်းကျောင်းအတတ်ပညာများ သင်ယူတတ်မြောက်နိုင်မည့် အခွင့်အလမ်းများနှင့် အလုပ်အကိုင်အခွင့်အလမ်းများရရှိနိုင်ရန် အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်းများကို တိုးချဲ့ဖွင့်လှစ်သင်ကြားပေးလျက်ရှိပါသည်။

ထိုမှတစ်ဆင့် အသိပညာ၊ အတတ်ပညာနှင့် စွမ်းဆောင်ရည်မြင့်မားသော နိုင်ငံ့သားကောင်း ထူးချွန်ပညာရှင်များပေါ်ထွန်းလာစေရေး ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပါသည်။ ဆရာ၊ ဆရာမများကလည်း ပညာသင်ကြားပေးရုံသာမက ဗလငါးတန်နှင့်ပြည့်စုံသော၊ အနာဂတ်တွင် နိုင်ငံတော်ကအားကိုးအားထားပြုရသည့် လူ့စွမ်းအားအရင်းအမြစ်ကောင်းများဖြစ်အောင် လေ့ကျင့်ပျိုးထောင်ပေးရမည် ဖြစ်ပါသည်။ သို့မှသာ အသိပညာ အတတ်ပညာပြည့်စုံပြီး ထူးချွန်ထက်မြက်သော လူ့စွမ်းအားအရင်းအမြစ်များဖြင့် နိုင်ငံတော်ကိုတည်ဆောက်သွားနိုင်မည်ဖြစ်ပါသည်။

**ချစ်ခင်လေးစားရပါသော မိဘပြည်သူများနှင့် တိုင်းရင်းသားညီအစ်ကို မောင်နှမများခင်ဗျား**

နိုင်ငံတစ်နိုင်ငံ တည်ငြိမ်အေးချမ်းရေးနှင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်သူတစ်ဦးချင်းစီ၏ အသိပညာ၊ အတတ်ပညာ၊ အတွေးအခေါ်၊ ဗဟုသုတပြည့်ဝစေခြင်းဖြင့် အမျိုးသားပညာရေးကို မြှင့်တင်ပေးရမည်ဖြစ်ပါသည်။ အထူးသဖြင့် ဒီမိုကရေစီစနစ်သို့ကူးပြောင်းနေသည့် ယနေ့ကာလတွင် တိုင်းရင်းသားပြည်သူများအနေဖြင့် အရာရာကိုစဉ်းစားတွေးခေါ်ကာ အမှားအမှန်ကိုခွဲခြားသိရှိပြီး နိုင်ငံနှင့်လူမျိုးအကျိုး သယ်ပိုးဆောင်ရွက်ရန် အရေးကြီးပါသည်။ ထို့ပြင် ပညာရေးမှရရှိလာသည့် စဉ်းစားဆင်ခြင်သုံးသပ်နိုင်စွမ်းနှင့်ပြဿနာကို ဖြေရှင်းနိုင်စွမ်းကလည်း နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ ကာကွယ်ရေး၊ စီးပွားရေး၊ လူမှုရေးစသည့် နယ်ပယ်အသီးသီးတွင် များစွာအထောက်အကူပြုသော ပင်ကိုအရည်အချင်းများပင်ဖြစ်ပါသည်။

အသိပညာအတတ်ပညာပြည့်စုံသော ပညာတတ်များဖြင့် နိုင်ငံတော်ကိုတည်ဆောက်ကြရပါမည်။ နိုင်ငံသားတိုင်း အခြေခံပညာသင်ယူပြီးမြောက်စေရေးအတွက် လူတိုင်းပညာသင်ယူခွင့်ရရှိရေးနှင့် လူတိုင်းအကျုံးဝင်ပညာရေးကို အားပေးလျက်ရှိပါသည်။ အမျိုးသားပညာရေးမြှင့်တင်ရေးအတွက် အခြေခံအဆောက်အအုံများ ဖြည့်ဆည်းပေးခြင်း၊ သင်ရိုးညွှန်းတမ်းများ ခေတ်နှင့်အညီ မွမ်းမံပြင်ဆင်ခြင်း၊ ဆရာ၊ ဆရာမများ သင်ကြားသင်ယူမှုအရည်အသွေးမြှင့်တင်ခြင်း၊ သင်ယူမှုအခွင့်အလမ်းများ တိုးမြှင့်ခြင်းတို့ကိုဆောင်ရွက်ပေးလျက်ရှိကာ ပညာရေးအသုံးစရိတ်များကို နှစ်စဉ်တိုးတက်သုံးစွဲလျက်ရှိပါသည်။ သို့ဖြစ်ပါ၍ အမျိုးသားပညာရေးကိုမြှင့်တင်ခြင်းဖြင့် နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရန် နိုင်ငံသားအားလုံးက ဝိုင်းဝန်းကူညီဆောင်ရွက်ကြရမည်ဖြစ်ပါသည်။

ယနေ့ကာလသည် မိမိတို့နိုင်ငံအတွက် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကြီးတည်ဆောက်ရေးအတွက် အရေးကြီးသည့်အချိန်ဖြစ်ပါသည်။ ပြည်သူလူထုတစ်ရပ်လုံးလိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ် အောင်မြင်စွာလျှောက်လှမ်းနိုင်ရေးအတွက် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကို မကြာမီ စတင်ကျင်းပတော့မည်ဖြစ်ပါသည်။ ရွေးကောက်ပွဲလုပ်ငန်းစဉ်သည်သာ မိမိတို့လျှောက်လှမ်းရမည့် လမ်းကြောင်းအမှန်ဖြစ်သဖြင့် ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အောင်မြင်အောင်ဝိုင်းဝန်းဆောင်ရွက်ပေးကြပါရန် တိုက်တွန်းအပ်ပါသည်။

**ချစ်ခင်လေးစားရပါသော မိဘပြည်သူများနှင့် ပြည်ထောင်စုဖွား တိုင်းရင်းသားညီအစ်ကိုမောင်နှမများခင်ဗျား**

အမျိုးသားအောင်ပွဲနေ့သည် မြန်မာပြည်သူပြည်သားအားလုံး၏ လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းတွင် ဇာတိသွေး၊ ဇာတိမာန်ရှင်သန်ထက်မြက်တက်ကြွလာစေရန် သန္နေတည်ပေးခဲ့သော နေ့တစ်နေ့ဖြစ်ပါသည်။ ဤသို့ ထူးခြားလေးမြတ်လှသည့် အမျိုးသားအောင်ပွဲနေ့၌ **"စည်းလုံးချစ်ကြည်လက်တွဲညီ ရွှေပြည်သစ်ဆီလှမ်းကြမည်"**ဆိုသည့် ၁၀၅ နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ ဆောင်ပုဒ်နှင့်အညီ မြန်မာပြည်သူပြည်သားအပေါင်းတို့က ပြည်ထောင်စုစိတ်ဓာတ်ကိုအရင်းခံကာ သွေးစည်းညီညွတ်သော အမျိုးသားရေးအားမာန်များဖြင့် ထာဝရငြိမ်းချမ်းသာယာပြီး ဖွံ့ဖြိုးတိုးတက်သော ရွှေပြည်သစ်ကြီးသို့ ပူးပေါင်းချီတက်သွားကြပါရန် အလေးအနက်ထားတိုက်တွန်းနှိုးဆော်အပ်ပါသည်။

နိဂုံးချုပ်အနေဖြင့် ယခုနှစ်အမျိုးသားအောင်ပွဲနေ့ ဦးတည်ချက်များဖြစ်သည့်-

- ပြည်ထောင်စုကြီး တည်တံ့ခိုင်မြဲရေးကို တိုင်းရင်းသားပြည်သူအားလုံးက အမျိုးသားရေးတာဝန်တစ်ရပ်ဖြင့် ထိန်းသိမ်းစောင့်ရှောက်ရေး၊
- အသိပညာအတတ်ပညာပြည့်စုံသော လူ့စွမ်းအားအရင်းအမြစ်များဖြင့် နိုင်ငံတော်ကို တည်ဆောက်ရေး၊
- အမျိုးသားပညာရေးကို မြှင့်တင်ခြင်းဖြင့် နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေး၊
- အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး

တို့ကိုအောင်မြင်စေရေးအတွက် ပြည်ထောင်စုဖွား တိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံးက တွဲလက်ညီညီ စည်းလုံးညီညွတ်စွာဖြင့် ပူးပေါင်းပါဝင်ကြပြီး ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကြီးကို အောင်မြင်အောင်တည်ဆောက်ကြပါစို့ဟု အလေးအနက်တိုက်တွန်းအပ်ပါသည်။

**ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ**
**သတိုးသီရိသုဓမ္မမင်းအောင်လှိုင်**
**ယာယီသမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ဥက္ကဋ္ဌ**
**နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်**




ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁၆)သင်တန်းဆင်းပွဲအခမ်းအနားများကို တိုင်းစစ်ဌာနချုပ်များအလိုက် နယ်မြေခံသင်တန်းကျောင်းအသီးသီး၌ ကျင်းပပြုလုပ်စဉ်။

တွေကတော့ အပြင်မှာဆို ကျွန်တော်ပေါ့ပေါ့ပါးပါးပဲနေတာပါ။ ဒီမှာကျတော့ ကိုယ့်ဟာနဲ့ ကိုယ်အကျင့်လေးတွေဖြစ်လာတယ်။ မနက်ဆို အိပ်ရာစောစောထတက်လာတယ်။အရာအားလုံးက အကျင့်တွေနဲ့ပဲ အကုန်ဖြစ်လာတယ်။ စည်းကမ်းရှိလာတယ်။ မိဘတွေကလည်း ဒီလိုမျိုးဖြစ်စေချင်နေတာပါ။ ကျွန်တော်ကလည်း ဒီလိုမျိုးဖြစ်တာနဲ့ ကွက်တိသွားဖြစ်ပါတယ်။ တပ်မတော်ထဲ ဝင်လာတာမှန်တယ်လို့ပဲ ကျွန်တော့်အနေနဲ့ယူဆပါတယ်။ နောက်လာမယ့် ညီတော်တွေကိုလည်း နိုင်ငံတော်ကို ကာကွယ်ဖို့အတွက် ပြည်သူ့စစ်မှုထမ်းသင်တန်းကို တက်ရောက်ကြပါလို့ ကျွန်တော်ပြောချင်ပါတယ်"ဟု ပြောသည်။

"ကျွန်တော်ဒီသင်တန်းမှာ ချေမှုန်းရေးဆုကိုရရှိခဲ့ပါတယ်။ စရောက်တဲ့အချိန်မှာ တော်တော်လေးပင်ပန်းပါတယ်။ နောက်ပိုင်းကျတော့ နည်းပြဆရာတွေ သင်ကြားပြသပေးတာတွေကိုသေချာလိုက်လုပ်ပြီး ဆရာတွေရဲ့ ဆုံးမမှုတွေ၊ ဖေးမမှုတွေနဲ့ပဲ တဖြည်းဖြည်းနဲ့နေသားကျလာပါတယ်။ ဒီဆုကိုရရှိဖို့အတွက် ဆရာတွေသင်ကြားပေးတဲ့အရာတွေကို စာတွေ့ဖြစ်စေ၊ လက်တွေ့ဖြစ်စေ စနစ်တကျနဲ့ သေသေချာချာလေးလိုက်ပါဆောင်ရွက်တဲ့အတွက်ကြောင့် ဒီဆုကိုရရှိခဲ့ခြင်းဖြစ်ပါတယ်။ ကျွန်တော့်ရဲ့ ပညာအရည်အချင်းကတော့ ဒဿနိကဗေဒဘာသာရပ်ဖြစ်ပါတယ်။ ကျောင်းတော်ကြီးက သင်ကြားပေးလိုက်တဲ့ပညာရပ်တွေကို မြေပြင်မှာ သေချာစွာ စနစ်တကျအသုံးပြုပြီးတော့ အမြဲတမ်းစစ်သည် ညီအစ်ကိုနောင်တော်တွေနဲ့အတူ သေသေချာချာပူးပေါင်းဆောင်ရွက်သွားပါမယ်။ နောင်လာမယ့်ညီအစ်ကိုတွေကို ပြောချင်တာကတော့ နိုင်ငံတော်က ချမှတ်ထားတဲ့ ပြည်သူ့စစ်မှုထမ်းဥပဒေကိုလိုက်နာပြီးတော့ ဒီပြည်သူ့စစ်မှုထမ်းသင်တန်းကို တက်ရောက်ဖို့ တိုက်တွန်းပြောကြားလိုပါတယ်"ဟု ပြောသည်။

"ကျွန်တော်တို့ မြန်မာနိုင်ငံမှာ ပြည်သူ့စစ်မှုထမ်းဥပဒေကို ပြဋ္ဌာန်းလိုက်ပြီဖြစ်တဲ့





အတွက်ကြောင့် နိုင်ငံ့သားကောင်းတစ်ယောက်အနေနဲ့ ဥပဒေကို စောင့်ထိန်းရမယ်ဆိုတဲ့အသိနဲ့ ဒီသင်တန်းကို တက်ရောက်ခြင်းဖြစ်ပါတယ်။ အရပ်သားဘဝနဲ့ စစ်မှုထမ်းဘဝက တော်တော်လေးကွာခြားပါတယ်။ တပ်မတော်သားတစ်ယောက်ဖြစ်လာတဲ့အခါမှာ အရင်ကထက်ပိုပြီးတော့ စည်းကမ်းကောင်းလာတယ်လို့ထင်ပါတယ်။ ရရှိခဲ့တဲ့ဆုအမျိုးအစားကတော့ လက်ဖြောင့်တပ်သားဆုဖြစ်ပါတယ်။ ဒီဆုကို ဘယ်လိုရအောင်ကြိုးစားခဲ့လဲဆိုတော့ နည်းပြဆရာတွေ သင်ခန်းစာပို့ချတဲ့အချိန်မှာ စိတ်ပါဝင်စားစွာနဲ့ လေ့လာသင်ယူမှတ်သားပြီးတော့ အာရုံစိုက်ပြီးလုပ်ခဲ့လို့ဖြစ်ပါတယ်။ ဒီအတတ်ပညာတွေကိုအသုံးချပြီးတော့ နိုင်ငံတော်အပေါ် အသက်ပေးပြီးတော့ ကာကွယ်စောင့်ရှောက်သွားမယ်လို့ ခံယူထားပါတယ်။ သင်တန်းဆင်းပြီးကာလ ကျောင်းတော်ကြီးက သင်ကြားပေးလိုက်တဲ့ပညာရပ်တွေကို မြေပြင်မှာ လက်တွေ့အသုံးချပြီးတော့ အမြဲတမ်းစစ်မှုထမ်း ညီအစ်ကိုတွေနဲ့အတူတူ တိုင်တိုင်ပင်ပင်နဲ့ကျရာတာဝန်တွေကိုကျေပွန်စွာထမ်းဆောင်မယ်လို့ ခံယူထားပါတယ်"ဟု ပြောသည်။

ထို့နောက် ညပိုင်းတွင် သင်တန်းကျောင်းအသီးသီး၌ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁၆)မှ နိုင်ငံ့သားကောင်းစစ်သည်များကို သင်တန်းဆင်းဂုဏ်ပြုညစာစားပွဲများပြုလုပ်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတက ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ**
**အမိန့်ကြော်ငြာစာအမှတ် ၂၀၃/၂၀၂၅**
၁၃၈၇ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်
(၂၀၂၅ ခုနှစ် နိုဝင်ဘာလ ၁၄ ရက်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတက နိုင်ငံတော်အတွက် ထူးကဲစွာ အမှုထမ်းသူ၊ အကျိုးဆောင်သူများနှင့် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်ခဲ့သည့် အောက်ဖော်ပြပါပုဂ္ဂိုလ်များအား ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များကို ချီးမြှင့်အပ်နှင်းလိုက်သည်-

**စွမ်းဆောင်မှုဆိုင်ရာဂုဏ်ထူးဆောင်ဘွဲ့များ**

**သီရိပျံချီဘွဲ့**

၁။ ဒေါက်တာအောင်ကျော်မြတ် ဥက္ကဋ္ဌ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ

**ဇေယျကျော်ထင်ဘွဲ့**

| | | | |
|---|---|---|---|
| ၁။ | ဗိုလ်ချုပ် | စိုးမင်း | ကာကွယ်ရေးဝန်ကြီးဌာန |
| ၂။ | ဗိုလ်ချုပ် | စိုးမြတ်ထွဋ် | ကာကွယ်ရေးဝန်ကြီးဌာန |
| ၃။ | ဗိုလ်ချုပ် | ဝင်းမောင်သိန်း | ကာကွယ်ရေးဝန်ကြီးဌာန |
| ၄။ | ဗိုလ်ချုပ် | မင်းသူ | ကာကွယ်ရေးဝန်ကြီးဌာန |
| ၅။ | ဗိုလ်ချုပ် | အောင်သူစိုး | ကာကွယ်ရေးဝန်ကြီးဌာန |
| ၆။ | ဗိုလ်ချုပ် | ထွန်းဝင်း | ကာကွယ်ရေးဝန်ကြီးဌာန |
| ၇။ | ဗိုလ်ချုပ် | ကျော်ကျော် | ကာကွယ်ရေးဝန်ကြီးဌာန |

**ဝဏ္ဏကျော်ထင်ဘွဲ့**

| | | | |
|---|---|---|---|
| ၁။ | ဦးကိုကိုကျော် | ဒုတိယဝန်ကြီး | နိုင်ငံခြားရေးဝန်ကြီးဌာန |
| ၂။ | ဒေါက်တာထိန်လင်းဦး | ဒုတိယဝန်ကြီးနှင့်ဒုတိယရှေ့နေချုပ် | ဥပဒေရေးရာဝန်ကြီးဌာန |
| ၃။ | ဦးဖြိုးဇော်စိုး | ဒုတိယဝန်ကြီး | ဟိုတယ်နှင့်ခရီးသွားလာရေး ဝန်ကြီးဌာန |
| ၄။ | ဦးလွင်ဦး | အမြဲတမ်းအတွင်းဝန်/ ညွှန်ကြားရေးမှူးချုပ်(ငြိမ်း) | အမျိုးသားလွှတ်တော်ရုံး |
| ၅။ | ဦးဖေအေး | (အလေးမ) အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန | |
| ၆။ | ဦးဝင်းဇော် | ဥက္ကဋ္ဌ မြန်မာနိုင်ငံဗိသုကာကောင်စီ | |
| ၇။ | ဦးချမ်းအေး | PE(Structural)၊ ASEAN Chartered Professional Engineer(ACPE) Member၊ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ | |
| ၈။ | ဦးဇာလီချမ်း | PE(Structural)၊ PE(Geotechnical)၊ ASEAN Chartered Professional Engineer(ACPE) Member ၊ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ | |
| ၉။ | ဦးဝိတ်(ခ) ဦးဝိဇ္ဇာ | ဥက္ကဋ္ဌ အမရပူရမြို့ပြဖွံ့ဖြိုးရေးစီမံကိန်း | |
| ၁၀။ | ဒေါက်တာနီနီ | နာယက ရွှေသံလွင်ကုမ္ပဏီ | |

**အလင်္ကာကျော်စွာဘွဲ့**

| | | |
|---|---|---|
| ၁။ | ရေနံ့သာဝင်းမောင် | တေးရေးပညာရှင် |
| ၂။ | စန္ဒရားတင်ဝင်းလှိုင် | ဂီတပညာရှင် |
| ၃။ | ရေနံ့သာစိုးလှိုင် | အဆိုပညာရှင် |
| ၄။ | ရွှေကူနန်းနွဲ့နွဲ့ | မဟာဂီတအဆိုပညာရှင် |
| ၅။ | အေဝမ်းမောင်တင်ယု | ဒါရိုက်တာ |
| ၆။ | အောင်လွင် | ဒါရိုက်တာ |

**သိပ္ပကျော်စွာဘွဲ့**

| | | | |
|---|---|---|---|
| ၁။ | ဦးသိန်းလှိုင် | အဖွဲ့ဝင် မြန်မာသမိုင်းအဖွဲ့ | |
| ၂။ | ဦးကျော် | အဖွဲ့ဝင် မြန်မာသမိုင်းအဖွဲ့ | |
| ၃။ | ဦးမြဟန် | အဖွဲ့ဝင် မြန်မာသမိုင်းအဖွဲ့ | |
| ၄။ | ပါမောက္ခ ဒေါက်တာသိန်းသိန်းမြင့် | ပါမောက္ခ/ဌာနမှူး(ငြိမ်း) (ကလေးကျန်းမာပညာဌာန) | ကျန်းမာရေးဝန်ကြီးဌာန |
| ၅။ | ပါမောက္ခ ဒေါက်တာရဲမြ | ပါမောက္ခ/ ဌာနမှူး(ငြိမ်း) (သွေးရောဂါအထူးကုဌာန) | ကျန်းမာရေးဝန်ကြီးဌာန |
| ၆။ | ဒေါက်တာဉာဏ်မြင့်ကျော် | ပါမောက္ခ(ရန်ကုန်နည်းပညာတက္ကသိုလ်) | ဆောက်လုပ်ရေးဝန်ကြီး ဌာန |
| ၇။ | ဦးသိန်းဇော် | ဥက္ကဋ္ဌ အထပ်မြင့်နှင့် အများပြည်သူသုံးအဆောက်အအုံ၊ တည်ဆောက်ရေးစီမံကိန်းများကြီးကြပ်စစ်ဆေးရေးပညာရှင်အဖွဲ့ | |
| ၈။ | ဦးခင်မောင်ဌေး | ဥက္ကဋ္ဌ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ် | |
| ၉။ | ဒေါက်တာစုံဟန် | ဥက္ကဋ္ဌ မြန်မာနိုင်ငံဘူမိသိပ္ပံအသင်း | |
| ၁၀။ | ဦးညွန့်မောင်စန်း | ဥက္ကဋ္ဌ မြန်မာနိုင်ငံငလျင်ကော်မတီ | |
| ၁၁။ | ဦးဝင်းတင့် | ဒုတိယဥက္ကဋ္ဌ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ် | |
| ၁၂။ | ဦးကြည်စိုး | ဒုတိယဥက္ကဋ္ဌ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ် | |
| ၁၃။ | ဦးစောထွေးဇော် | ဒုတိယဥက္ကဋ္ဌ မြန်မာနိုင်ငံငလျင်ကော်မတီ | |
| ၁၄။ | ဦးစန်းကြူ | ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် မြန်မာနိုင်ငံအင်ဂျင်နီယာ အသင်းချုပ် | |
| ၁၅။ | ဒေါက်တာယုမောင် | ပညာရှင် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ် | |
| ၁၆။ | ဦးဌေးဦး | တွဲဖက်အတွင်းရေးမှူး-၂ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ | |
| ၁၇။ | ဒေါ်မြမြဝင်း | တွဲဖက်အတွင်းရေးမှူး အထပ်မြင့်နှင့် အများပြည်သူသုံး အဆောက်အအုံ၊ တည်ဆောက်ရေးစီမံကိန်းများကြီးကြပ်စစ်ဆေးရေးပညာရှင်အဖွဲ့ | |

**တပ်မတော်ဆိုင်ရာစွမ်းရည်သတ္တိဂုဏ်ထူးဆောင်တံဆိပ်**

**သူရဲကောင်းမှတ်တမ်းဝင်တံဆိပ်**

| | | | |
|---|---|---|---|
| ၁။ | ဗိုလ်မှူးကြီး | မြင့်ဟိဏ်း | ကာကွယ်ရေးဝန်ကြီးဌာန |
| ၂။ | ဗိုလ်မှူးကြီး | အောင်စည်ဖြိုး | ကာကွယ်ရေးဝန်ကြီးဌာန |
| ၃။ | ဗိုလ်မှူးကြီး | အာကာထွန်း | ကာကွယ်ရေးဝန်ကြီးဌာန |
| ၄။ | ဗိုလ်မှူးကြီး | ဆန်းလင်း | ကာကွယ်ရေးဝန်ကြီးဌာန |
| ၅။ | ဗိုလ်မှူးကြီး | မောင်မောင်ဝင်း | ကာကွယ်ရေးဝန်ကြီးဌာန |
| ၆။ | ဗိုလ်မှူးကြီး | ဝေလင်းထွန်း | ကာကွယ်ရေးဝန်ကြီးဌာန |
| ၇။ | ဒုတိယဗိုလ်မှူးကြီး | ဝင်းမောင်မောင် | ကာကွယ်ရေးဝန်ကြီးဌာန |
| ၈။ | ဒုတိယဗိုလ်မှူးကြီး | နေလင်းအောင် | ကာကွယ်ရေးဝန်ကြီးဌာန |
| ၉။ | ဒုတိယဗိုလ်မှူးကြီး | ရီမွန် | ကာကွယ်ရေးဝန်ကြီးဌာန |
| ၁၀။ | ဒုတိယဗိုလ်မှူးကြီး | ဇော်ဇော်နိုင် | ကာကွယ်ရေးဝန်ကြီးဌာန |
| ၁၁။ | ဒုတိယဗိုလ်မှူးကြီး | ဌေးဇော်ဦး | ကာကွယ်ရေးဝန်ကြီးဌာန |
| ၁၂။ | ဒုတိယဗိုလ်မှူးကြီး | ဝင်းမောင် | ကာကွယ်ရေးဝန်ကြီးဌာန |
| ၁၃။ | ဒုတိယဗိုလ်မှူးကြီး | လွှမ်းမိုးအောင် | ကာကွယ်ရေးဝန်ကြီးဌာန |
| ၁၄။ | ဗိုလ်မှူး | မျိုးမင်းထက် | ကာကွယ်ရေးဝန်ကြီးဌာန |
| ၁၅။ | ဗိုလ်မှူး | ဝင်းသူအောင် | ကာကွယ်ရေးဝန်ကြီးဌာန |
| ၁၆။ | ဗိုလ်မှူး | အောင်မြင့်ခိုင် | ကာကွယ်ရေးဝန်ကြီးဌာန |
| ၁၇။ | ဗိုလ်မှူး | ပြည့်ဖြိုးလင်း | ကာကွယ်ရေးဝန်ကြီးဌာန |
| ၁၈။ | ဗိုလ်မှူး | ချမ်းမြေ့ကိုကို | ကာကွယ်ရေးဝန်ကြီးဌာန |
| ၁၉။ | ဗိုလ်မှူး | စိုးထက်အောင် | ကာကွယ်ရေးဝန်ကြီးဌာန |
| ၂၀။ | ဗိုလ်မှူး | ဆန်းလင်းအောင် | ကာကွယ်ရေးဝန်ကြီးဌာန |
| ၂၁။ | ဗိုလ်မှူး | နိုင်ဗိုလ်ဗိုလ်ဦး | ကာကွယ်ရေးဝန်ကြီးဌာန |
| ၂၂။ | ဗိုလ်မှူး | စစ်မင်းသူ | ကာကွယ်ရေးဝန်ကြီးဌာန |
| ၂၃။ | ဗိုလ်မှူး | ထက်မြတ်သူ | ကာကွယ်ရေးဝန်ကြီးဌာန |
| ၂၄။ | ဗိုလ်မှူး | ရဲလင်းကျော် | ကာကွယ်ရေးဝန်ကြီးဌာန |
| ၂၅။ | ဗိုလ်မှူး | မင်းမင်း | ကာကွယ်ရေးဝန်ကြီးဌာန |
| ၂၆။ | ဗိုလ်မှူး | မျိုးထက်အောင် | ကာကွယ်ရေးဝန်ကြီးဌာန |
| ၂၇။ | ဗိုလ်ကြီး | ချမ်းမြေ့ထွေး | ကာကွယ်ရေးဝန်ကြီးဌာန |
| ၂၈။ | ဗိုလ်ကြီး | မင်းသူ | ကာကွယ်ရေးဝန်ကြီးဌာန |
| ၂၉။ | ဗိုလ်ကြီး | ထက်လွင်အောင် | ကာကွယ်ရေးဝန်ကြီးဌာန |
| ၃၀။ | ဗိုလ်ကြီး | နိုရယ် | ကာကွယ်ရေးဝန်ကြီးဌာန |
| ၃၁။ | ဗိုလ်ကြီး | ထက်ဘုန်းလျှံ | ကာကွယ်ရေးဝန်ကြီးဌာန |
| ၃၂။ | ဗိုလ်ကြီး | သက်ဇော်အောင် | ကာကွယ်ရေးဝန်ကြီးဌာန |
| ၃၃။ | ဗိုလ်ကြီး | ဇင်လင်းထွန်း | ကာကွယ်ရေးဝန်ကြီးဌာန |
| ၃၄။ | ဗိုလ် | အောင်ဇော်မင်း | ကာကွယ်ရေးဝန်ကြီးဌာန |
| ၃၅။ | ၈၅၇၆၆၄ | ဒုတိယအရာခံဗိုလ်ဇော်ထိုက် | ကာကွယ်ရေးဝန်ကြီးဌာန |
| ၃၆။ | တ-၂၅၉၈၀ | ဒုတိယအရာခံဗိုလ်ချစ်ဦးမောင် | ကာကွယ်ရေးဝန်ကြီးဌာန |
| ၃၇။ | တ- ၂၆၃၆၁ | ဒုတိယအရာခံဗိုလ်တိုးတိုး | ကာကွယ်ရေးဝန်ကြီးဌာန |
| ၃၈။ | တ- ၁၂၇၇၀၇ | ဒုတိယအရာခံဗိုလ်မောင်ဝင်း | ကာကွယ်ရေးဝန်ကြီးဌာန |
| ၃၉။ | ၄၂၃၄၅ | တပ်ကြပ်ကြီး/ ၄၁ စိုးခိုင် | ကာကွယ်ရေးဝန်ကြီးဌာန |
| ၄၀။ | တ- ၁၃၄၉၂၇ | တပ်ကြပ်ကြီးဝင်းအောင် | ကာကွယ်ရေးဝန်ကြီးဌာန |
| ၄၁။ | တ- ၃၆၈၃၀၁ | တပ်ကြပ်ကြီးအိုက်ကီး | ကာကွယ်ရေးဝန်ကြီးဌာန |
| ၄၂။ | တ- ၅၈၈၀၄၈ | တပ်ကြပ်ကြီးဇော်ထက်အောင် | ကာကွယ်ရေးဝန်ကြီးဌာန |
| ၄၃။ | တ-၂၅၆၅၂၆ | တပ်ကြပ်စိုးသူ | ကာကွယ်ရေးဝန်ကြီးဌာန |
| ၄၄။ | တ- ၃၈၈၅၃၄ | တပ်ကြပ်ဝေယံမင်း | ကာကွယ်ရေးဝန်ကြီးဌာန |
| ၄၅။ | တ- ၄၉၆၂၀၃ | တပ်ကြပ်အောင်ဝင်းရွှေ | ကာကွယ်ရေးဝန်ကြီးဌာန |
| ၄၆။ | တတ-၁၂၈၉၄၆ | တပ်ကြပ်မျိုးထွန်း | ကာကွယ်ရေးဝန်ကြီးဌာန |
| ၄၇။ | တတ- ၁၃၅၂၉၇ | တပ်ကြပ်ရဲနိုင် | ကာကွယ်ရေးဝန်ကြီးဌာန |
| ၄၈။ | တတ- ၁၃၅၄၈၁ | တပ်ကြပ်သိန်းဇော် | ကာကွယ်ရေးဝန်ကြီးဌာန |
| ၄၉။ | တ- ၄၅၈၉၃၄ | ဒုတိယတပ်ကြပ်မြင့်ဇော် | ကာကွယ်ရေးဝန်ကြီးဌာန |
| ၅၀။ | တ- ၄၇၇၁၀၃ | ဒုတိယတပ်ကြပ်မြင့်နိုင်ထွန်း | ကာကွယ်ရေးဝန်ကြီးဌာန |
| ၅၁။ | တ- ၅၄၃၇၄၂ | ဒုတိယတပ်ကြပ်သန့်ဇင်ထိုက် | ကာကွယ်ရေးဝန်ကြီးဌာန |
| ၅၂။ | တ-၅၆၀၆၄၂ | ဒုတိယတပ်ကြပ်ခွန်အောင်သန်း | ကာကွယ်ရေးဝန်ကြီးဌာန |
| ၅၃။ | တ- ၅၈၈၀၂၅ | ဒုတိယတပ်ကြပ်သူရအောင် | ကာကွယ်ရေးဝန်ကြီးဌာန |
| ၅၄။ | ပစ-၁၂၄၀၉၆ | တပ်သားချမ်းငြိမ်းဦး | ကာကွယ်ရေးဝန်ကြီးဌာန |

**မြန်မာနိုင်ငံရဲတပ်ဖွဲ့ဆိုင်ရာစွမ်းရည်သတ္တိဂုဏ်ထူးဆောင်တံဆိပ်များ**

**ရဲသူရတံဆိပ်**

| | | | |
|---|---|---|---|
| ၁။ | ရဲမှူးကြီး | ရန်နိုင်ထွန်း | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၂။ | ယာယီဒုတိယရဲမှူးကြီး | ကျော်သူ | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၃။ | ယာယီဒုတိယရဲမှူးကြီး | ထင်အောင်ဇင် | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၄။ | ရဲမှူး | စောမင်းသိန်း | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၅။ | ဒုတိယရဲမှူး | မြင့်ဇော် | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၆။ | လ ၂၉၄၁၇၀ | ရဲအုပ်ဟိန်းမင်းဇော် | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၇။ | လ ၂၇၆၇၁၇ | ရဲဒုတိယတပ်ကြပ်ရန်ကိုကိုသိန်းလှိုင် | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |

**ရဲဗလတံဆိပ်**

| | | | |
|---|---|---|---|
| ၁။ | ယာယီဒုတိယရဲမှူးကြီး | ဉာဏ်ဒီပ | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၂။ | ဦးအာကာ | ဒုတိယညွှန်ကြားရေးမှူး | အကျဉ်းဦးစီးဌာန |
| ၃။ | ဦးဌေးဝင်း | ဒုတိယညွှန်ကြားရေးမှူး | မီးသတ်ဦးစီးဌာန |
| ၄။ | ရဲမှူး | ဝင်းနိုင်ဦး | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၅။ | ဦးစိုးသက်နောင် | လက်ထောက်ညွှန်ကြားရေးမှူး | မီးသတ်ဦးစီးဌာန |
| ၆။ | ဒုတိယရဲမှူး | စိုင်းကျော်ထိုက်ဝင်း | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |

စာမျက်နှာ ၁၉ သို့

**စာမျက်နှာ ၁၈ မှအဆက်**

| | | | |
|---|---|---|---|
| ၇။ | ဦးအောင်ရာဇာဖြိုး | ဦးစီးအရာရှိ | မီးသတ်ဦးစီးဌာန |
| ၈။ | ဦးရာဇာမင်းမြတ် | ဦးစီးအရာရှိ | မီးသတ်ဦးစီးဌာန |
| ၉။ | ဦးကျော်မျိုး | ဦးစီးအရာရှိ | မီးသတ်ဦးစီးဌာန |
| ၁၀။ | ဦးထွန်းအေး | ဦးစီးအရာရှိ | လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန |
| ၁၁။ | ဦးအောင်အောင် | ဦးစီးအရာရှိ | လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန |
| ၁၂။ | ဗိုလ်ကြီး | မြင့်ဝင်း(ငြိမ်း) | ရှမ်းပြည်နယ် |
| ၁၃။ | လ ၁၉၆၈၈၅ | ရဲအုပ်အောင်မျိုးထွေး | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၁၄။ | လ ၁၉၇၁၄၂ | ရဲအုပ်စိုးဝဏ္ဏ | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၁၅။ | လ ၂၆၆၁၈၁ | ရဲအုပ်ဇော်ဂျီလေး | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၁၆။ | ၅၀၅၈၈၈ | အရာခံဗိုလ်ဝင်းအောင်(ငြိမ်း) | ရှမ်းပြည်နယ် |
| ၁၇။ | လ ၂၆၁၉၀၇ | ဒုတိယရဲအုပ်ကျော်မိုးဟန် | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၁၈။ | လ ၂၉၄၀၀၀ | ဒုတိယရဲအုပ်ရဲရင့်အောင် | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၁၉။ | လ ၂၉၄၈၄၅ | ဒုတိယရဲအုပ်မင်းဇော်ထွန်း | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၂၀။ | လ ၁၆၁၂၉၇ | ရဲအရာခံအေးကိုကို | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၂၁။ | မ ၂၀၂၂၉ | လက်ထောက်မီးသတ်ဦးစီးမှူး ဦးတင့်မင်းဇော် | မီးသတ်ဦးစီးဌာန |
| ၂၂။ | လ ၂၂၅၃၉၀ | ရဲတပ်ကြပ်ညီညီဝင်း | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၂၃။ | လ ၂၄၄၇၅၅ | ရဲတပ်ကြပ်သန့်ဇင်ဦး | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၂၄။ | လ ၃၀၅၅၈၇ | ရဲတပ်ကြပ်ဇင်မင်းဦး | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၂၅။ | မ ၂၄၈၇၅ | မီးသတ်တပ်ကြပ်ကြီးဘိုဘို | မီးသတ်ဦးစီးဌာန |
| ၂၆။ | မ ၂၆၆၃၄ | မီးသတ်တပ်ကြပ်ကြီးပြည့်စုံ | မီးသတ်ဦးစီးဌာန |
| ၂၇။ | လ ၂၆၈၇၅၂ | ရဲဒုတိယတပ်ကြပ်ဘိုဘိုထွန်း | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၂၈။ | ၈၇၀၉၇၂ | ဒုတိယတပ်ကြပ်တင်ထွန်းအောင်(ငြိမ်း) | ရှမ်းပြည်နယ် |
| ၂၉။ | လ ၂၉၆၂၇၂ | ရဲဒုတိယတပ်ကြပ်မင်းရာဇာ | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၃၀။ | လ ၂၉၆၄၂၂ | ရဲဒုတိယတပ်ကြပ်လွင်မျိုးဆက် | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၃၁။ | လ ၂၉၇၂၂၂ | ရဲဒုတိယတပ်ကြပ်ဇော်ဝဏ္ဏအောင် | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၃၂။ | လ ၃၀၁၇၂၄ | ရဲဒုတိယတပ်ကြပ်စိုင်းကျော်ခင် | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၃၃။ | လ ၃၀၁၈၀၃ | ရဲဒုတိယတပ်ကြပ်ထက်မြတ်အောင် | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၃၄။ | လ ၃၀၂၆၃၄ | ရဲဒုတိယတပ်ကြပ်မြတ်နိုးမောင် | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၃၅။ | လ ၃၀၂၉၃၅ | ရဲဒုတိယတပ်ကြပ်အောင်ကိုပိုင် | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၃၆။ | လ ၃၀၆၇၅၃ | ရဲဒုတိယတပ်ကြပ်နေမင်းခန့် | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၃၇။ | လ ၃၀၆၈၃၂ | ရဲဒုတိယတပ်ကြပ်ကောင်းမင်းထက် | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၃၈။ | မ ၃၂၂၅၇ | မီးသတ်တပ်ကြပ်ဟီကျင်း | မီးသတ်ဦးစီးဌာန |
| ၃၉။ | မ ၃၂၆၅၄ | မီးသတ်တပ်ကြပ်ဇင်မိုးအောင် | မီးသတ်ဦးစီးဌာန |
| ၄၀။ | ဦးမြတ်မင်းထွန်း | အမှုတွဲထိန်း | လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန |
| ၄၁။ | ဦးအောင်မျိုးမင်း | ရေကြောင်းပြ(ဒု) | ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန |
| ၄၂။ | လ ၂၉၄၉၂၀ | ရဲတပ်သားထက်ကိုအောင် | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၄၃။ | လ ၂၉၉၃၄၄ | ရဲတပ်သားသန်းမင်းဌေး | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၄၄။ | လ ၂၉၉၆၆၃ | ရဲတပ်သားတင်ထွန်းအောင် | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၄၅။ | လ ၃၀၂၁၀၇ | ရဲတပ်သားချမ်းမြေ့အောင် | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၄၆။ | လ ၃၀၂၉၆၇ | ရဲတပ်သားအိမောင်ခိုင် | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၄၇။ | လ ၃၀၄၇၈၅ | ရဲတပ်သားတွယ်တာလွင် | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၄၈။ | လ ၃၀၅၃၆၂ | ရဲတပ်သားရာဇာထက် | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၄၉။ | လ ၃၀၇၁၃၇ | ရဲတပ်သားနေမျိုးသူ | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၅၀။ | မ ၃၇၈၄၉ | မီးသတ်တပ်သားနိုင်လင်းထွန်း | မီးသတ်ဦးစီးဌာန |
| ၅၁။ | ၅၃၃၁၄၆ | တပ်သားသိန်းထွန်းဦး (ငြိမ်း) | ရှမ်းပြည်နယ် |
| ၅၂။ | ၆၇၁၂၃၅ | တပ်သားခင်မောင်ထွေး (ငြိမ်း) | ရှမ်းပြည်နယ် |
| ၅၃။ | ၉၄၅၇၈၀ | တပ်သားစိုင်းအောင် (ငြိမ်း) | ရှမ်းပြည်နယ် |
| ၅၄။ | အ/ ၁၂၄၀၅၁ | အရပ်သူ/ သန့်ရှင်းရေး ဒေါ်မူမူသန့် | ကာကွယ်ရေးဝန်ကြီးဌာန |
| ၅၅။ | ဒေါ်မာမာအေး | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၅၆။ | ဒေါ်အေးကမ် | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၅၇။ | ဒေါ်လှခင် | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၅၈။ | ဒေါ်ညွန့်ညွန့်သက် | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၅၉။ | ဒေါ်ဘောင်းဒါး | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၆၀။ | ဒေါ်နန်းဆားရ် | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၆၁။ | ဒေါ်စန္ဒာဝင်း | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၆၂။ | ဒေါ်အိအိ | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၆၃။ | ဒေါ်ချစ်သက်အောင် | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၆၄။ | ဒေါ်ခင်မာချို | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၆၅။ | ဒေါ်သင်းသင်းမြတ် | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၆၆။ | ဒေါ်ခိုင်မော်ဦး | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၆၇။ | ဒေါ်ခိုင်သူဇာမျိုး | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၆၈။ | ဒေါ်နီလာလှိုင် | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၆၉။ | ဒေါ်အိမာစိုး | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၇၀။ | ဒေါ်မြင့်မြင့်စန်း | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၇၁။ | ဒေါ်ခင်အေးမွန် | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၇၂။ | ဒေါ်ယဉ်ယဉ်အေး | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၇၃။ | ဒေါ်ခင်မာညို | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၇၄။ | ဒေါ်နှင်းဝေ | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၇၅။ | ဒေါ်ဝင်းဝင်းနိုင် | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၇၆။ | ဒေါ်အေးအေးသွယ် | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၇၇။ | ဒေါ်အေးစုခိုင် | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၇၈။ | ဒေါ်ငုဝါဆွေ | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၇၉။ | ဒေါ်သန္တာစိုး | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၈၀။ | ဒေါ်ထက်ထက်အောင် | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၈၁။ | ဒေါ်ဝင်းပပသိန်း | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၈၂။ | ဒေါ်ဝင်းဝင်းအေး | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၈၃။ | ဒေါ်ဖြိုးပပအောင် | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၈၄။ | ဒေါ်စိုးစန္ဒာဖြိုး | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၈၅။ | ဒေါ်ရွှေရည်ဝင်း | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၈၆။ | ဒေါ်အေးအေးမာ | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၈၇။ | ဒေါ်မေသန္တာ | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၈၈။ | ဒေါ်နန်းအိဖြိုးမွန် | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၈၉။ | ဒေါ်နီနီဝင်း | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၉၀။ | ဒေါ်ဇာဇာဦး | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၉၁။ | ဒေါ်ဖြိုးဖြိုးခင် | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၉၂။ | ဒေါ်သွင်သွင်ပြုံး | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၉၃။ | ဒေါ်ခင်စိုးဝင်း | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၉၄။ | ဦးအောင်နိုင်ဦး | | ကယားပြည်နယ် |
| ၉၅။ | ဦးလှမိုး | | ကယားပြည်နယ် |
| ၉၆။ | ဦးမောင်အောင် | | ကယားပြည်နယ် |
| ၉၇။ | ဦးညီညီလင်း | | စစ်ကိုင်းတိုင်းဒေသကြီး |
| ၉၈။ | ဦးညိုလင်း | | စစ်ကိုင်းတိုင်းဒေသကြီး |
| ၉၉။ | ဦးအောင်ဌေးမြင့် | | စစ်ကိုင်းတိုင်းဒေသကြီး |
| ၁၀၀။ | ဦးရာဇာလင်း | | စစ်ကိုင်းတိုင်းဒေသကြီး |
| ၁၀၁။ | ဦးနေလင်းဦး | | စစ်ကိုင်းတိုင်းဒေသကြီး |
| ၁၀၂။ | ဦးကြည်မိုး | | စစ်ကိုင်းတိုင်းဒေသကြီး |
| ၁၀၃။ | ဦးကျော်လွင် | | စစ်ကိုင်းတိုင်းဒေသကြီး |
| ၁၀၄။ | ဦးခိုင်လင်း | | စစ်ကိုင်းတိုင်းဒေသကြီး |
| ၁၀၅။ | ဦးဇော်ဖြိုး | | စစ်ကိုင်းတိုင်းဒေသကြီး |
| ၁၀၆။ | ဦးတိုး | | စစ်ကိုင်းတိုင်းဒေသကြီး |
| ၁၀၇။ | ဦးမင်းဆွေ | | စစ်ကိုင်းတိုင်းဒေသကြီး |
| ၁၀၈။ | ဦးဝေလွင်ဦး | | စစ်ကိုင်းတိုင်းဒေသကြီး |
| ၁၀၉။ | ဦးတင်ကိုး | | မကွေးတိုင်းဒေသကြီး |
| ၁၁၀။ | ဦးကြည်လင်း | | မကွေးတိုင်းဒေသကြီး |
| ၁၁၁။ | ဦးဉာဏ်ထူးစံ | | မကွေးတိုင်းဒေသကြီး |
| ၁၁၂။ | ဦးမင်းသိုက် | | မန္တလေးတိုင်းဒေသကြီး |
| ၁၁၃။ | ဦးသန်းဦး | | မန္တလေးတိုင်းဒေသကြီး |
| ၁၁၄။ | ဦးရဝေအောင် | | မန္တလေးတိုင်းဒေသကြီး |
| ၁၁၅။ | ဦးပြုံးကို | | မန္တလေးတိုင်းဒေသကြီး |
| ၁၁၆။ | ဦးအောင်ဇော်ဝင်း | | မန္တလေးတိုင်းဒေသကြီး |
| ၁၁၇။ | ဦးချစ်ဝေယံသဲ | | မန္တလေးတိုင်းဒေသကြီး |
| ၁၁၈။ | ဦးကောင်းထက်ကျော် | | မန္တလေးတိုင်းဒေသကြီး |
| ၁၁၉။ | ဦးထူးအောင် | | မန္တလေးတိုင်းဒေသကြီး |
| ၁၂၀။ | ဦးစိုးမင်း | | မန္တလေးတိုင်းဒေသကြီး |
| ၁၂၁။ | ဒေါ်မူမူအောင် | | မန္တလေးတိုင်းဒေသကြီး |
| ၁၂၂။ | ဦးမျိုးမြင့်အောင် | | ဧရာဝတီတိုင်းဒေသကြီး |

## မြန်မာနိုင်ငံရဲတပ်ဖွဲ့ဆိုင်ရာ စွမ်းဆောင်မှုဂုဏ်ထူးဆောင်တံဆိပ်များ

### ရဲသူရိန်တံဆိပ်

| | | | |
|---|---|---|---|
| ၁။ | ယာယီဒုတိယရဲမှူးကြီး | ကိုကိုလွင် | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၂။ | ဒုတိယရဲမှူး | စိုးသူရထွန်း | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၃။ | ဦးဟိန်းမင်း | ဦးစီးအရာရှိ | မီးသတ်ဦးစီးဌာန |
| ၄။ | ဦးမင်းသန့် | ဦးစီးအရာရှိ | မီးသတ်ဦးစီးဌာန |
| ၅။ | ဦးဉာဏ်ဇော်ဦး | | မွန်ပြည်နယ် |

### ရဲကျော်စွာတံဆိပ်

| | | | |
|---|---|---|---|
| ၁။ | ဒုတိယရဲမှူးကြီး | မျိုးသန့် | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၂။ | ဒုတိယရဲမှူးကြီး | မောင်ဖုန်း | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၃။ | ဒုတိယရဲမှူး | ဇော်မင်းအောင် | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၄။ | ဦးစိုးထွန်း | ဦးစီးအရာရှိ | မီးသတ်ဦးစီးဌာန |
| ၅။ | လ ၂၁၂၁၄၈ | ရဲအုပ်ကျော်မျိုးမင်း | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၆။ | လ ၂၆၆၅၄၀ | ရဲအုပ်စောဝင်းအောင် | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၇။ | လ ၂၇၁၆၄၇ | ရဲအုပ်မင်းသိန်းကျော် | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၈။ | လ ၂၇၅၉၁၆ | ရဲအုပ်အောင်ခင်စိုး | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၉။ | လ ၂၉၄၃၃၅ | ရဲအုပ်ကျော်ဇေယျ | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၁၀။ | လ ၂၇၅၇၀၂ | ဒုတိယရဲအုပ်ကျော်ဇင်ထွန်း | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၁၁။ | လ ၁၉၆၀၁၁ | ရဲအရာခံကျော်ဝင်းစိုး | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၁၂။ | မ ၂၃၄၇၀ | ဒုတိယမီးသတ်ဦးစီးမှူး ဦးသန့်ထက်အောင် | မီးသတ်ဦးစီးဌာန |
| ၁၃။ | မ ၂၄၈၇၄ | ဒုတိယမီးသတ်ဦးစီးမှူး ဦးအောင်ချမ်း | မီးသတ်ဦးစီးဌာန |
| ၁၄။ | မ ၁၉၇၀၉ | မီးသတ်တပ်ကြပ်ကြီးမင်းသူ | မီးသတ်ဦးစီးဌာန |
| ၁၅။ | ဦးဝင်းသူ | | မွန်ပြည်နယ် |

**စာမျက်နှာ ၂၀ သို့**

စာမျက်နှာ ၁၉ မှအဆက်

### ရဲကျော်သူတံဆိပ်

| | | | |
|---|---|---|---|
| ၁။ | ရဲမှူး | ရဲဝင်းစိုး | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၂။ | ဦးကျော်ကိုကို | လက်ထောက်ညွှန်ကြားရေးမှူး | မီးသတ်ဦးစီးဌာန |
| ၃။ | ဦးစောလွင်အေး | လက်ထောက်ညွှန်ကြားရေးမှူး | မီးသတ်ဦးစီးဌာန |
| ၄။ | ဒုတိယရဲမှူး | တင်မင်းလှိုင် | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၅။ | ဒုတိယရဲမှူး | ဝေယံပိုင် | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၆။ | ဦးအောင်သူရကျော် | ဦးစီးအရာရှိ | မီးသတ်ဦးစီးဌာန |
| ၇။ | ဦးမင်းသူ | ဦးစီးအရာရှိ | မီးသတ်ဦးစီးဌာန |
| ၈။ | ဦးကျော်ကျော်ဦး | ဦးစီးအရာရှိ | မီးသတ်ဦးစီးဌာန |
| ၉။ | ဦးရာဇာထွန်း | ဦးစီးအရာရှိ | မီးသတ်ဦးစီးဌာန |
| ၁၀။ | ဦးဝင်းမြတ်သူ | ဦးစီးအရာရှိ | မီးသတ်ဦးစီးဌာန |
| ၁၁။ | ဦးကျော်ဇင်ဝင်း | ဦးစီးအရာရှိ | မီးသတ်ဦးစီးဌာန |
| ၁၂။ | ဦးသန့်ဇင်ဦး | ဦးစီးအရာရှိ | မီးသတ်ဦးစီးဌာန |
| ၁၃။ | လ ၂၀၀၂၆၉ | ရဲအုပ်သော်ဇင်ထွန်း | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၁၄။ | လ ၂၃၇၃၁၇ | ရဲအုပ်မျိုးမင်းသူ | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၁၅။ | လ ၂၅၇၈၂၃ | ရဲအုပ်ဝင့်သူ | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၁၆။ | လ ၂၅၉၁၉၀ | ရဲအုပ်ဝင်းစိုး | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၁၇။ | လ ၁၁၃၆၉၃ | ရဲအရာခံလှမောင်သိန်း | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၁၈။ | လ ၁၆၂၇၀၀ | ရဲအရာခံမျိုးဆွေဦး | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၁၉။ | မ ၁၃၄၈၈ | ဒုတိယမီးသတ်ဦးစီးမှူး ဦးအောင်သူ | မီးသတ်ဦးစီးဌာန |
| ၂၀။ | မ ၂၂၈၈၆ | ဒုတိယမီးသတ်ဦးစီးမှူး ဦးဝေလျှံထွေး | မီးသတ်ဦးစီးဌာန |
| ၂၁။ | မ ၂၂၈၈၇ | ဒုတိယမီးသတ်ဦးစီးမှူး ဦးဘိုဘိုအောင် | မီးသတ်ဦးစီးဌာန |
| ၂၂။ | မ ၂၃၄၈၅ | ဒုတိယမီးသတ်ဦးစီးမှူး ဦးကျော်မျိုးသန်း | မီးသတ်ဦးစီးဌာန |
| ၂၃။ | မ ၂၉၃၈၆ | ဒုတိယမီးသတ်ဦးစီးမှူး ဦးဇေယျာလင်း | မီးသတ်ဦးစီးဌာန |
| ၂၄။ | မ ၃၀၀၂၈ | ဒုတိယမီးသတ်ဦးစီးမှူး ဦးစည်သူထက် | မီးသတ်ဦးစီးဌာန |
| ၂၅။ | လ ၁၇၆၅၁၅ | ရဲတပ်ကြပ်ကြီးတင်အောင်ခိုင် | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၂၆။ | လ ၂၁၀၈၅၁ | ရဲတပ်ကြပ်ကြီးရဲလှိုင်ဝင်း | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၂၇။ | လ ၂၃၅၀၃၇ | ရဲတပ်ကြပ်ကြီးဇော်မင်းလွင် | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၂၈။ | မ ၃၅၂၁၆ | လက်ထောက်မီးသတ်ဦးစီးမှူး ဦးဟိန်းဆက်ပိုင် | မီးသတ်ဦးစီးဌာန |
| ၂၉။ | လ ၂၂၉၃၈၂ | ရဲတပ်ကြပ်အောင်သူ | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၃၀။ | လ ၂၂၉၅၂၁ | ရဲတပ်ကြပ်မောင်လွင် | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၃၁။ | လ ၂၃၂၄၈၇ | ရဲတပ်ကြပ်စိုးဝင်းထွန်း | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၃၂။ | လ ၂၃၃၅၉၀ | ရဲတပ်ကြပ်ထွန်းလင်းအောင် | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၃၃။ | လ ၂၄၆၀၈၈ | ရဲတပ်ကြပ်ကျော်ဖြိုးသူ | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၃၄။ | လ ၂၉၁၆၈၆ | ရဲတပ်ကြပ်ကျော်ခန့်ငြား | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၃၅။ | လ ၂၉၇၅၂၅ | ရဲတပ်ကြပ်အောင်မျိုးသူ | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၃၆။ | လ ၂၉၇၆၂၈ | ရဲတပ်ကြပ်အောင်စန်းထိုက် | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၃၇။ | လ ၂၉၇၆၅၅ | ရဲတပ်ကြပ်ဖြိုးထက်နိုင် | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၃၈။ | မ ၂၀၄၈၇ | မီးသတ်တပ်ကြပ်ကြီးမြင့်ဝဏ္ဏ | မီးသတ်ဦးစီးဌာန |
| ၃၉။ | မ ၂၁၄၅၅ | မီးသတ်တပ်ကြပ်ကြီးဇော်မျိုးအောင် | မီးသတ်ဦးစီးဌာန |
| ၄၀။ | မ ၂၂၉၇၅ | မီးသတ်တပ်ကြပ်ကြီးထွန်းအောင်ကျော် | မီးသတ်ဦးစီးဌာန |
| ၄၁။ | မ ၂၅၇၃၅ | မီးသတ်တပ်ကြပ်ကြီးချစ်ငြိမ်း | မီးသတ်ဦးစီးဌာန |
| ၄၂။ | မ ၂၇၃၁၀ | မီးသတ်တပ်ကြပ်ကြီးဇော်နိုင်ထွန်း | မီးသတ်ဦးစီးဌာန |
| ၄၃။ | မ ၂၇၃၁၁ | မီးသတ်တပ်ကြပ်ကြီးထွန်းစိန်မောင် | မီးသတ်ဦးစီးဌာန |
| ၄၄။ | မ ၂၇၅၇၂ | မီးသတ်တပ်ကြပ်ကြီးနေဆန်းဝင်း | မီးသတ်ဦးစီးဌာန |
| ၄၅။ | လ ၂၅၇၂၅၃ | ရဲဒုတိယတပ်ကြပ်သော်ဇင်အောင် | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၄၆။ | လ ၂၆၃၈၄၆ | ရဲဒုတိယတပ်ကြပ်သီဟကျော် | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၄၇။ | လ ၂၆၄၀၄၄ | ရဲဒုတိယတပ်ကြပ်ဖြိုးဝေအောင် | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၄၈။ | လ ၂၆၆၃၃၅ | ရဲဒုတိယတပ်ကြပ်ဆန်းသီဟကျော် | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၄၉။ | လ ၂၆၇၈၉၅ | ရဲဒုတိယတပ်ကြပ်မြင့်လွင် | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၅၀။ | လ ၂၇၀၀၂၉ | ရဲဒုတိယတပ်ကြပ်စိုးပြည့်သူ | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၅၁။ | လ ၂၈၃၈၉၆ | ရဲဒုတိယတပ်ကြပ်ဇင်ပိုင်း | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၅၂။ | လ ၂၈၇၁၆၅ | ရဲဒုတိယတပ်ကြပ်နေမျိုးမင်းခန့် | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၅၃။ | လ ၂၈၇၅၁၂ | ရဲဒုတိယတပ်ကြပ်အောင်မင်းဇော် | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၅၄။ | လ ၂၉၁၆၉၀ | ရဲဒုတိယတပ်ကြပ်ဟိန်းမင်းထက် | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၅၅။ | လ ၂၉၁၇၀၉ | ရဲဒုတိယတပ်ကြပ်ဇေယျာအောင် | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၅၆။ | လ ၂၉၃၁၅၃ | ရဲဒုတိယတပ်ကြပ်နိုင်ထက်ကို | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၅၇။ | လ ၂၉၄၅၈၆ | ရဲဒုတိယတပ်ကြပ်ရန်လင်းကျော် | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၅၈။ | လ ၂၉၄၉၀၅ | ရဲဒုတိယတပ်ကြပ်သူရအောင် | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၅၉။ | လ ၂၉၅၅၀၁ | ရဲဒုတိယတပ်ကြပ်ကောင်းခန့် | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၆၀။ | လ ၂၉၇၂၂၀ | ရဲဒုတိယတပ်ကြပ်ထွန်းထွန်းလင်း | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၆၁။ | လ ၂၉၉၁၅၄ | ရဲဒုတိယတပ်ကြပ်ကျော်မိုးသန်း | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၆၂။ | လ ၂၉၉၃၅၈ | ရဲဒုတိယတပ်ကြပ်မျိုးမင်းသူ | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၆၃။ | လ ၃၀၀၀၆၁ | ရဲဒုတိယတပ်ကြပ်အောင်ကျော်မင်း | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၆၄။ | လ ၃၀၀၂၄၁ | ရဲဒုတိယတပ်ကြပ်ကျော်ဇင်ဝင်း | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၆၅။ | လ ၃၀၀၇၅၁ | ရဲဒုတိယတပ်ကြပ်စိုင်းသီဟကျော် | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၆၆။ | လ ၃၀၁၈၉၄ | ရဲဒုတိယတပ်ကြပ်ဥက္ကာမင်းမောင် | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၆၇။ | လ ၃၀၃၅၇၂ | ရဲဒုတိယတပ်ကြပ်ဘုန်းကျော် | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၆၈။ | လ ၃၀၃၆၄၁ | ရဲဒုတိယတပ်ကြပ်မင်းသူ | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၆၉။ | လ ၃၀၄၁၄၂ | ရဲဒုတိယတပ်ကြပ်ဖြိုးမင်းခန့် | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၇၀။ | လ ၃၀၅၁၇၄ | ရဲဒုတိယတပ်ကြပ်သက်ပိုင်ထွေး | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၇၁။ | လ ၃၀၅၁၇၉ | ရဲဒုတိယတပ်ကြပ်ရဲဇော်ထက် | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၇၂။ | လ ၃၀၅၆၂၆ | ရဲဒုတိယတပ်ကြပ် ချမ်းငြိမ်းကောင်းပြည့်စုံ | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၇၃။ | လ ၃၀၆၄၉၅ | ရဲဒုတိယတပ်ကြပ်ဘုန်းမြတ်မင်း | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၇၄။ | လ ၃၀၆၆၉၂ | ရဲဒုတိယတပ်ကြပ်ရဲလင်းထွန်း | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၇၅။ | လ ၃၀၆၈၄၆ | ရဲဒုတိယတပ်ကြပ်ဇာနီကိုလင်း | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၇၆။ | လ ၃၀၆၉၇၅ | ရဲဒုတိယတပ်ကြပ်ခန့်ထက်အောင် | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၇၇။ | မ ၃၂၁၃၆ | မီးသတ်တပ်ကြပ်ဆန်းထက်ကျော် | မီးသတ်ဦးစီးဌာန |
| ၇၈။ | မ ၃၄၄၃၂ | မီးသတ်တပ်ကြပ်ပိုင်စိုးအောင် | မီးသတ်ဦးစီးဌာန |
| ၇၉။ | မ ၃၅၂၀၆ | မီးသတ်တပ်ကြပ်ဝေလုအောင် | မီးသတ်ဦးစီးဌာန |
| ၈၀။ | လ ၂၉၃၆၂၀ | ရဲတပ်သားသက်ပိုင်မှူး | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၈၁။ | လ ၂၉၃၉၅၁ | ရဲတပ်သားပြည့်ဖြိုးအောင် | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၈၂။ | လ ၂၉၄၃၄၁ | ရဲတပ်သားဟိန်းထက်ဇော် | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၈၃။ | လ ၂၉၄၆၇၈ | ရဲတပ်သားထူးကိုကို | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၈၄။ | လ ၂၉၅၆၉၄ | ရဲတပ်သားရဲဇော်ထွေး | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၈၅။ | လ ၂၉၇၈၅၁ | ရဲတပ်သားမြင့်သူနိုင် | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၈၆။ | လ ၂၉၉၄၂၂ | ရဲတပ်သားမိုးဆန်းဦး | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၈၇။ | လ ၂၉၉၆၃၀ | ရဲတပ်သားဇင်မင်းသူ | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၈၈။ | လ ၃၀၂၅၂၇ | ရဲတပ်သားဟန်သာထွေး | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၈၉။ | လ ၃၀၄၃၈၀ | ရဲတပ်သားအောင်ခန့်သူ | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၉၀။ | လ ၃၀၅၃၁၈ | ရဲတပ်သားမျိုးကိုကို | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၉၁။ | လ ၃၀၆၈၆၀ | ရဲတပ်သားအောင်အောင်ဦး | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၉၂။ | လ ၃၀၆၉၁၂ | ရဲတပ်သားရဲကိုကို | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၉၃။ | လ ၃၀၆၉၄၀ | ရဲတပ်သားသူရ | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၉၄။ | လ ၃၀၈၀၃၅ | ရဲတပ်သားမင်းခန့်ဇော် | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၉၅။ | လ ၃၁၀၀၀၅ | ရဲတပ်သားရှုမဝ | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၉၆။ | ဦးမြလွင် | | မကွေးတိုင်းဒေသကြီး |
| ၉၇။ | ဦးတိုးမြင့်အောင်(ခ)ဦးစိုးမြင့်အောင် | | မန္တလေးတိုင်းဒေသကြီး |
| ၉၈။ | ဦးနေလင်းအောင် | | မန္တလေးတိုင်းဒေသကြီး |
| ၉၉။ | ဦးဟေမာန်ဦး | | မန္တလေးတိုင်းဒေသကြီး |
| ၁၀၀။ | ဦးကိုကိုလင်းမောင် | | မန္တလေးတိုင်းဒေသကြီး |
| ၁၀၁။ | ဦးစိုးထက်သာ | | မန္တလေးတိုင်းဒေသကြီး |
| ၁၀၂။ | ဦးရဲမင်းထိုက် | | မန္တလေးတိုင်းဒေသကြီး |
| ၁၀၃။ | ဦးကောင်းခန့်ဇော် | | မန္တလေးတိုင်းဒေသကြီး |
| ၁၀၄။ | ဦးအေးမင်းဖြိုး | | မန္တလေးတိုင်းဒေသကြီး |
| ၁၀၅။ | ဦးဇင်မင်းထွန်း | | မွန်ပြည်နယ် |
| ၁၀၆။ | ဦးဆက်နိုင်ဝင်း | | မွန်ပြည်နယ် |
| ၁၀၇။ | ဦးလင်းထက်နိုင် | | မွန်ပြည်နယ် |
| ၁၀၈။ | ဦးထူးထူးလဒ် | | မွန်ပြည်နယ် |
| ၁၀၉။ | ဦးအောင်ပြည့်ဖြိုး | | မွန်ပြည်နယ် |
| ၁၁၀။ | ဦးမင်းဘုန်းခန့် | | မွန်ပြည်နယ် |
| ၁၁၁။ | ဦးကျော်နိုင် | | မွန်ပြည်နယ် |
| ၁၁၂။ | ဦးသန်းဇော်ဦး | | မွန်ပြည်နယ် |
| ၁၁၃။ | ဦးအောင်ကိုဝင်း | | မွန်ပြည်နယ် |

### နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုတံဆိပ်

### သီရိဇေယျကျော်တံဆိပ်

| | | |
|---|---|---|
| ၁။ | Mr.Toshio Nishimura | မြန်မာဂုဏ်ထူးဆောင်ကောင်စစ်ဝန် နာဂိုယာမြို့ ဂျပန်နိုင်ငံ |
| ၂။ | Mr.Noriatsu Otomori | မြန်မာဂုဏ်ထူးဆောင်ကောင်စစ်ဝန် ကိုဘေးမြို့ ဂျပန်နိုင်ငံ |

### စွမ်းဆောင်မှုဆိုင်ရာဂုဏ်ထူးဆောင်တံဆိပ်များ

### စီမံထူးချွန်တံဆိပ် (ပထမဆင့်)

| | | | |
|---|---|---|---|
| ၁။ | ဦးသန်းဦးလွင် | တရားသူကြီးချုပ် | ရှမ်းပြည်နယ်တရားလွှတ်တော် |
| ၂။ | ဦးလှသိန်း | ပြည်နယ်ဥပဒေချုပ် | ရခိုင်ပြည်နယ်ဥပဒေချုပ်ရုံး |
| ၃။ | ဦးလှိုင်ဦး | အမြဲတမ်းအတွင်းဝန် | ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန |
| ၄။ | ဒေါက်တာသီသီမြင့် | ညွှန်ကြားရေးမှူးချုပ် | ဥပဒေရေးရာဝန်ကြီးဌာန |
| ၅။ | ဒေါက်တာကေသီထွေး | ပါမောက္ခချုပ် | သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန |
| ၆။ | ဦးဟိန်းထက် | ညွှန်ကြားရေးမှူးချုပ် | လျှပ်စစ်စွမ်းအားဝန်ကြီးဌာန |
| ၇။ | ဒေါက်တာမြတ်ဝဏ္ဏစိုး | ညွှန်ကြားရေးမှူးချုပ် | ကျန်းမာရေးဝန်ကြီးဌာန |
| ၈။ | ဒေါက်တာသီတာလှ | ညွှန်ကြားရေးမှူးချုပ် | ကျန်းမာရေးဝန်ကြီးဌာန |
| ၉။ | ဒေါက်တာတင်ထွန်း | ညွှန်ကြားရေးမှူးချုပ် | ကျန်းမာရေးဝန်ကြီးဌာန |
| ၁၀။ | ပါမောက္ခ ဒေါက်တာအေးအေးခင် | ညွှန်ကြားရေးမှူးချုပ် | ကျန်းမာရေးဝန်ကြီးဌာန |

### စီမံထူးချွန်တံဆိပ် (ဒုတိယဆင့်)

| | | | |
|---|---|---|---|
| ၁။ | ဦးမင်းဟိန်း | အမြဲတမ်းအတွင်းဝန်/ ညွှန်ကြားရေးမှူးချုပ် | လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန |
| ၂။ | ဦးဝဏ္ဏဇော် | အမြဲတမ်းအတွင်းဝန် | ဆောက်လုပ်ရေးဝန်ကြီးဌာန |
| ၃။ | ဦးကျော်ငွေ | အမြဲတမ်းအတွင်းဝန်(ငြိမ်း) | သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန |
| ၄။ | ဦးစိုးမြင့် | ညွှန်ကြားရေးမှူးချုပ် | လျှပ်စစ်စွမ်းအားဝန်ကြီးဌာန |

စာမျက်နှာ ၂၁ သို့

စာမျက်နှာ ၂၀ မှအဆက်

| | | | |
|---|---|---|---|
| ၅။ | ဦးရဲထွန်းဦး | ညွှန်ကြားရေးမှူးချုပ် | လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန |
| ၆။ | ဦးကျော်ယဉ်ဦး | ညွှန်ကြားရေးမှူးချုပ် | လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန |
| ၇။ | ဦးအောင်ကျော်စိုး | ညွှန်ကြားရေးမှူးချုပ် | ဆောက်လုပ်ရေးဝန်ကြီးဌာန |
| ၈။ | ဦးသိန်းရွှေဝင်း | ညွှန်ကြားရေးမှူး(ငြိမ်း)၊ကျွမ်းကျင်သူ | လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန |
| ၉။ | ဦးရဲမင်းသူ | ဒုတိယညွှန်ကြားရေးမှူးချုပ် | မီးသတ်ဦးစီးဌာန |
| ၁၀။ | ဒေါက်တာမိုးခိုင် | ဒုတိယညွှန်ကြားရေးမှူးချုပ်/ ခေတ္တဆေးရုံအုပ်ကြီး | ကျန်းမာရေးဝန်ကြီးဌာန |
| ၁၁။ | ဒေါက်တာဝင်းနိုင် | ဒုတိယညွှန်ကြားရေးမှူးချုပ် | ကျန်းမာရေးဝန်ကြီးဌာန |
| ၁၂။ | ဒေါက်တာဝင်းနိုင် | ပြည်နယ်ကုသရေးဦးစီးဌာနမှူး | ကျန်းမာရေးဝန်ကြီးဌာန |
| ၁၃။ | ဒေါက်တာဆန်းလွင်ဦး | ဆေးရုံအုပ်ကြီး | ကျန်းမာရေးဝန်ကြီးဌာန |
| ၁၄။ | ဒေါက်တာမြင့်ကျော် | တိုင်းဒေသကြီးပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး | ကျန်းမာရေးဝန်ကြီးဌာန |
| ၁၅။ | ပါမောက္ခဒေါက်တာစည်သူ | ဒုတိယပါမောက္ခချုပ် | ကျန်းမာရေးဝန်ကြီးဌာန |
| ၁၆။ | ပါမောက္ခဒေါက်တာလမင်းဝင်း | ပါမောက္ခ / ဌာနမှူး | ကျန်းမာရေးဝန်ကြီးဌာန |
| ၁၇။ | ဦးအောင်မြင့်ဦး | ခရိုင်အုပ်ချုပ်ရေးမှူး | ပြည်ထဲရေးဝန်ကြီးဌာန |
| ၁၈။ | ဒေါက်တာခင်ခင်ကြီး | ဆေးရုံအုပ်ကြီး | ကျန်းမာရေးဝန်ကြီးဌာန |
| ၁၉။ | ဦးသိုက်ထွန်း | ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး | ပြည်ထဲရေးဝန်ကြီးဌာန |
| ၂၀။ | ဦးဟိန်းမင်းထိုက် | ဒုတိယညွှန်ကြားရေးမှူး | မီးသတ်ဦးစီးဌာန |
| ၂၁။ | ဦးစိုင်းသက်ထွေး | ဒုတိယညွှန်ကြားရေးမှူး (စက်/လျှပ်) | လျှပ်စစ်စွမ်းအားဝန်ကြီးဌာန |
| ၂၂။ | ဒေါက်တာခင်မိုးအောင် | အထူးကုဆရာဝန်ကြီး (ရောဂါဗေဒဌာန) | ကျန်းမာရေးဝန်ကြီးဌာန |
| ၂၃။ | ဦးကျော်သူရ | မြို့နယ်အုပ်ချုပ်ရေးမှူး | ပြည်ထဲရေးဝန်ကြီးဌာန |
| ၂၄။ | ဦးဆန်းဗိုလ် | မြို့နယ်အုပ်ချုပ်ရေးမှူး | ပြည်ထဲရေးဝန်ကြီးဌာန |
| ၂၅။ | ဦးကြည်ဇင်ဟန် | အင်ဂျင်နီယာမှူး | လျှပ်စစ်စွမ်းအားဝန်ကြီးဌာန |

**စီမံထူးချွန်တံဆိပ် (တတိယဆင့်)**

| | | | |
|---|---|---|---|
| ၁။ | ဗိုလ်မှူးချုပ် | သွင်အောင် | ကာကွယ်ရေးဝန်ကြီးဌာန |
| ၂။ | ဗိုလ်မှူးကြီး | ဇော်မျိုးမင်း | ကာကွယ်ရေးဝန်ကြီးဌာန |
| ၃။ | ဗိုလ်မှူးကြီး | အောင်ကျော်ဇော | ကာကွယ်ရေးဝန်ကြီးဌာန |
| ၄။ | ဒေါ်နွဲ့နွဲ့ဝင်း | ကော်မရှင်အဖွဲ့ဝင် ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင် | |
| ၅။ | ဒေါ်တင်တင်အုန်း | ကော်မရှင်အဖွဲ့ဝင် ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင် | |
| ၆။ | ဦးဇော်မင်းအောင် | ညွှန်ကြားရေးမှူးချုပ် | ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး |
| ၇။ | ဒေါ်တင်တင်ထူး | ဦးဆောင်ညွှန်ကြားရေးမှူး | စက်မှုဝန်ကြီးဌာန |
| ၈။ | ဦးစိုးမြင့်အောင် | ဒုတိယအမြဲတမ်းအတွင်းဝန် | ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန |
| ၉။ | ဒေါ်တင်အေးဟန် | ဒုတိယညွှန်ကြားရေးမှူးချုပ် | ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန |
| ၁၀။ | ဦးမင်းဇော်ဦး | ဒုတိယညွှန်ကြားရေးမှူးချုပ် | ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန |
| ၁၁။ | ဒေါ်စောကလျာစု | ဒုတိယညွှန်ကြားရေးမှူးချုပ် | ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန |
| ၁၂။ | ဒေါက်တာ အောင်မိုးချယ် | ဒုတိယညွှန်ကြားရေးမှူးချုပ် | ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန |
| ၁၃။ | ဦးမင်းရွှေလွင် | ဒုတိယညွှန်ကြားရေးမှူးချုပ် | သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန |
| ၁၄။ | ဦးမြတ်သူ | ဒုတိယညွှန်ကြားရေးမှူးချုပ် | သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန |
| ၁၅။ | ဦးညီမြင့်ထွန်း | ဒုတိယညွှန်ကြားရေးမှူးချုပ် | သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန |
| ၁၆။ | ဒေါ်ငွေငွေဆွေ | ဒုတိယညွှန်ကြားရေးမှူးချုပ် | သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန |
| ၁၇။ | ဦးလှခိုင် | ဒုတိယပါမောက္ခချုပ်(စီမံ) | သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန |
| ၁၈။ | ဒေါ်အေးစန္ဒာအောင် | ဒုတိယပါမောက္ခချုပ်(သင်ကြား) | သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန |
| ၁၉။ | ဦးနိုင်နိုင်ထွန်း(ခ) နိုင်ဝင်းထွန်း | စစ်ဆေးရေးအရာရှိချုပ် | စွမ်းအင်ဝန်ကြီးဌာန |

| | | | |
|---|---|---|---|
| ၂၀။ | ဦးသန်းထူး | ဒုတိယအမြဲတမ်းအတွင်းဝန် | စက်မှုဝန်ကြီးဌာန |
| ၂၁။ | ဦးခင်မောင်စိန် | အထွေထွေမန်နေဂျာ | စက်မှုဝန်ကြီးဌာန |
| ၂၂။ | ဦးအောင်စိုးဝင်း | အထွေထွေမန်နေဂျာ | စက်မှုဝန်ကြီးဌာန |
| ၂၃။ | ဒေါ်ရီရီကျော် | အထွေထွေမန်နေဂျာ | စက်မှုဝန်ကြီးဌာန |
| ၂၄။ | ဦးအောင်မြင့်သူ | အထွေထွေမန်နေဂျာ | စက်မှုဝန်ကြီးဌာန |
| ၂၅။ | ဦးအောင်သူ | အထွေထွေမန်နေဂျာ | စက်မှုဝန်ကြီးဌာန |
| ၂၆။ | ဦးဝင်းငွေ | အထွေထွေမန်နေဂျာ | စက်မှုဝန်ကြီးဌာန |
| ၂၇။ | ဦးဇော်ဇော်ဦး | ဒုတိယအမြဲတမ်းအတွင်းဝန် | အလုပ်သမားဝန်ကြီးဌာန |
| ၂၈။ | ဦးယဉ်ထွေး | ဒုတိယအမြဲတမ်းအတွင်းဝန် | လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန |
| ၂၉။ | ဦးဆန်းလွင် | ဒုတိယညွှန်ကြားရေးမှူးချုပ် | လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန |
| ၃၀။ | ပါမောက္ခ ဒေါက်တာခိုင်ရွှေဝါ | ပါမောက္ခ/ဌာနမှူး | ကျန်းမာရေးဝန်ကြီးဌာန |
| ၃၁။ | ပါမောက္ခ ဒေါက်တာမျိုးမင်းဦး | ပါမောက္ခ/ဌာနမှူး | ကျန်းမာရေးဝန်ကြီးဌာန |
| ၃၂။ | ပါမောက္ခ ဒေါက်တာအေးသီရိနိုင် | ပါမောက္ခ/ဌာနမှူး | ကျန်းမာရေးဝန်ကြီးဌာန |
| ၃၃။ | ပါမောက္ခ ဒေါက်တာမီမီသော် | ပါမောက္ခ/ဌာနမှူး | ကျန်းမာရေးဝန်ကြီးဌာန |
| ၃၄။ | ပါမောက္ခ ဒေါက်တာအောင်ခိုင်ဇံ | ပါမောက္ခ/ဌာနမှူး | ကျန်းမာရေးဝန်ကြီးဌာန |
| ၃၅။ | ဒေါက်တာရဲသူရိန် | ပါမောက္ခ/ဌာနမှူး | ကျန်းမာရေးဝန်ကြီးဌာန |
| ၃၆။ | ပါမောက္ခ ဒေါက်တာမင်းမင်းထွန်း | ပါမောက္ခ(မေ့ဆေး) | ကျန်းမာရေးဝန်ကြီးဌာန |
| ၃၇။ | ပါမောက္ခ ဒေါက်တာနီလာဝင်း | ပါမောက္ခ(ရောဂါဗေဒ) | ကျန်းမာရေးဝန်ကြီးဌာန |
| ၃၈။ | ပါမောက္ခ ဒေါက်တာကျော်စွာ | ပါမောက္ခ(ခွဲစိတ်) | ကျန်းမာရေးဝန်ကြီးဌာန |
| ၃၉။ | ပါမောက္ခဒေါက်တာရွှေကျော်ဦး | ပါမောက္ခ(အရိုး) | ကျန်းမာရေးဝန်ကြီးဌာန |
| ၄၀။ | ဦးမျိုးဝင်းညွန့် | ဒုတိယအမြဲတမ်းအတွင်းဝန် | ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန |
| ၄၁။ | ဦးမြင့်ထွေး | ဒုတိယညွှန်ကြားရေးမှူးချုပ် | ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန |
| ၄၂။ | ဦးလှမြင့် | ဒုတိယအမြဲတမ်းအတွင်းဝန်(ငြိမ်း) | ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန |
| ၄၃။ | ဗိုလ်မှူး | ပြည့်ဖြိုးအောင် | ကာကွယ်ရေးဝန်ကြီးဌာန |
| ၄၄။ | ဗိုလ်မှူး | ကျော်စွာလင်း | ကာကွယ်ရေးဝန်ကြီးဌာန |
| ၄၅။ | ဦးကျော်ငြိမ်း | ခရိုင်အုပ်ချုပ်ရေးမှူး | ပြည်ထဲရေးဝန်ကြီးဌာန |
| ၄၆။ | ဦးကောင်းမြတ်နိုင် | ခရိုင်အုပ်ချုပ်ရေးမှူး | ပြည်ထဲရေးဝန်ကြီးဌာန |
| ၄၇။ | ဦးတင်ကိုလင်း | ခရိုင်အုပ်ချုပ်ရေးမှူး | ပြည်ထဲရေးဝန်ကြီးဌာန |
| ၄၈။ | ဦးစိန်မြင့် | ခရိုင်အုပ်ချုပ်ရေးမှူး | ပြည်ထဲရေးဝန်ကြီးဌာန |
| ၄၉။ | ဦးကောင်းစံလင်း | ခရိုင်အုပ်ချုပ်ရေးမှူး | ပြည်ထဲရေးဝန်ကြီးဌာန |
| ၅၀။ | ဦးအောင်ကျော်ညွန့် | ခရိုင်အုပ်ချုပ်ရေးမှူး | ပြည်ထဲရေးဝန်ကြီးဌာန |
| ၅၁။ | ဦးအောင်သီဟ | ခရိုင်အုပ်ချုပ်ရေးမှူး | ပြည်ထဲရေးဝန်ကြီးဌာန |
| ၅၂။ | ဦးမင်းသူရ | ခရိုင်အုပ်ချုပ်ရေးမှူး | ပြည်ထဲရေးဝန်ကြီးဌာန |
| ၅၃။ | ဦးစောထွန်းဦး | ခရိုင်အုပ်ချုပ်ရေးမှူး | ပြည်ထဲရေးဝန်ကြီးဌာန |
| ၅၄။ | ဦးနေထွန်းအောင် | ခရိုင်အုပ်ချုပ်ရေးမှူး | ပြည်ထဲရေးဝန်ကြီးဌာန |
| ၅၅။ | ဦးကျော်စွာထွန်း | ခရိုင်အုပ်ချုပ်ရေးမှူး | ပြည်ထဲရေးဝန်ကြီးဌာန |
| ၅၆။ | ဦးရဲမြတ်တင့် | ခရိုင်အုပ်ချုပ်ရေးမှူး | ပြည်ထဲရေးဝန်ကြီးဌာန |
| ၅၇။ | ဦးစန်းမင်း | ခရိုင်အုပ်ချုပ်ရေးမှူး | ပြည်ထဲရေးဝန်ကြီးဌာန |
| ၅၈။ | ဦးစိုးမြင့် | ညွှန်ကြားရေးမှူး | ပြည်ထဲရေးဝန်ကြီးဌာန |
| ၅၉။ | ဦးမြင့်ဇော် | ညွှန်ကြားရေးမှူး | သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန |
| ၆၀။ | ဦးမျိုးဦး | ဌာနမှူး(စီမံ/ဘဏ္ဍာ) | သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန |
| ၆၁။ | ဦးစောဒီးဒီ | ညွှန်ကြားရေးမှူး | သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန |
| ၆၂။ | ဦးနေထက်ရှိန် | ညွှန်ကြားရေးမှူး | သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန |
| ၆၃။ | ဦးဝင်းကျော် | ညွှန်ကြားရေးမှူး(စက်/ လျှပ်) | လျှပ်စစ်စွမ်းအားဝန်ကြီးဌာန |
| ၆၄။ | ဒေါ်မြမြဝင်း | ဒုတိယအထွေထွေမန်နေဂျာ | စက်မှုဝန်ကြီးဌာန |
| ၆၅။ | ဦးမင်းသုကျော် | ဒုတိယအထွေထွေမန်နေဂျာ | စက်မှုဝန်ကြီးဌာန |
| ၆၆။ | ဦးမောင်မောင်ထွန်း | ဒုတိယအထွေထွေမန်နေဂျာ | စက်မှုဝန်ကြီးဌာန |
| ၆၇။ | ဒေါက်တာသင်းသင်းနွယ် | ညွှန်ကြားရေးမှူး(ပြည်သူ့ကျန်းမာ) | ကျန်းမာရေးဝန်ကြီးဌာန |
| ၆၈။ | ဒေါက်တာတိုးတိုး | ဒုတိယတိုင်းဒေသကြီး ကုသရေးဦးစီးဌာနမှူး | ကျန်းမာရေးဝန်ကြီးဌာန |
| ၆၉။ | ဒေါက်တာလှငွေမင်း | ညွှန်ကြားရေးမှူး (ဒုတိယဆေးရုံအုပ်ကြီး) | ကျန်းမာရေးဝန်ကြီးဌာန |
| ၇၀။ | ဒေါက်တာဝင်းမင်းသီရိ | ဆေးရုံအုပ်ကြီး | ကျန်းမာရေးဝန်ကြီးဌာန |
| ၇၁။ | ဒေါက်တာတင်လှ | ဆေးရုံအုပ်ကြီး | ကျန်းမာရေးဝန်ကြီးဌာန |
| ၇၂။ | ဒေါက်တာသင်းသင်းအိ | ဆေးရုံအုပ်ကြီး | ကျန်းမာရေးဝန်ကြီးဌာန |
| ၇၃။ | ဒေါက်တာမြင့်ကျော် | ဆေးရုံအုပ်ကြီး | ကျန်းမာရေးဝန်ကြီးဌာန |
| ၇၄။ | ဒေါက်တာမျိုးမင်း | ဆေးရုံအုပ်ကြီး | ကျန်းမာရေးဝန်ကြီးဌာန |

စာမျက်နှာ ၂၂ သို့

**စာမျက်နှာ ၂၁ မှအဆက်**

| | | | |
|---|---|---|---|
| ၇၅။ | ဒေါက်တာသီတာစိုး | ဆေးရုံအုပ်ကြီး | ကျန်းမာရေးဝန်ကြီးဌာန |
| ၇၆။ | ဒေါက်တာခင်သီတာအောင် | ခရိုင်ကုသရေးဦးစီးဌာနမှူး | ကျန်းမာရေးဝန်ကြီးဌာန |
| ၇၇။ | ဦးဝေဖြိုးလင်း | ညွှန်ကြားရေးမှူး(မြို့ပြ) | ဆောက်လုပ်ရေးဝန်ကြီးဌာန |
| ၇၈။ | ဒေါ်စန်းယုမော် | လက်ထောက်အတွင်းဝန် | ပြည်ထောင်စုရာထူးဝန်အဖွဲ့ |
| ၇၉။ | ဒေါ်ခင်မျိုးမြတ်ဦး | လက်ထောက်အတွင်းဝန် | ပြည်ထောင်စုရာထူးဝန်အဖွဲ့ |
| ၈၀။ | ဒေါ်ဖြူဖြူဝင်း | ညွှန်ကြားရေးမှူး | ပြည်ထောင်စုရာထူးဝန်အဖွဲ့ |
| ၈၁။ | ဒေါ်နန်းဖြူဖြူပွင့် | ညွှန်ကြားရေးမှူး | ပြည်ထောင်စုရာထူးဝန်အဖွဲ့ |
| ၈၂။ | ဒေါ်တင်တင်ဝင်း | ညွှန်ကြားရေးမှူး | ပြည်ထောင်စုရာထူးဝန်အဖွဲ့ |
| ၈၃။ | ဦးအောင်ကျော်ဌေး | ညွှန်ကြားရေးမှူး | ပြည်ထောင်စုရာထူးဝန်အဖွဲ့ |
| ၈၄။ | ဦးရဲထွဋ်မောင် | ညွှန်ကြားရေးမှူး | ပြည်ထောင်စုရာထူးဝန်အဖွဲ့ |
| ၈၅။ | ဦးနေမျိုးဦး | ဗိုလ်မှူး(ငြိမ်း) အဖွဲ့ဝင်(၂) ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ | မန္တလေးတိုင်းဒေသကြီး |
| ၈၆။ | ဦးဝင်းသူအောင် | ဒုတိယညွှန်ကြားရေးမှူး | ပြည်ထဲရေးဝန်ကြီးဌာန |
| ၈၇။ | ဦးတင်ထွန်းအောင် | ဒုတိယညွှန်ကြားရေးမှူး | ပြည်ထဲရေးဝန်ကြီးဌာန |
| ၈၈။ | ဦးမိုးကျော်အောင် | ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး | ပြည်ထဲရေးဝန်ကြီးဌာန |
| ၈၉။ | ဦးဝင်းဌေး | ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး | ပြည်ထဲရေးဝန်ကြီးဌာန |
| ၉၀။ | ဦးကျော်မျိုးနန္ဒ | ဒုတိယညွှန်ကြားရေးမှူး | ပြည်ထဲရေးဝန်ကြီးဌာန |
| ၉၁။ | ဦးစိုးအောင် | ဒုတိယညွှန်ကြားရေးမှူး | သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန |
| ၉၂။ | ဦးနိုင်မောင်မောင်စိုး | ဒုတိယညွှန်ကြားရေးမှူး | သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန |
| ၉၃။ | ဦးကျော်သက်ခိုင် | အင်ဂျင်နီယာမှူးကြီး | လျှပ်စစ်စွမ်းအားဝန်ကြီးဌာန |
| ၉၄။ | ဦးဇော်မင်းထွန်း | ဒုတိယအင်ဂျင်နီယာချုပ် | လျှပ်စစ်စွမ်းအားဝန်ကြီးဌာန |
| ၉၅။ | ဦးနေလွင်ထွဋ် | ဒုတိယညွှန်ကြားရေးမှူး | စက်မှုဝန်ကြီးဌာန |
| ၉၆။ | ဒေါက်တာဇော်ဝင်းထွန်း | ဆေးရုံအုပ်ကြီး | ကျန်းမာရေးဝန်ကြီးဌာန |
| ၉၇။ | ဒေါက်တာခိုင်ဇာဝင်း | ဒုတိယညွှန်ကြားရေးမှူး | ကျန်းမာရေးဝန်ကြီးဌာန |
| ၉၈။ | ဒေါက်တာခင်မျိုးဝင်း | ဒုတိယညွှန်ကြားရေးမှူး | ကျန်းမာရေးဝန်ကြီးဌာန |
| ၉၉။ | ဒေါက်တာတင်မိုးဝေ | ဒုတိယဆေးရုံအုပ်ကြီး | ကျန်းမာရေးဝန်ကြီးဌာန |
| ၁၀၀။ | ဒေါက်တာဝိုင်းဝေဖြိုး | ဒုတိယညွှန်ကြားရေးမှူး (ဆေးရုံအုပ်တွဲဖက်တာဝန်) | ကျန်းမာရေးဝန်ကြီးဌာန |
| ၁၀၁။ | ဒေါက်တာအောင်နိုင်ဝင်း | ဆေးရုံအုပ်ကြီး | ကျန်းမာရေးဝန်ကြီးဌာန |
| ၁၀၂။ | ဒေါက်တာခင်မာလာ | ဒုတိယခရိုင်ကုသရေးဦးစီးဌာနမှူး | ကျန်းမာရေးဝန်ကြီးဌာန |
| ၁၀၃။ | ဒေါက်တာမျိုးဆက်ရှိန်း | အထူးကုဆရာဝန်ကြီး(ခွဲစိတ်) | ကျန်းမာရေးဝန်ကြီးဌာန |
| ၁၀၄။ | ဒေါက်တာယုမင်း | အထူးကုဆရာဝန်ကြီး(အရိုး) | ကျန်းမာရေးဝန်ကြီးဌာန |
| ၁၀၅။ | ဒေါက်တာမျိုးမင်းဦး | အထူးကုဆရာဝန်ကြီး(အရိုး) | ကျန်းမာရေးဝန်ကြီးဌာန |
| ၁၀၆။ | ဒေါက်တာရွှေမိုးမိုး | အထူးကုဆရာဝန်ကြီး (ဥပဒေရေးရာဆေးပညာ) | ကျန်းမာရေးဝန်ကြီးဌာန |
| ၁၀၇။ | ဒေါက်တာနေလင်း | အထူးကုဆရာဝန်ကြီး(အရိုး) | ကျန်းမာရေးဝန်ကြီးဌာန |
| ၁၀၈။ | ဒေါက်တာစိုးမြင့်ထွန်း | အထူးကုဆရာဝန်ကြီး(အရိုး) | ကျန်းမာရေးဝန်ကြီးဌာန |
| ၁၀၉။ | ဒေါက်တာထင်လင်း | အထူးကုဆရာဝန်ကြီး(အရိုး) | ကျန်းမာရေးဝန်ကြီးဌာန |
| ၁၁၀။ | ဒေါက်တာတင်မျိုးလှိုင် | အထူးကုဆရာဝန်ကြီး(အရိုး) | ကျန်းမာရေးဝန်ကြီးဌာန |
| ၁၁၁။ | ဒေါက်တာထိန်လင်းအောင် | အထူးကုဆရာဝန်ကြီး(အရိုး) | ကျန်းမာရေးဝန်ကြီးဌာန |
| ၁၁၂။ | ဒေါက်တာငြိမ်းချမ်း | အထူးကုဆရာဝန်ကြီး(အရိုး) | ကျန်းမာရေးဝန်ကြီးဌာန |
| ၁၁၃။ | ဒေါက်တာဥက္ကာဖြိုး | ဒုတိယညွှန်ကြားရေးမှူး | ကျန်းမာရေးဝန်ကြီးဌာန |
| ၁၁၄။ | ဒေါ်ရီရီမြင့် | ဒုတိယညွှန်ကြားရေးမှူး | ကျန်းမာရေးဝန်ကြီးဌာန |
| ၁၁၅။ | ဦးဝေဖြိုး | ဒုတိယညွှန်ကြားရေးမှူး (မြို့ပြ) | ဆောက်လုပ်ရေးဝန်ကြီးဌာန |
| ၁၁၆။ | ဦးအောင်ကျော်စိုး | ဒုတိယညွှန်ကြားရေးမှူး (မြို့ပြ) | ဆောက်လုပ်ရေးဝန်ကြီးဌာန |
| ၁၁၇။ | ဦးအောင်ဇော်မင်း | ဒုတိယညွှန်ကြားရေးမှူး | လူမှုဝန်ထမ်း၊ကယ်ဆယ်ရေး နှင့်ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန |
| ၁၁၈။ | ဒေါ်သီသီအောင် | ဒုတိယညွှန်ကြားရေးမှူး | ပြည်ထောင်စုရာထူးဝန်အဖွဲ့ |
| ၁၁၉။ | ဒေါ်ဇင်မိုးသူ | ဒုတိယညွှန်ကြားရေးမှူး | ပြည်ထောင်စုရာထူးဝန်အဖွဲ့ |
| ၁၂၀။ | ဒေါ်မျိုးမျိုးသန်း | ဒုတိယညွှန်ကြားရေးမှူး | စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ |
| ၁၂၁။ | ဦးရဲထွန်းနိုင် | ဒုတိယညွှန်ကြားရေးမှူး | စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ |
| ၁၂၂။ | ဦးဖြိုးဇော်ကိုကို | မြို့နယ်အုပ်ချုပ်ရေးမှူး | ပြည်ထဲရေးဝန်ကြီးဌာန |
| ၁၂၃။ | ဦးစိုးညွှန့်ဦး | မြို့နယ်အုပ်ချုပ်ရေးမှူး | ပြည်ထဲရေးဝန်ကြီးဌာန |
| ၁၂၄။ | ဦးထွန်းထွန်းဝင်း | မြို့နယ်အုပ်ချုပ်ရေးမှူး | ပြည်ထဲရေးဝန်ကြီးဌာန |
| ၁၂၅။ | ဦးမောင်မောင် | မြို့နယ်အုပ်ချုပ်ရေးမှူး | ပြည်ထဲရေးဝန်ကြီးဌာန |
| ၁၂၆။ | ဦးဝင်းမင်းထွန်း | မြို့နယ်အုပ်ချုပ်ရေးမှူး | ပြည်ထဲရေးဝန်ကြီးဌာန |
| ၁၂၇။ | ဦးရဲမြင့်သိန်း | မြို့နယ်အုပ်ချုပ်ရေးမှူး | ပြည်ထဲရေးဝန်ကြီးဌာန |
| ၁၂၈။ | ဦးအာကာစိုး | မြို့နယ်အုပ်ချုပ်ရေးမှူး | ပြည်ထဲရေးဝန်ကြီးဌာန |
| ၁၂၉။ | ဦးဇေနော်ဝင်း | မြို့နယ်အုပ်ချုပ်ရေးမှူး | ပြည်ထဲရေးဝန်ကြီးဌာန |
| ၁၃၀။ | ဦးသူရထွန်းလင်း | မြို့နယ်အုပ်ချုပ်ရေးမှူး | ပြည်ထဲရေးဝန်ကြီးဌာန |
| ၁၃၁။ | ဦးထိန်လင်း | မြို့နယ်အုပ်ချုပ်ရေးမှူး | ပြည်ထဲရေးဝန်ကြီးဌာန |
| ၁၃၂။ | ဦးဖြိုးဝင်းသန်း | မြို့နယ်အုပ်ချုပ်ရေးမှူး၊ | ပြည်ထဲရေးဝန်ကြီးဌာန |
| ၁၃၃။ | ဦးသိန်းအောင် | မြို့နယ်အုပ်ချုပ်ရေးမှူး | ပြည်ထဲရေးဝန်ကြီးဌာန |
| ၁၃၄။ | ဦးမင်းနိုင်ထွန်း | မြို့နယ်အုပ်ချုပ်ရေးမှူး | ပြည်ထဲရေးဝန်ကြီးဌာန |
| ၁၃၅။ | ဦးထွန်းနိုင် | မြို့နယ်အုပ်ချုပ်ရေးမှူး | ပြည်ထဲရေးဝန်ကြီးဌာန |
| ၁၃၆။ | ဦးအောင်မြင့်စိုး | မြို့နယ်အုပ်ချုပ်ရေးမှူ | ပြည်ထဲရေးဝန်ကြီးဌာန |
| ၁၃၇။ | ဦးမင်းသန်းထိုက်စိုး | မြို့နယ်အုပ်ချုပ်ရေးမှူး | ပြည်ထဲရေးဝန်ကြီးဌာန |

| | | | |
|---|---|---|---|
| ၁၃၈။ | ဦးမျိုးမင်းသန့် | မြို့နယ်အုပ်ချုပ်ရေးမှူး | ပြည်ထဲရေးဝန်ကြီးဌာန |
| ၁၃၉။ | ဦးစိုးဝင်းနိုင် | မြို့နယ်အုပ်ချုပ်ရေးမှူး | ပြည်ထဲရေးဝန်ကြီးဌာန |
| ၁၄၀။ | ဦးဇင်လင်းနိုင် | မြို့နယ်အုပ်ချုပ်ရေးမှူး | ပြည်ထဲရေးဝန်ကြီးဌာန |
| ၁၄၁။ | ဦးမျိုးနေဇော် | မြို့နယ်အုပ်ချုပ်ရေးမှူး | ပြည်ထဲရေးဝန်ကြီးဌာန |
| ၁၄၂။ | ဦးအောင်စိုးမိုး | မြို့နယ်အုပ်ချုပ်ရေးမှူး | ပြည်ထဲရေးဝန်ကြီးဌာန |
| ၁၄၃။ | ဦးနိုင်မင်းထွန်း | မြို့နယ်အုပ်ချုပ်ရေးမှူး | ပြည်ထဲရေးဝန်ကြီးဌာန |
| ၁၄၄။ | ဦးစိုးဝင်း | မြို့နယ်အုပ်ချုပ်ရေးမှူး | ပြည်ထဲရေးဝန်ကြီးဌာန |
| ၁၄၅။ | ဦးကျော်ဝင်းစိန် | မြို့နယ်အုပ်ချုပ်ရေးမှူး | ပြည်ထဲရေးဝန်ကြီးဌာန |
| ၁၄၆။ | ဦးအောင်မြင့်ကျော် | မြို့နယ်အုပ်ချုပ်ရေးမှူး | ပြည်ထဲရေးဝန်ကြီးဌာန |
| ၁၄၇။ | ဦးထွန်းကျော်နိုင် | မြို့နယ်အုပ်ချုပ်ရေးမှူး | ပြည်ထဲရေးဝန်ကြီးဌာန |
| ၁၄၈။ | ဦးရဲကိုကို | မြို့နယ်အုပ်ချုပ်ရေးမှူး | ပြည်ထဲရေးဝန်ကြီးဌာန |
| ၁၄၉။ | ဦးကျော်စွာမောင်စိုး | လက်ထောက်ညွှန်ကြားရေးမှူး | ပြည်ထဲရေးဝန်ကြီးဌာန |
| ၁၅၀။ | ဦးအောင်သန်းဇော် | လက်ထောက်ညွှန်ကြားရေးမှူး | ပြည်ထဲရေးဝန်ကြီးဌာန |
| ၁၅၁။ | ဦးကျော်စွာလင်း | လက်ထောက်ညွှန်ကြားရေးမှူး | ပြည်ထဲရေးဝန်ကြီးဌာန |
| ၁၅၂။ | ဦးမျိုးမင်းသိန်း | လက်ထောက်ညွှန်ကြားရေးမှူး | ပြည်ထဲရေးဝန်ကြီးဌာန |
| ၁၅၃။ | ဦးစိုးထွဋ် | လက်ထောက်ညွှန်ကြားရေးမှူး | ပြည်ထဲရေးဝန်ကြီးဌာန |
| ၁၅၄။ | ဦးဟန်သူရ | လက်ထောက်ညွှန်ကြားရေးမှူး | ပြည်ထဲရေးဝန်ကြီးဌာန |
| ၁၅၅။ | ဦးမျိုးကျော်ကျော် | လက်ထောက်ညွှန်ကြားရေးမှူး | ပြည်ထဲရေးဝန်ကြီးဌာန |
| ၁၅၆။ | ဦးတင်ယု | လက်ထောက်ညွှန်ကြားရေးမှူး | ပြည်ထဲရေးဝန်ကြီးဌာန |
| ၁၅၇။ | ဦးနန်းချစ်ဦး | လက်ထောက်ညွှန်ကြားရေးမှူး | ပြည်ထဲရေးဝန်ကြီးဌာန |
| ၁၅၈။ | ဦးမြတ်သူအောင် | လက်ထောက်ညွှန်ကြားရေးမှူး | ပြည်ထဲရေးဝန်ကြီးဌာန |
| ၁၅၉။ | ဦးဝင်းနိုင်ထွန်း | လက်ထောက်ညွှန်ကြားရေးမှူး | ပြည်ထဲရေးဝန်ကြီးဌာန |
| ၁၆၀။ | ဦးရန်နိုင်အေး | အင်ဂျင်နီယာမှူး | လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန |
| ၁၆၁။ | ဒေါ်မို့မို့ခိုင် | မြို့နယ်ပညာရေးမှူး | ပညာရေးဝန်ကြီးဌာန |
| ၁၆၂။ | ဒေါက်တာလင်းပြည့်သိမ်း | မြို့နယ်ကုသရေးဦးစီးဌာနမှူး | ကျန်းမာရေးဝန်ကြီးဌာန |
| ၁၆၃။ | ဒေါက်တာသုတ | ဆေးရုံအုပ် | ကျန်းမာရေးဝန်ကြီးဌာန |
| ၁၆၄။ | ဒေါက်တာအောင်ကျော်မိုး | ဆေးရုံအုပ် | ကျန်းမာရေးဝန်ကြီးဌာန |
| ၁၆၅။ | ဒေါက်တာလှိုင်မင်းထွန်း | အထူးကုဆရာဝန်(ခွဲစိတ်) | ကျန်းမာရေးဝန်ကြီးဌာန |
| ၁၆၆။ | ဒေါက်တာစောထွန်း | အထူးကုဆရာဝန်(အရိုး) | ကျန်းမာရေးဝန်ကြီးဌာန |
| ၁၆၇။ | ဒေါက်တာနန္ဒာဝင်း | အထူးကုဆရာဝန်(ခွဲစိတ်) | ကျန်းမာရေးဝန်ကြီးဌာန |
| ၁၆၈။ | ဒေါက်တာကျော်ဇင်လင်း | အထူးကုဆရာဝန်(ဆေးပညာ) | ကျန်းမာရေးဝန်ကြီးဌာန |
| ၁၆၉။ | ဒေါက်တာစောသိင်္ဂီစိုး | အထူးကုဆရာဝန် (သားဖွားမီးယပ်) | ကျန်းမာရေးဝန်ကြီးဌာန |
| ၁၇၀။ | ဒေါက်တာကျော်ဇံထွန်း | အထူးကုဆရာဝန်(အရိုး) | ကျန်းမာရေးဝန်ကြီးဌာန |
| ၁၇၁။ | ဒေါက်တာသိန်းစိုးလင်း | အထူးကုဆရာဝန်(ခွဲစိတ်) | ကျန်းမာရေးဝန်ကြီးဌာန |
| ၁၇၂။ | ဒေါက်တာကျော်သူဝင်း | အထူးကုဆရာဝန်(အရိုး) | ကျန်းမာရေးဝန်ကြီးဌာန |
| ၁၇၃။ | ဒေါက်တာစိုးဝင်းသူ | အထူးကုဆရာဝန်(မေ့ဆေး) | ကျန်းမာရေးဝန်ကြီးဌာန |
| ၁၇၄။ | ဒေါက်တာဖြိုးဆွေဝင်းတင် | အထူးကုဆရာဝန် (လက်ပိုင်းဆိုင်ရာခွဲစိတ်) | ကျန်းမာရေးဝန်ကြီးဌာန |
| ၁၇၅။ | ဒေါက်တာဇေယျာမင်း | ကထိက(အရိုး) | ကျန်းမာရေးဝန်ကြီးဌာန |
| ၁၇၆။ | ဒေါက်တာခင်မီမီထွန်း | ကထိက(အရိုး) | ကျန်းမာရေးဝန်ကြီးဌာန |
| ၁၇၇။ | ဒေါက်တာဖြိုးသီဟ | အထူးကုဆရာဝန်(အကြောအဆစ်) | ကျန်းမာရေးဝန်ကြီးဌာန |
| ၁၇၈။ | ဒေါ်ခိုင်အေးအေးသန်း | လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ) | ဆောက်လုပ်ရေး ဝန်ကြီးဌာန |
| ၁၇၉။ | ဒေါ်ပန်းမြတ်မွန် | လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ) | ဆောက်လုပ်ရေး ဝန်ကြီးဌာန |
| ၁၈၀။ | ဒေါ်ခင်လပြည့်အောင် | လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ) | ဆောက်လုပ်ရေး ဝန်ကြီးဌာန |
| ၁၈၁။ | ဦးထွန်းဝင်းမြင့် | လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ) | ဆောက်လုပ်ရေး ဝန်ကြီးဌာန |
| ၁၈၂။ | ဦးမျိုးသန်းဦး | လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ) | ဆောက်လုပ်ရေး ဝန်ကြီးဌာန |
| ၁၈၃။ | ဦးပြည့်ဖြိုးအောင် | ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး | ပြည်ထဲရေးဝန်ကြီးဌာန |
| ၁၈၄။ | ဦးကျော်လင်းခိုင် | ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး | ပြည်ထဲရေးဝန်ကြီးဌာန |
| ၁၈၅။ | ဦးအောင်ချမ်း | ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး | ပြည်ထဲရေးဝန်ကြီးဌာန |
| ၁၈၆။ | ဦးဝေဖြိုးဦး | ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး | ပြည်ထဲရေးဝန်ကြီးဌာန |
| ၁၈၇။ | ဦးမင်းမင်း | ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး | ပြည်ထဲရေးဝန်ကြီးဌာန |
| ၁၈၈။ | ဦးအောင်အောင်ထွန်း | ဦးစီးအရာရှိ | ပြည်ထဲရေးဝန်ကြီးဌာန |
| ၁၈၉။ | ဦးစိုင်းဇေဇေဦး | ဦးစီးအရာရှိ | ပြည်ထဲရေးဝန်ကြီးဌာန |
| ၁၉၀။ | ဦးချစ်အောင်နိုင်ထွန်း | ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး | ပြည်ထဲရေးဝန်ကြီးဌာန |
| ၁၉၁။ | ဦးသန့်ဇင်ထွန်း | ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး | ပြည်ထဲရေးဝန်ကြီးဌာန |
| ၁၉၂။ | ဦးကျော်နေ | ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး | ပြည်ထဲရေးဝန်ကြီးဌာန |
| ၁၉၃။ | ဦးနန်းကိုဦး | ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး | ပြည်ထဲရေးဝန်ကြီးဌာန |
| ၁၉၄။ | ဦးကျော်သူဝင်း | ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး | ပြည်ထဲရေးဝန်ကြီးဌာန |
| ၁၉၅။ | ဦးထွန်းထွန်းကျော် | ဦးစီးအရာရှိ | ပြည်ထဲရေးဝန်ကြီးဌာန |
| ၁၉၆။ | ဦးညီညီထွန်း | ဦးစီးအရာရှိ | ပြည်ထဲရေးဝန်ကြီးဌာန |
| ၁၉၇။ | ဒေါ်နှင်းမြမြဦး | ဦးစီးအရာရှိ | ပြည်ထဲရေးဝန်ကြီးဌာန |
| ၁၉၈။ | ဒေါက်တာအောင်ဇေယျ | လက်ထောက်ဆရာဝန် (မြို့နယ်ဆရာဝန်) | ကျန်းမာရေးဝန်ကြီးဌာန |
| ၁၉၉။ | ဒေါက်တာမြတ်သက်နွယ် | လက်ထောက်ဆရာဝန် (ဓာတ်မှန်) | ကျန်းမာရေးဝန်ကြီးဌာန |
| ၂၀၀။ | ဒေါက်တာအိအိအောင် | လက်ထောက်ဆရာဝန် (သွားနှင့်ခံတွင်း) | ကျန်းမာရေးဝန်ကြီးဌာန |
| ၂၀၁။ | ဒေါ်စုငြိမ်းလဲ့ဝေ | ဦးစီးအရာရှိ(ဆေးဝါး) | ကျန်းမာရေးဝန်ကြီးဌာန |

**(ဆက်လက်ဖော်ပြပါမည်)**

# ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းစဉ်များ ညှိနှိုင်းအစည်းအဝေးကျင်းပ



**နေပြည်တော် နိုဝင်ဘာ ၁၃**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ကျင်းပပြုလုပ်မည့် ရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်များ ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင်ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသန်းစိုးနှင့် ကော်မရှင်အဖွဲ့ဝင်များ၊ နေပြည်တော်ကောင်စီအဖွဲ့ဝင်၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရအဖွဲ့ ကိုယ်စားလှယ်ဝန်ကြီးများ၊ ပြည်ထဲရေးဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကော်မရှင်ရုံးနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲဖြစ်စဉ်များကိုသုံးသပ်၍ မဲဆန္ဒရှင်ပြည်သူများ မဲပေးရာတွင် မှန်ကန်လွယ်ကူစေရန်နှင့်မဲမသမာမှုများမဖြစ်ပွားစေရန် လာမည့်ရွေးကောက်ပွဲတွင် တစ်နိုင်ငံလုံးအတိုင်းအတာနှင့် မဲပေးစက်များ အသုံးပြုမဲပေးနိုင်ရေး ဆောင်ရွက်ခဲ့ပါကြောင်း။

မဲပေးစက်ကို အသုံးပြုမဲပေးခြင်းဖြင့် အချိန်တိုအတွင်း ရိုးရှင်းလွယ်ကူစွာမဲပေးဆောင်ရွက်နိုင်ခြင်း၊ မိမိမဲပေးမှုကို မျက်မြင်တွေ့ရှိရသည့်အတွက် စိတ်ချယုံကြည်မှုအပြည့်ဖြင့် ပွင့်လင်းမြင်သာမှုရှိစွာ ဆောင်ရွက်နိုင်ခြင်း၊ ပယ်မဲများ မရှိနိုင်တော့သည့်အတွက် ဆန္ဒမဲများ အဟောသိကံဖြစ်ရသည့်အခြေအနေမျိုး မရှိနိုင်တော့ခြင်း စသည့် အကျိုးကျေးဇူးများစွာရရှိနိုင်မည်ဖြစ်ပါကြောင်း၊ MEVM မဲပေးစက်များနှင့်စပ်လျဉ်း၍ မြန်မာစံချိန်စံညွှန်းဖြစ်သော MMS 63:2025 မြန်မာအီလက်ထရောနစ်မဲပေးစက်ဆိုင်ရာ စံချိန်စံညွှန်းနှင့်အညီကိုက်ညီစစ်ဆေးပြီးဖြစ်၍ အရည်အသွေးကိုက်ညီမှုထောက်ခံချက် (Certificate of Conformity – CoC)နှင့် မြန်မာစံချိန်စံညွှန်းအမှတ်တံဆိပ် (MMS Standard Mark)အသုံးပြုခွင့် လိုင်စင်ရရှိထားပြီးဖြစ်ကြောင်း။

မဲဆန္ဒရှင်ပြည်သူများ မဲပေးစက်အကြောင်း သိရှိရန်နှင့် မဲပေးစက်ဖြင့် မှန်ကန်စွာမဲပေးတတ်စေရန် တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် ရပ်ကွက်ကျေးရွာအုပ်စုအဆင့်အထိ ရှင်းလင်းပြသခြင်း၊ လက်တွေ့မဲပေးစေခြင်းတို့ကို ဆောင်ရွက်ခဲ့ပါကြောင်း၊ မဲပေးစက်ကိုင်တွယ်မည့်သူများကျွမ်းကျင်စွာကိုင်တွယ်အသုံးပြုတတ်စေရန်အတွက်လည်း သင်တန်းများ ဖွင့်လှစ်ပို့ချထားပါကြောင်း။

ရွေးကောက်ပွဲအတွက် လိုအပ်သည့် မဲပေးစက်များကို သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ သတ်မှတ်ထားသည့်အရေအတွက်များအတိုင်း ဖြန့်ခွဲပို့ဆောင်ထားပြီးဖြစ်၍ မဲပေးစက်များကို မထိခိုက်စေရန်၊ မပျက်စီးစေရန် စနစ်တကျ သိုလှောင်သိမ်းဆည်းထားကြရန် မှာကြားလိုကြောင်း။

ရွေးကောက်ပွဲ အပိုင်းတစ်ပိုင်းနှင့် တစ်ပိုင်းကြား ရွှေ့ပြောင်းရာတွင် အပိုင်းလိုက် ရွှေ့ပြောင်းမည့်စီမံချက်(Move Plan)၊ ဖြန့်ခွဲမည့်အစီအစဉ်၊ နည်းပညာအထောက်အကူပြုအဖွဲ့များက မဲပေးစက်များနှင့်စပ်လျဉ်း၍ အသေးစိတ်ဆောင်ရွက်ကြမည့်အစီအစဉ်များကို တင်ပြကြရန်နှင့် အပိုင်းလိုက် သယ်ယူရွှေ့ပြောင်းရန် အတွက် ရန်ပုံငွေများကို သုံးစွဲရာတွင် အလေအလွင့်မရှိစေရေး စနစ်တကျစိစစ်ဆောင်ရွက်ကြရန် ပြောကြားလိုပါကြောင်း။

မဲစာရင်းများ ပြည့်စုံမှန်ကန်ရေးအတွက် တာဝန်ရှိသူများက အလေးထားဆောင်ရွက်ကြရန် မှာကြားလိုကြောင်း၊ ကြိုတင်မဲပေးခြင်းနှင့် စပ်လျဉ်း၍လည်း ဥပဒေနှင့်အညီဖြစ်စေရေးနှင့် သတ်မှတ်ကာလများအတွင်း စနစ်တကျမဲပေးနိုင်ရေး၊ မဲစာရင်းဖောင်းပွမှုများ၊ မဲမသမာမှုများမဖြစ်ပွားစေရေး စနစ်တကျကြီးကြပ်ဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း၊ ရပ်ကွက်၊ ကျေးရွာအုပ်စုသင်တန်းနှင့် မဲရုံမှူးနှင့် ဒုတိယမဲရုံမှူးသင်တန်းများကို စနစ်တကျ ဖွင့်လှစ်ဆောင်ရွက်သွားကြရန်နှင့်သက်ဆိုင်ရာမဲရုံအဖွဲ့ဝင်များကို ဆင့်ပွားသင်တန်းများ ဆက်လက်ဖွင့်လှစ်ပို့ချပေးရမည်ဖြစ်ပါကြောင်း။

ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးသည် ရွေးကောက်ပွဲနေ့ မဲပေးခြင်းတစ်ခုတည်းမဟုတ်ဘဲ မဲစာရင်းများပြည့်စုံမှန်ကန်ရေး၊ ကြိုတင်မဲများ ဥပဒေနှင့်အညီ စနစ်တကျဆောင်ရွက်နိုင်ရေး၊ရွေးကောက်ပွဲနေ့တွင် မဲပေးစက်များဖြင့် သက်ဆိုင်ရာမဲရုံများတွင် မဲဆန္ဒရှင်ပြည်သူများ အဆင်ပြေချောမွေ့စွာမဲပေးနိုင်ရေး စသည်တို့ကို ဟန်ချက်ညီမျှတစွာ ဆောင်ရွက်နိုင်ရမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းစဉ်များအားလုံး အလွဲအမှားမရှိ တိတိကျကျနှင့်အချိန်ကိုက်ဖြစ်စေရန် တာဝန်ရှိသူအားလုံးက ပူးပေါင်းကူညီဆောင်ရွက်ပေးကြရန် တိုက်တွန်းလိုပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် MEVM ဆိုင်ရာ တာဝန်ခံ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင် ဦးအောင်လွင်ဦးက တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များသို့ MEVM များ ခွဲဝေပေးထားမှုအခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးခဲ့သည်။

ဆက်လက်၍ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များ၊ နေပြည်တော်ကောင်စီအဖွဲ့ဝင်၊တိုင်းဒေသကြီး၊ပြည်နယ်အစိုးရအဖွဲ့ကိုယ်စားလှယ်ဝန်ကြီးများက မဲပေးစက်များ အပိုင်းလိုက် ရွှေ့ပြောင်းမည့်စီမံချက်၊ နည်းပညာအထောက်အကူပြုအဖွဲ့များ၏ လုပ်ငန်းစဉ်များ ဆောင်ရွက်ရန် စီစဉ်ထားရှိမှုများနှင့်စပ်လျဉ်း၍လည်းကောင်း၊တိုင်းဒေသကြီး၊ပြည်နယ် ကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူးများက ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှုအခြေအနေတို့နှင့်စပ်လျဉ်း၍လည်းကောင်း အသီးသီးရှင်းလင်းတင်ပြခဲ့ကြပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက နိဂုံးချုပ်စကားပြောကြား၍ အစည်းအဝေးကို ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# အမှတ်(၂)တက္ကသိုလ်လေ့ကျင့်ရေးတပ် ၂၀၂၄-၂၀၂၅ တက္ကသိုလ်ပညာသင်နှစ် တပ်ဖွဲ့ဝင်များ မိုးရာသီစခန်းချလေ့ကျင့်ရေးသင်တန်းဆင်းပွဲအခမ်းအနား ကျင်းပ





**မန္တလေး နိုဝင်ဘာ ၁၃**

တက္ကသိုလ်များတွင် ပညာသင်ကြားလျက်ရှိသော ကျောင်းသား၊ ကျောင်းသူများကို အခြေခံစစ်ပညာနှင့် တန်းမြင့်စစ်ပညာသင်တန်းများ စခန်းချလေ့ကျင့်ပေးခြင်းဖြင့် နိုင်ငံတော်ကာကွယ်ရေးဆိုင်ရာ အသိအမြင်များရရှိ၍ အနာဂတ်နိုင်ငံတော်၏ တာဝန်များ ထမ်းဆောင်သည့်အခါတွင် အထောက်အကူရရှိကာ နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်များ ပိုမိုရင့်သန်လာစေရန်နှင့် ယုံကြည်ချက်၊ ခံယူချက်မြင့်မားပြီး အရည်အချင်းပြည့်ဝစေရန် ရည်ရွယ်ချက်ဖြင့် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) ပြည်သူ့စစ်နှင့် နယ်ခြားတပ်များ ညွှန်ကြားရေးမှူးရုံး၏ တက္ကသိုလ်လေ့ကျင့်ရေးတပ်များ၌ ကိုယ်တိုင်ဆန္ဒပြုသည့် တက္ကသိုလ်လေ့ကျင့်ရေးတပ်ဖွဲ့ဝင်ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ကျောင်းသူများအား လေ့ကျင့်ရေးသင်တန်းများကို သက်ဆိုင်ရာ နယ်မြေခံသင်တန်းကျောင်းများတွင် ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

အမှတ်(၂) တက္ကသိုလ်လေ့ကျင့်ရေးတပ် ၂၀၂၄-၂၀၂၅ တက္ကသိုလ် ပညာသင်နှစ်တပ်ဖွဲ့ဝင်များမိုးရာသီစခန်းချလေ့ကျင့်ရေးသင်တန်းဆင်းပွဲကို ယနေ့နံနက်ပိုင်းက ကျောက်ဆည်ခရိုင် မြစ်သားမြို့နယ် မိုင်းမောမြို့ရှိ နယ်မြေခံသင်တန်းကျောင်းတွင် ကျင်းပရာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ ကျောက်ဆည်တပ်နယ်မှူးနှင့် တပ်နယ်မှ အရာရှိကြီးများ၊ တက္ကသိုလ်အသီးသီးမှ ပါမောက္ခချုပ်များ၊ ခရိုင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ တက္ကသိုလ်လေ့ကျင့်ရေးတပ်ဖွဲ့ဝင် ဆရာ၊ ဆရာမများ၊ သင်တန်းတာဝန်ခံအရာရှိများ၊ သင်တန်းဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

သင်တန်းဆင်းပွဲ၌ တိုင်းဒေသကြီးဝန်ကြီးချုပ်က သင်တန်းဆင်းအမှာစကားပြောကြားပြီးနောက် ရတနာပုံတက္ကသိုလ် ပါမောက္ခချုပ်က သင်တန်းဆင်းနှုတ်ဆက်စကား ပြောကြားခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဆုရရှိသော သင်တန်းသား၊သင်တန်းသူများအား ဆုများကိုလည်းကောင်း၊ တပ်ဖွဲ့ဝင်သင်တန်းသား၊ သင်တန်းသူများအတွက် ဂုဏ်ပြုချီးမြှင့်ငွေများကိုလည်းကောင်း၊ သင်တန်းဆင်းပွဲအမှတ်တရ လက်ဆောင်ပစ္စည်းများကိုလည်းကောင်း ပေးအပ်ခဲ့ကြကြောင်း သတင်းရရှိသည်။

**မျိုးကျော်**

# မြစ်ကြီးနားမြို့ သန်လျင်မြို့နယ်နှင့် ကော့မှူးမြို့နယ်တို့၌ သံဃာတော်များနှင့် ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်



ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးစဉ်။

**နေပြည်တော် နိုဝင်ဘာ ၁၃**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ပေါ်ရှိ သံဃာတော်များအား ယနေ့နံနက်ပိုင်းတွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါမြို့ရှိ ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော် အပါး ၈၀ ကို ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အရိုးအကြောရောဂါ၊ အာရုံကြောအားနည်းရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးခြင်း၊ ECG စက်ဖြင့် နှလုံးစမ်းသပ်ပေးခြင်းနှင့် ဓာတ်မှန်ရိုက်၍ ရောဂါရှာဖွေပေးခြင်းများဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန်လိုအပ်သည့် သံဃာတော်များကို နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေးစီစဉ်ဆောင်ရွက်ပေးသည်။

အလားတူ ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ် ပုဂံတောင်ကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ သံဃာတော်များနှင့် ဒေသခံပြည်သူများကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါကျေးရွာရှိ ဓမ္မိကာရာမပျိုးဥယျာဉ် ပရိယတ္တိစာသင်တိုက်၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော် ၁၅ ပါးနှင့် ဒေသခံပြည်သူ ၁၄၈ ဦးတို့ကို အရိုးအကြောရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ မျက်စိရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

ထို့အတူ ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့နယ် သမင်ခြံကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူ ၁၅၂ ဦးကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါကျေးရွာရှိ သမင်ခြံကျောင်းတိုက်၌ အရိုးအကြောရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ မျက်စိရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့်ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

# စစ်ဆင်ရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်ခဲ့ပြီး ရှပ်ရှပ်ချွံချွံတိုက်ပွဲဝင်ခဲ့သော အောင်ပွဲအလီလီရ ရှေ့တန်းပြန်နိုင်ငံ့သားကောင်း တပ်မတော်သားများကို ဝမ်းမြောက်စွာ သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆို





အောင်ပွဲအလီလီရ ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများကို ရန်ကုန်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ထွန်းထွန်းဦး၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ တပ်မတော်သားများ၊ မိသားစုဝင်များနှင့် ဒေသခံပြည်သူများက အောင်သပြေခက်များ၊ ဂုဏ်ပြုပန်းကုံးများဖြင့် ဝမ်းမြောက်စွာ သောင်းသောင်းဖြဖြ ကြိုဆိုဂုဏ်ပြုကြစဉ်။

**နေပြည်တော် နိုဝင်ဘာ ၁၃**

တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင်စားသောက်နိုင်ရန်နှင့် ပြည်သူလူထု၏ အသက်အိုးအိမ် စည်းစိမ်ဥစ္စာများကို ကာကွယ်စောင့်ရှောက်ရန်အတွက် နယ်မြေတည်ငြိမ်အေးချမ်းရေးနှင့် အကြမ်းဖက်ချေမှုန်းမှု စစ်ဆင်ရေးတာဝန်များကို ရှေ့တန်းစစ်မျက်နှာများတွင် မိဝေးဖဝေး၊ မိသားစုများနှင့်ဝေးကွာ၍ နေ့မအား ညမအား စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ခဲ့ပြီး ရှပ်ရှပ်ချွံချွံတိုက်ပွဲဝင်ခဲ့သော အောင်ပွဲအလီလီရ ရှေ့တန်းပြန်နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုခြင်းကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် အင်းတိုင်ကျေးရွာရှိ နယ်မြေခံတပ်ရင်း၌ ကျင်းပပြုလုပ်ရာ ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ထွန်းထွန်းဦး၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ တပ်မတော်သားများ၊ မိသားစုဝင်များနှင့် ဒေသခံပြည်သူများက ဝမ်းမြောက်စွာ သောင်းသောင်းဖြဖြကြိုဆိုဂုဏ်ပြုကြသည်။

နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းရေးအတွက် ရှေ့တန်းစစ်မျက်နှာများတွင် ရှပ်ရှပ်ချွံချွံတိုက်ပွဲဝင်ပြီး အောင်ပွဲအလီလီရယူနိုင်ခဲ့သော အောင်ပွဲရ ရှေ့တန်းပြန်တပ်မတော်သားများကို ဒုတိယတိုင်းမှူးနှင့်အဖွဲ့ဝင်များ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံတိုင်းရင်းသားပြည်သူများက အောင်သပြေခက်များ၊ ဂုဏ်ပြုပန်းကုံးများနှင့် ဂုဏ်ပြုပန်းများဖြင့် ကြိုဆိုဂုဏ်ပြုကြပြီး အိုးစည်၊ ဒိုးပတ်၊ အတီး၊ အမှုတ်၊ အက၊ အလှများဖြင့် ဝမ်းမြောက်စွာ သောင်းသောင်းဖြဖြ ကြိုဆိုဂုဏ်ပြုခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)

## နေ့သင်တန်းများဖွင့်လှစ်ကြောင်း ကြေညာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**

**ပညာရေးဝန်ကြီးဌာန**

**အဆင့်မြင့်ပညာဦးစီးဌာန**

**ကြေညာချက်**

**နေ့သင်တန်းများ ဖွင့်လှစ်ကြောင်း ကြေညာခြင်း**

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာနရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်များ၏ သင်တန်းများအားလုံးကို နိုဝင်ဘာ ၂၄ ရက်မှ စတင်ဖွင့်လှစ်သွားမည်ဖြစ်ရာ နိုဝင်ဘာ ၁၇ ရက်မှစတင်၍ ပိတ်ရက်မရှိ ကျောင်းအပ်လက်ခံသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**အဆင့်မြင့်ပညာဦးစီးဌာန ပညာရေးဝန်ကြီးဌာန**



အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်နိုင်ဦး သတ်မှတ်စစ်မှုထမ်းကာလပြည့်မြောက်အောင် တာဝန်ထမ်းဆောင်ပြီးသည့် ပြည်သူ့စစ်မှုထမ်းတစ်ဦးကို ပြည်သူ့စစ်မှုထမ်းဆောင်ပြီးကြောင်း လက်မှတ်နှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်စဉ်။

☆ **ကျောဖုံးမှအဆက်**

တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်နိုင်ဦးနှင့် အဖွဲ့ဝင်များ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက ဂုဏ်ပြုအမှာစကား ပြောကြားသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက သတ်မှတ်စစ်မှုထမ်းကာလ ပြည့်မြောက်အောင် တာဝန်ထမ်းဆောင်ပြီးသည့် ပြည်သူ့စစ်မှုထမ်းများကို ပြည်သူ့စစ်မှုထမ်းဆောင်ပြီးကြောင်း လက်မှတ်နှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ချီးမြှင့်ကြသည်။

ထို့အတူ ပြည်သူ့စစ်မှုထမ်းတာဝန်ကျေပွန်စွာ ထမ်းဆောင်ခဲ့ကြသူများကို အလုပ်အကိုင်ရရှိရေး ၎င်းတို့ဆန္ဒပြုသော အလုပ်အကိုင်များကို သတ်မှတ်ချက်များနှင့်အညီ ခန့်အပ်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာ တာဝန်ရှိသူများက ပြည်တွင်း၊ ပြည်ပ အလုပ်အကိုင်ခန့်အပ်ပေးနိုင်ရေး လုပ်ငန်းကော်မတီနှင့်ချိတ်ဆက်၍ လိုအပ်သည်များ ဆက်လက်ဆောင်ရွက် ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (၅၀၁)

❖ **ဖမ်းဆီးရမိမှ**

(ခန့်မှန်းတန်ဖိုးငွေကျပ် ၁ ဒသမ ၁၇ ဘီလီယံ) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂ ဒသမ ၃၅၈ ဘီလီယံတန်ဖိုးရှိ မူးယစ်ဆေးဝါးများကို ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

စစ်ဆေးဖော်ထုတ်ချက်များအရ ဖမ်းဆီးရမိမူးယစ်ဆေးဝါးများကို သယ်ဆောင်ခိုင်းသူမှာ နမ့်ခမ်းမြို့နယ်နေ ခေါင်ဒေါင်(ဖမ်းဆီးရန်ကျန်)ဖြစ်ကြောင်း၊ ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများအား နမ့်ခမ်းမှ ဝိုင်းမော်သို့ သယ်ဆောင်ရောင်းဝယ်ခြင်းဖြစ်ကြောင်းသိရှိရပြီး ၎င်းတို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားရှိ၍ ကွင်းဆက်ပြစ်မှုကျူးလွန်သူများကို ဆက်လက်ဖော်ထုတ်လျက်ရှိကြောင်း သတင်းရရှိသည်။(၅၀၁)



## ၂၀၂၅ ခုနှစ် နိုဝင်ဘာ ၁၃ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီ ရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၅၉၈၀၀၀၀ကျပ်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

# အမျိုးသားနိုင်ငံရေးအားမာန်သစ်ပါတီက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် နိုဝင်ဘာ ၁၃

**အမျိုးသားနိုင်ငံရေးအားမာန်သစ်ပါတီဥက္ကဋ္ဌ ဒေါ်ဝင်းကေခိုင်အေးက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို နိုဝင်ဘာ ၁၃ ရက် ညပိုင်းတွင် ရေဒီယိုနှင့်ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။**

**အဆိုပါ ဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်–**



**ဒေါ်ဝင်းကေခိုင်အေး**
**(ဥက္ကဋ္ဌ၊ အမျိုးသားနိုင်ငံရေးအားမာန်သစ်ပါတီ)**

## ချစ်ခင်လေးစားအပ်ပါသော မဲဆန္ဒရှင်မိဘပြည်သူလူထုကြီးရှင့်

ကျွန်မကတော့ အမျိုးသားနိုင်ငံရေးအားမာန်သစ်ပါတီမှ ဥက္ကဋ္ဌ ဒေါ်ဝင်းကေခိုင်အေးဖြစ်ပါတယ်ရှင့်။ ကျွန်မတို့ အမျိုးသားနိုင်ငံရေးအားမာန်သစ်ပါတီသည် ရန်ကုန်တိုင်းဒေသကြီး ကိုယ်စားပြုတည်ထောင်ထားတဲ့ တိုင်းဒေသကြီးအဆင့်ပါတီတစ်ခုဖြစ်ပါတယ်ရှင့်။ မိဘပြည်သူများနှင့် ချစ်ခင်လေးစားရပါသော ပါတီဝင်များ၊ မောင်နှမများ၊ သူငယ်ချင်းမိတ်ဆွေများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သလိုက်ပါတယ်ရှင့်။ မိဘပြည်သူများအားလုံးရဲ့ရင်ထဲမှာ ကိန်းအောင်းစွာ တည်ရှိနေတဲ့ ဒီမိုကရေစီရေး ပြင်းပြဆန္ဒများ ပြည့်ဝကြပါစေလို့လည်း ထပ်ဆင့်ဆုမွန်ကောင်းတောင်းအပ်ပါသည်။

မိဘပြည်သူလူထုကြီးရှင့် ကျွန်မတို့ အမျိုးသားနိုင်ငံရေးအားမာန်သစ်ပါတီ၏ မူဝါဒ၊ သဘောထား၊ နိုင်ငံရေး ရည်မှန်းချက်များကို မိဘပြည်သူများထံ ပန်ကြားတင်ပြလိုပါတယ်။ ဒီနေရာမှာ ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် ပြည်သူများအတွက် အလွန်တရာအရေးကြီးလှတဲ့ ဒီမိုကရေစီစနစ်၏ အသက်သွေးကြောဖြစ်သော ရွေးကောက်ပွဲအကြောင်းနှင့် နောင်အနာဂတ်နိုင်ငံတော်အတွက် ပြည်သူများထားရှိလိုက်နာဆောင်ရွက်ရမယ့် စိတ်ဓာတ်နှင့် လုပ်ဆောင်ရန်အချက်များကို ဦးစွာတင်ပြလိုပါတယ်ရှင့်။

၂၈-၁၂-၂၀၂၅ ရက်မှာ ကျွန်မတို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို ကျင်းပမှာဖြစ်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ (၇) တွင် “နိုင်ငံတော်သည် စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးသည်” ဟု ဖော်ပြထားပါတယ်။ ဒီနေရာမှာ ကျွန်မအနေနဲ့ ဒီမိုကရေစီစနစ်အကြောင်းအနည်းငယ်ရှင်းပြလိုပါတယ်။ ဒီမိုကရေစီစနစ်ကို ကျင့်သုံးရာတွင် တိုက်ရိုက် ဒီမိုကရေစီ(Direct Democracy) နှင့် (Representative Democracy – ကိုယ်စားပြု ဒီမိုကရေစီ) ဟုနှစ်မျိုးရှိရာ ကမ္ဘာ့ဒီမိုကရေစီနိုင်ငံအများစုသည် ကိုယ်စားပြု ဒီမိုကရေစီစနစ်ကို ကျင့်သုံးကြပါတယ်။ ၎င်းစနစ်အရ ပြည်သူများက ဆန္ဒမဲပေးပြီး ရွေးကောက်တင်မြှောက်ခံရသည့် ပြည်သူ့ကိုယ်စားလှယ်များက နိုင်ငံ၏အချုပ်အခြာအာဏာကို ပြည်သူ့ကိုယ်စား ကျင့်သုံးကြခြင်းဖြစ်ပါတယ်။ ဒါကြောင့် ဒီမိုကရေစီစနစ်ကိုဖော်ဆောင်ရာမှာ ရွေးကောက်ပွဲသည် အခြေခံအုတ်မြစ်ဖြစ်ပါတယ်။

မဲဆန္ဒရှင်ပြည်သူများရှင့် ဒီရွေးကောက်ပွဲဟာ စနစ်ပြောင်းခေတ်ပြောင်းရွေးကောက်ပွဲဖြစ်ဖို့ ပြည်သူရဲ့သတ္တိနဲ့ဉာဏ်ပညာကို ထုတ်ဖော်ပြရမယ့်အချိန်ဖြစ်ပါတယ်။ ကျွန်မတို့ မိဘပြည်သူများရဲ့ ရင်ထဲမှာ ဖြစ်စေချင်နေတဲ့ အုပ်ချုပ်မှုပုံစံကို ရွေးကောက်ပွဲတွင် မဲပေးခြင်းဖြင့်သာ ပြောင်းလဲနိုင်ပါတယ်ရှင့်။ ရွေးကောက်ပွဲသည် ပြည်သူများရဲ့ အခွင့်အရေးအပြည့်အဝရရှိစေရန်နှင့် လွတ်လပ်ခွင့်နှင့် ဒီမိုကရေစီစနစ်ခိုင်မာရေးအတွက် သေရေးရှင်ရေးတမျှ အရေးကြီးသော၊ ပြည်သူ၏ သတ္တိကိုပြရတဲ့အလုပ်ဖြစ်ပါတယ်ရှင့်။

ဒီနေရာမှာ သတိပြုရမယ့်အချက်လေးတစ်ချက်ကို ကျွန်မမျှဝေလိုပါတယ်ရှင့်။ နိုင်ငံကောင်းအောင် တိုးတက်အောင်ဆိုတဲ့ နေရာမှာ တစ်ဦးကောင်း တစ်ယောက်ကောင်း၊ တစ်ပါတီစနစ်နဲ့ လုပ်ဆောင်လို့ မရပါဘူးရှင့်။ တိုင်းပြည်တိုးတက်ရာ တိုးတက်ကြောင်းအတွက် လူထုလူတန်းစားအားလုံး အချိုးညီညီပါဝင်ပြီး ပူးပေါင်းဆောင်ရွက်မှသာ ဖြစ်နိုင်မှာပါ။ ကျွန်မတို့ဟာ ဒီမြေမှာနေ၊ ဒီရေကိုသောက်ပြီး အတူတကွကြီးပြင်းနေထိုင်လာကြတာပါ။ ပကတိနိုင်ငံရေး၏ အားနည်းချက်၊ အားသာချက်၊ သမိုင်း၏ဆိုးမွေ၊ ကောင်းမွေ၊ အုပ်ချုပ်ရေးစနစ်၏ လိုအပ်ချက်တွေကိုလည်း အတူတကွ ခံစားလာကြတဲ့သူတွေဖြစ်ပါတယ်။

ဒီမိုကရေစီနိုင်ငံတစ်ခုဖြစ်ဖို့ တည်ဆောက်ကြရာမှာ ပြည်သူလူထု၏ နိုင်ငံရေးအသိအမြင်ကြွယ်ဝမှုဟာ အခရာဖြစ်ပါတယ်။ ဒီမိုကရေစီနိုင်ငံတစ်ခုရဲ့ အသိမ်မွေ့ဆုံး ခက်ခဲနက်နဲမှု အများဆုံးလုပ်ငန်းစဉ်ကတော့ ပြည်သူကရွေးချယ်ပေးတဲ့ ပြည်သူ့ကိုယ်စားလှယ်တွေဟာ အတွေးမှန် အသိမှန် ဉာဏ်ပညာရှိရှိ တာဝန်သိသိဖြင့် ပြည်သူ့ကိုယ်စား ရဲရဲတင်းတင်း ကိုယ်စားပြုလုပ်ဆောင်ပေးရန် အလွန်အရေးကြီးပါတယ်။ ကျွန်မတို့ အမျိုးသားနိုင်ငံရေးအားမာန်သစ်ပါတီကတော့ ဒီမိုကရေစီစနစ်ကို ယုံကြည်တယ်၊ ဒီမိုကရေစီရဖို့အတွက်က ဒီမိုကရေစီနည်းလမ်းနဲ့ပဲ ရအောင်လုပ်မယ်။ ဒါကြောင့် အမျိုးသားနိုင်ငံရေးအားမာန်သစ်ပါတီကို ထူထောင်ခဲ့ပြီး အခုလာမယ့်ရွေးကောက်ပွဲမှာ ပြည်သူ့ကိုယ်စားပြုပါဝင်ယှဉ်ပြိုင်မှာဖြစ်ပါတယ်။

ပြည်သူက အမျိုးသားနိုင်ငံရေးအားမာန်သစ်ပါတီကို ဒီရွေးကောက်ပွဲမှာ မဲပေးစေချင်ပါတယ်။ နိုင်ငံရေးဆိုတာဟာ ပြည်သူ၏အကျိုးအတွက်ဖြစ်နိုင်သရွေ့ ညှိနှိုင်းဆောင်ရွက်ရသောအလုပ်ဖြစ်ပါတယ်။ နိုင်ငံရေးသည် နိုင်ငံသားတိုင်းထမ်းဆောင်ရမည့် သမိုင်းပေးတာဝန်ဖြစ်ပါတယ်။

လူကြီးမင်းတို့ရဲ့ရင်ထဲမှာ မြန်မာနိုင်ငံသားတစ်ယောက်ရဲ့ အခြေခံအခွင့်အရေး၊ အကာအကွယ်ပေးရေး၊ လွတ်လပ်ခွင့်ရရှိရေးတို့ကို အပြည့်အဝလိုချင်တယ်ဆိုတာကို ကျွန်မအနေနဲ့ မြင်တွေ့ရပါတယ်။ နိုင်ငံကို တိုးတက်စေချင်လျှင် ပြည်သူတွေ ပူးပေါင်းဆောင်ရွက်ရမယ့်အချက်များစွာရှိပါတယ်။ အဲဒီအချက်တွေထဲကမှ အရေးအကြီးဆုံး ပထမအချက်က မိမိလိုချင်သော တိုင်းပြည်ကို တည်ဆောက်နိုင်တဲ့ အရည်အချင်း၊ ပြည့်စုံတဲ့ နိုင်ငံရေးပါတီတစ်ခုထဲက ပြည်သူ့ကိုယ်စားလှယ်ကို ပြည်သူက အားပေးအားမြှောက်ပြုရမှာပါ။ နောက်ဒုတိယအချက်ကတော့ ဒီမိုကရေစီစနစ်ခိုင်မာရေးအတွက် ပြည်သူ့အကျိုး၊ နိုင်ငံအကျိုးကို အမြဲအလေးအနက်ဆောင်ရွက်ပေးမယ့် နိုင်ငံရေးသမားကို မွေးထုတ်မြေတောင်မြှောက်ပေးရပါမယ်။ တတိယအချက်က ပါတီနှင့် နိုင်ငံရေးသမားတွေ အကျင့်ပျက်သိက္ခာမဲ့လုပ်ရပ်တွေ လုပ်လာရင် ပြည်သူများက ရှုတ်ချ၊ ပြစ်တင်၊ ဝေဖန်၊ ပြုပြင်ပေးရပါမယ်။ ဒါတွေကတော့ ယနေ့နိုင်ငံရေးပြုပြင်ပြောင်းလဲမှုတွေမှာ ပြည်သူကပါဝင်ဆောင်ရွက်နိုင်တဲ့ အချက်တွေပဲဖြစ်ပါတယ်။

ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရာမှာ တိုင်းရင်းသားလက်နက်ကိုင်များ၏ ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခဖန်တီးနေမှုအားလုံးကို ရပ်တန့်အောင် စုပေါင်းဆွေးနွေးညှိနှိုင်းရန်လိုအပ်ပါသည်။ မငြိမ်းချမ်းသရွေ့ ဒီမိုကရေစီအရေးနှင့် ပြည်သူ့ဘဝတိုးတက်ရေးက အစဉ်နိမ့်ပါးထိခိုက်နေမယ့်အရာလည်းဖြစ်ပါတယ်။ လူမျိုး၊ ဘာသာ၊ စာပေ၊ ယဉ်ကျေးမှုကွဲပြားတဲ့လူမျိုးစုတို့ အတူလက်တွဲ စုပေါင်းနေထိုင်တဲ့ ကျွန်မတို့ နိုင်ငံမှာ ဥပဒေအရ တန်းတူညီမျှမှုရှိပြီး ဥပဒေရဲ့ အကာအကွယ်ကို လူတိုင်းမျှတစွာရရှိရပါမယ်။ လူတိုင်းလွတ်လပ်ခွင့်၊ ယုံကြည်ခွင့်၊ ဖော်ထုတ်ခွင့်၊ ဆန္ဒပြခွင့်၊ တင်ပြခွင့် စတဲ့ ဒီမိုကရေစီဆိုင်ရာ အခွင့်အရေးများကိုလည်း အားလုံးရထိုက်အောင် ဆောင်ရွက်သွားဖို့က အရေးကြီးပါတယ်။ ဒီမိုကရေစီနိုင်ငံတစ်ခုမှာလည်း စနစ်ကျသော အုပ်ချုပ်မှုယန္တရားဟာ အဓိကကျပါတယ်။ နိုင်ငံရေးပါတီများဟာ မဲဆွယ်ကာလမှာ ကတိကဝတ်တွေပေးခဲ့ကြပေမယ့် အုပ်ချုပ်မှုယန္တရားစနစ်တကျပီပြင်မှုမရှိရင် ကတိမတည်နိုင်ဘဲ ပြည်သူ့ရဲ့ယုံကြည်မှုပျောက်ဆုံးပြီး အဝေဖန်ခံကြရပါတယ်။

ဒီမိုကရေစီခိုင်မာရေးဟာ ဒီနေ့မှာ လွယ်မယောင်နဲ့ခက်၊ တိမ်မယောင်နဲ့ နက်နေတဲ့သဘောရှိတယ်ဆိုတာ အားလုံးမျက်မြင်ကိုယ်တွေ့ပါပဲ။ အတိတ်ရဲ့ကောင်းမွေ၊ ဆိုးမွေတွေကိုလက်ဆင့်ကမ်းသယ်ဆောင်သင့်တာတွေကို သယ်ဆောင်၊ သင်ခန်းစာ ယူသင့်တာတွေကို သင်ခန်းစာယူပြီး အနာဂတ်နိုင်ငံတော်တည်ဆောက်ရာမှာ စိတ်ရှည်သည်းခံပြီး ဒီမိုကရေစီစံနှုန်းပြည့်တဲ့ အခြေအနေတွေကို တဖြည်းဖြည်း၊ သတ္တိရှိရှိနဲ့ကူးပြောင်းရပါမယ်။

ပြည်သူ့ဘဝတိုးတက်ရေးအတွက် ကျွန်မတို့အမျိုးသားနိုင်ငံရေးအားမာန်သစ်ပါတီ၏ သဘောထားကို ဆက်လက်တင်ပြပါရစေရှင့်။

ပြည်သူ့ဘဝတိုးတက်ရေးလို့ ပါတီအဖွဲ့အစည်းအသီးသီးက ပြောနေကြပေမယ့် လွယ်လွယ်ကူကူ ကိစ္စမဟုတ်တဲ့အပြင် အဘက်ဘက်မှာဆက်နွှယ်နေတဲ့ အကြောင်းတရားတွေ များစွာရှိပါတယ်ရှင့်။ ဒီမိုကရေစီနိုင်ငံတစ်ခုရဲ့ အသိမ်မွေ့ဆုံးနဲ့ ခက်ခဲနက်နဲပြီး ရှုပ်ထွေးမှုအများဆုံးလုပ်ငန်းစဉ်တစ်ခုလို့လည်း ပြောရမှာဖြစ်ပါတယ်။ ပြည်သူ့ဘဝတိုးတက်မြင့်မားဖို့ဆိုတာက တိုင်းပြည်ရဲ့ စီးပွားရေးကောင်းမွန်နေဖို့လိုသလို နိုင်ငံသားတစ်ဦးချင်းစီရဲ့ ထုတ်ကုန်တန်ဖိုးအများဆုံးဖြစ်နေဖို့လည်းလိုအပ်ပါတယ်။ တိုင်းပြည်တိုးတက်အောင်လုပ်ဖို့ရာမှာ လျှပ်စစ်ဓာတ်အားနဲ့ စွမ်းအင်အလုံအလောက် ထုတ်လုပ်သုံးစွဲနိုင်ဖို့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ အင်တိုက်အားတိုက် စီးဝင်လာစေဖို့၊ လယ်ယာထွက်ကုန်ဈေးကွက်များ ပြည်ပသို့ ထိုးဖောက်ရှာဖွေနိုင်ဖို့၊ အလတ်စားနဲ့အကြီးစား စက်မှုလုပ်ငန်းတွေ တစ်ဟုန်ထိုး ကြီးထွားတိုးတက်လာဖို့၊ ပြည်တွင်းမှာ အလုပ်အကိုင်တိုးတက်များပြားစေပြီး အလုပ်လက်မဲ့နည်းပါးစေဖို့ စသည့် လုပ်ဆောင်စရာအချက်တွေ မြောက်မြားစွာရှိပါတယ်။

ဒါတွေကို အစိုးရက အခွင့်အလမ်းသာတဲ့ ဥပဒေပုဒ်မတွေနဲ့ အားပေးဖို့ အကျိုးစီးပွားတွေကို ကာကွယ်ပေးဖို့ တင်းကျပ်သော စီးပွားရေးမူဝါဒများမချမှတ်ဖို့လိုပါတယ်။ ပုဂ္ဂလိကလုပ်ငန်းရှင်များကလည်း လုပ်ကိုင်ခွင့်အပြည့်အဝရရှိအောင် ဆောင်ရွက်နိုင်ရန်နှင့် ဆောင်ရွက်ထားတဲ့ လုပ်ငန်းတွေကို ပီပြင်အောင် ဆောင်ရွက်ကြရမှာဖြစ်ပါတယ်။ ဒီနေရာမှာ လုပ်ငန်းလုပ်ကိုင်နေသော နိုင်ငံသားလုပ်ငန်းရှင်များအားတစ်ခုမေတ္တာရပ်ခံလိုပါတယ်။ မိမိလုပ်ကိုင်ခွင့်ရရှိထားသော လုပ်ငန်းများအား ကျိန်းသေသေချာပေါက် အကောင်အထည်ဖော်ကာ တိုင်းပြည်၏ GDP တိုးတက်စေဖို့အတွက် ကူညီဆောင်ရွက်ရပါမယ်။ အခွန်ငွေများအား တိုင်းပြည်ကရရှိအောင် သေချာသောနည်းလမ်းဖြင့် အခွန်ထမ်းဆောင်ရန်မှာ အလွန်အင်မတန်အရေးကြီးလှပါတယ်။ လုပ်ကိုင်တဲ့နေရာမှာလည်း အာဏာရအစိုးရကလည်း အဂတိမဖက်ပွင့်လင်းမြင်သာတဲ့အစိုးရဖြစ်ပြီး ပြည်သူ့အကျိုးစီးပွားကို မျက်ခြည်ပြတ်မခံဘဲ မိမိပါတီအဖွဲ့အစည်းတစ်ခုကောင်းစားရေးကို ရှေ့တန်းမတင်တဲ့ အစိုးရတစ်ရပ်ဖြစ်ရပါမယ်ရှင့်။

ပြည်သူတွေက ယုံကြည်လို့ အပ်နှင်းလိုက်တဲ့ အစိုးရအာဏာကို ပြည်သူ့အတွက် စင်ကြယ်သန့်ရှင်းစွာ ကျင့်သုံးမယ်ဆိုရင် ပြည်သူတွေက ကျေနပ်အားရစွာ ဝန်းရံထောက်ခံနေမှာဖြစ်ပါတယ်။

နောက်တစ်ချက်တင်ပြလိုတာကတော့ ယနေ့အချိန်အခါမှာ ကမ္ဘာတစ်ဝန်း မည်သည့်နိုင်ငံမဆို မည်သည့်အစိုးရကိုကြည့်ကြည့် နိုင်ငံကာကွယ်ရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး၊ တိုင်းပြည်ဂုဏ်သိက္ခာမြင့်မားရေးအတွက် တပ်မတော်တစ်ရပ်ကို ခေတ်မီတောင့်တင်းအောင် ဦးစားပေးတည်ဆောက်နေကြတာကို တွေ့မြင်ကြရမှာဖြစ်ပါတယ်။

ပြည်ထောင်စုကြီးကို ကာကွယ်နိုင်ရေးအတွက် ရှိသင့်ရှိထိုက်တဲ့ အင်္ဂါရပ်တွေနဲ့ပြည့်စုံတဲ့ကမ္ဘာ့အဆင့်အတန်းမီ တပ်မတော်တစ်ခုသည် မရှိမဖြစ်လိုအပ်တယ်လို့ ကျွန်မတို့ အမျိုးသားနိုင်ငံရေးအားမာန်သစ်ပါတီမှ ခံယူပါတယ်။ မဲဆန္ဒရှင်လူထုကြီးရှင့် မဲဆန္ဒရှင်လူထုကြီးကို ကျွန်မတို့အမျိုးသားနိုင်ငံရေးအားမာန်သစ်ပါတီ၏ **စာမျက်နှာ ၂၆ သို့**

## ၂၀၂၅ ခုနှစ် ၁၀၅ နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ ဆောင်ပုဒ်

**စည်းလုံးချစ်ကြည်လက်တွဲညီ ရွေပြည်သစ်ဆီလှမ်းကြမည်။**

၁၃၈၇ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် (၁၀) ရက်

(၁၄-၁၁-၂၀၂၅)

## ၂၀၂၅ ခုနှစ် ၁၀၅ နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ ဦးတည်ချက်များ

☆ ပြည်ထောင်စုကြီးတည်တံ့ခိုင်မြဲရေးကို တိုင်းရင်းသားပြည်သူအားလုံးက အမျိုးသားရေးတာဝန်တစ်ရပ်ဖြင့် ထိန်းသိမ်းစောင့်ရှောက်ရေး။

☆ အသိပညာ အတတ်ပညာပြည့်စုံသော လူ့စွမ်းအားအရင်းအမြစ်များဖြင့် နိုင်ငံတော်ကို တည်ဆောက်ရေး။

☆ အမျိုးသားပညာရေးကို မြှင့်တင်ခြင်းဖြင့် နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေး။

☆ အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

**စာမျက်နှာ ၂၅ မှအဆက်**

အလံ၊ တံဆိပ်၊ မူဝါဒသဘောထား၊ နိုင်ငံရေးခံယူချက်၊ နိုင်ငံရေးရည်မှန်းချက်များကိုလည်းတင်ပြလိုပါတယ်။ အမျိုးသားနိုင်ငံရေး အားမာန်သစ်ပါတီ၏ အလံမှာ အပြာရောင်၊ နောက်ခံတွင် အဝါ၊ အစိမ်း၊ အနီ မြားသုံးချောင်းမှ အဖြူရောင်ကြယ်တစ်လုံးအား ထောက်မပင့်တင်ထားသည့်ပုံဖြစ်ပါသည်။ ပါတီအလံ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည်။

အပြာရောင်နောက်ခံသည် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရန် တည်ငြိမ်ခြင်း၊ အေးချမ်းခြင်း၊ သာယာခြင်း၊ ပြည်ထောင်စုသားအားလုံး တစ်ပြေးညီ တစ်သားတည်းဖြစ်ခြင်း စသည့်အဓိပ္ပာယ်ကို ဖွင့်ဆိုထားပါသည်။

အဖြူရောင်ကြယ်ဖြူတစ်လုံး၏ သဘောမှာ တစ်နိုင်ငံလုံးကို တစုတစည်းတည်း တည်ရှိသော ပြည်ထောင်စု မြန်မာနိုင်ငံတော်ဖြစ်ခြင်း၊ ကြယ်၏ သဘောသဘာဝဖြစ်သော သန့်ရှင်းစင်ကြယ်ခြင်း၊ ဖြောင့်မတ်မှန်ကန်ခြင်း၊ ကရုဏာတရားကြီးမားခြင်း၊ ကိုယ်ပိုင်အလင်းရောင်နှင့် ရပ်တည်နိုင်ပြီး မိမိလမ်းကြောင်းကို စွမ်းအင်ပြည့်ဝစွာဖြင့် ဖြောင့်တန်းစွာ သွားခြင်း စသည့်အဓိပ္ပာယ်ကိုဖွင့်ဆိုပါသည်။

အဝါရောင်မြားသည် စည်းလုံးခြင်း၊ ညီညွတ်ခြင်း၊ ဉာဏ်ပညာကြီးမားခြင်း၊ ပျော်ရွှင်ခြင်းအတိဖြင့် တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်မှုအားနှင့် ပြည်ထောင်စုကြယ်ဖြူကြီးအား ထောက်မတွန်းတင်သည့်အဓိပ္ပာယ်ဖြစ်ပါသည်။

အစိမ်းရောင်မြားသည် နိုင်ငံတော်၏ပေါကြွယ်သည့် မြေသယံဇာတ၊ ရေသယံဇာတ၊ သစ်တောသယံဇာတ၊ စိုက်ပျိုးမြေတို့အား အသုံးချပြီး အေးချမ်းသာယာစိမ်းလန်းစိုပြည်ရန် စည်ပင်ဖွံ့ဖြိုးမည့် ပြည်ထောင်စုကြယ်ဖြူကြီးအား ထောက်မတွန်းတင်ထားသည့် အဓိပ္ပာယ်ဖြစ်ပါသည်။

အနီရောင်မြားသည် နိုင်ငံတော်ကိုယ်စားပြု ကြယ်ဖြူကြီးအား နှောင့်ယှက်ဖျက်ဆီးမည့်ဘေးအန္တရာယ်ပေါ်မှ ရဲရင့်ပြတ်သားစွာ ကာကွယ်စောင့်ရှောက်သွားမည့်အဓိပ္ပာယ်ကို ဖွင့်ဆိုထားပါသည်။

အမျိုးသားနိုင်ငံရေးအားမာန်သစ်ပါတီ၏ မူဝါဒများသည် အမျိုးသားရေး၊ ဒီမိုကရေစီရေး၊ စီးပွားရေး၊ လူ့အခွင့်အရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ အခြေခံအယူအဆများကို အထူးအလေးထားပါသည်။

လေးစားအပ်ပါသော မဲဆန္ဒရှင်ပြည်သူလူထုအပေါင်းတို့ရှင့် ကျွန်မတို့အမျိုးသားနိုင်ငံရေးအားမာန်သစ်ပါတီအနေဖြင့် လက်ရှိဖြစ်ပေါ်နေသော ပြဿနာတွေကို ကျွန်မတို့၏ ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ပါဝင်ဖြေရှင်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။

မဲဆန္ဒရှင်ပြည်သူလူထုအပေါင်းတို့ကလည်း မိမိနိုင်ငံတော်ကြီးတိုးတက်ကောင်းမွန်နေသည်ကိုသာ မြင်လိုတွေ့လိုဖြစ်ချင်လိုသောဆန္ဒရှိသည်ဟု ကျွန်မအနေဖြင့် အပြည့်အဝယုံကြည်ပါသည်။ ပြည်သူလူထုတစ်ရပ်လုံးနှင့် တောင့်ခံထားခဲ့ရသော သမိုင်း၏ ဆိုးမွေတွေကနေ လွတ်မြောက်အောင် လုပ်ဆောင်ရမယ့် အချိန်လည်းဖြစ်ပါတယ်။ ကျွန်မတို့အမျိုးသားနိုင်ငံရေးအားမာန်သစ်ပါတီသည် "အမှန်တရားလည်းဖြစ်ရမည်၊ ခွန်အားလည်းဖြစ်ရမည်၊ အားလုံးဟာ ပြည်သူ့အတွက်၊ အားလုံးဟာ နိုင်ငံအတွက်" ဆိုတဲ့ ဆောင်ပုဒ်အတိုင်း ကျွန်မတို့အမျိုးသားနိုင်ငံရေးအားမာန်သစ်ပါတီဝင်အားလုံးက ကြိုးပမ်းဆောင်ရွက်လျက်ရှိတယ်ဆိုတာကိုလည်း အလေးအနက် ဖော်ထုတ်ပြောကြားလိုပါတယ်။ မဲဆန္ဒရှင်ပြည်သူအပေါင်းတို့နှင့် အနာဂတ်မျိုးဆက်သစ်များအတွက် မည်သို့သောနိုင်ငံကို လက်ဆင့်ကမ်း အမွေပေးလိုပါသလဲရှင့်။

ယခုလာမည့်ရွေးကောက်ပွဲတွင် အမျိုးသားနိုင်ငံရေးအားမာန်သစ်ပါတီဝင်ရောက်ယှဉ်ပြိုင်သော မြို့နယ်အသီးသီးမှ မဲဆန္ဒရှင်ပြည်သူလူထုအားလုံးမှ ကျွန်မတို့ အမျိုးသားနိုင်ငံရေးအားမာန်သစ်ပါတီအားသောင်ပြိုကမ်းပြိုမဲပေးခြင်းအားဖြင့် ဒီမိုကရေစီရေး၊ ပြည်သူ့ဘဝတိုးတက်ရေး၊ ငြိမ်းချမ်းရေးတို့အတွက် အတူတကွ အနာဂတ်နိုင်ငံတော်ကို ဖန်တီးဖို့ "အားမာန်သစ်ကို မဲပေးကြပါစို့" လို့ ကျွန်မအနေနှင့် တောင်းဆိုလိုပါတယ်ရှင့်။ မိဘပြည်သူများရှင် ဒီရွေးကောက်ပွဲမှာ မဲပေးခြင်းဟာ နောင်လာမယ့် ငါးနှစ်မှာဖြစ်လာမယ့် အစိုးရအတွက် မိမိ၏အနာဂတ်ကိုဖန်တီးပေးမယ့် လွှတ်တော်အတွင်းရှိ မိမိအားကိုယ်စားပြုမည့်သူအား ရွေးချယ်ပေးခြင်းဖြစ်ပါတယ်။ မြန်မာနိုင်ငံသူ၊ နိုင်ငံသားအားလုံးဟာ မတရားသော အမှုအပေါ်မှ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေး၊ အာဏာသုံးရပ်လုံးတွင် ဝင်ရောက်ကာကွယ်ပေးနိုင်ရန် ကျွန်မတို့ အမျိုးသားနိုင်ငံရေးအားမာန်သစ်ပါတီသည် မိမိတို့၏ ခွန်အားရှိသည့်အတိုင်း အစွမ်းကုန်ဆောင်ရွက်သွားပါ့မယ်လို့ ကတိသစ္စာပြုပါသည်။

နိဂုံးချုပ်အနေနဲ့ တင်ပြလိုတာကတော့ ကျွန်မတို့ရဲ့ အမျိုးသားနိုင်ငံရေးအားမာန်သစ်ပါတီဟာ ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲတွင် နိုင်သည်ဖြစ်စေ၊ ရှုံးသည်ဖြစ်စေ ပြည်သူများရဲ့ ပြဋ္ဌာန်းဆုံးဖြတ်ချက်များကို လေးစားစွာခံယူလိုက်နာသွားမှာဖြစ်ပါတယ်။ မည်သို့သောအခြေအနေဖြစ်ပါစေ၊ ငြိမ်းချမ်းရေး၊ ဒီမိုကရေစီရေးနှင့် ပြည်သူ့ဘဝတိုးတက်ရေးတို့ကို မမှိတ်မသုန် ဆောင်ရွက်သွားပြီး တရားဥပဒေစိုးမိုးရေးနှင့် ငြိမ်းချမ်းသာယာရေးတို့တွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ ပိုင်ဆိုင်မှု၊ နယ်မြေတည်တံ့ခိုင်မြဲရေးတို့အတွက် တိုင်းချစ်ပြည်ချစ်စိတ်ဓာတ်ဖြင့် ထိန်းသိမ်းကာကွယ်စောင့်ရှောက်သွားရန် အစဉ်အမြဲ သန္နိဋ္ဌာန်ချထားပါတယ်ဆိုတဲ့အကြောင်းပြောကြားရင်းနဲ့ ကျွန်မတို့ အမျိုးသားနိုင်ငံရေးအားမာန်သစ်ပါတီရဲ့ ပြည်သူများထံပန်ကြားတင်ပြမှုကို ဒီနေရာမှာပဲ ရပ်နားလိုက်ရပါတယ်ရှင်။ မိဘပြည်သူအပေါင်း အေးချမ်းသာယာပျော်ရွှင်သော အနာဂတ်နိုင်ငံတော်အား ရရှိပါစေကြောင်း ဆုတောင်းပေးပါတယ်ရှင့်။ ။

## စားအုန်းဆီအခြေခံလက်ကား ရည်ညွှန်းဈေးနှုန်း တစ်ပိဿာလျှင် ၆၃၅၅ ကျပ်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

**နေပြည်တော် နိုဝင်ဘာ ၁၃**

စားသုံးသူပြည်သူများ စားသုံးဆီဝယ်ယူစားသုံးရာတွင် ဘေးအန္တရာယ်ကင်းရှင်းသော စားသုံးဆီများကို သင့်တင့်သောဈေးနှုန်းဖြင့် ဝယ်ယူစားသုံးနိုင်စေရန်နှင့် ပြည်တွင်းလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီက ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ပြည်တွင်းလိုအပ်ချက်ကိုဖြည့်ဆည်းပေးနိုင်ရေးစားအုန်းဆီကို ပြည်ပမှဝယ်ယူတင်သွင်းရာတွင် စားအုန်းဆီတင်ပို့သည့်နိုင်ငံများ၏ ဈေးနှုန်းအတက်အကျပေါ်မူတည်၍ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများဖြစ်ပေါ်စေရေးကို ထိန်းကျောင်းဆောင်ရွက်လျက်ရှိသည်။

ပြည်ပမှစားအုန်းဆီထုတ်လုပ်တင်ပို့သည့်နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ ယခုနှစ် နိုဝင်ဘာ ၁၄ ရက်မှ ၂၀ ရက်ထိ ရန်ကုန်အထိုင်ဈေးအခြေခံ လက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီ တစ်ပိဿာလျှင် ၆၃၅၅ ကျပ်ဖြစ်ကြောင်း စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီက အသိပေးထုတ်ပြန်ကြေညာထားကြောင်း သိရသည်။

ပြည်တွင်းဈေးကွက်အတွင်း အဆိုပါထုတ်ပြန်ကြေညာထားသည့် ဈေးနှုန်းထက် ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းအပါအဝင် မသမာသည့်လုပ်ဆောင်မှုများပြုလုပ်ပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ကြောင်း သိရသည်။

စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို အပတ်စဉ် သောကြာနေ့တိုင်း ထုတ်ပြန်ကြေညာလျက်ရှိပြီး စားသုံးသူပြည်သူများအနေဖြင့် စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တို့တွင် ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ လျှော့ပေါ့ခွင့်ရသူများ

**လျှော့ပေါ့ခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှု ထမ်းဆောင်ရမည့်တာဝန်မှ လျှော့ပေါ့ခွင့်ပြုသူများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) လျှောက်ထားသူ၏ မိဘနှစ်ပါးစလုံးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ တစ်ဝက်အထိ လျှော့ပေါ့ပေးနိုင်သည်။

(ခ) လျှောက်ထားသူ၏ မိဘနှစ်ပါးအနက် တစ်ဦးဦးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ သုံးပုံတစ်ပုံအထိ လျှော့ပေါ့ပေးနိုင်သည်။

(ဂ) ပြည်သူ့စစ်မှုထမ်းတစ်ဦးဦးသည် တာဝန်ထမ်းဆောင်နေသည့်ကာလအတွင်း ထိခိုက်ဒဏ်ရာရရှိခြင်းများရှိခဲ့ပါက ထိခိုက်ဒဏ်ရာရရှိသည့်နေ့နောက်ပိုင်း ဆက်လက်တာဝန်ထမ်းဆောင်ရန် ကျန်ရှိသည့်ကာလအား လျှော့ပေါ့ပေးနိုင်သည်။

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

၁။ ကာကွယ်ရေးဝန်ကြီးဌာန (https://www.mod.gov.mm)

၂။ ဥပဒေရေးရာဝန်ကြီးဌာန (https://www.mlis.gov.mm)

၃။ ပြန်ကြားရေးဝန်ကြီးဌာန (https://www.moi.gov.mm)

၄။ Myawady Webportal (https://myawady.net.mm)

၅။ Myanmar National Portal (https://myanmar.gov.mm)

# ညီညွတ်သောတိုင်းရင်းသားလူမျိုးများဒီမိုကရေစီပါတီက ၎င်းတို့၏မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် နိုဝင်ဘာ ၁၃

**ညီညွတ်သောတိုင်းရင်းသားလူမျိုးများဒီမိုကရေစီပါတီဒုတိယဥက္ကဋ္ဌ နော်အုန်းလှနှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် နော်စုစုလှိုင်တို့က ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို နိုဝင်ဘာ ၁၃ ရက် ညပိုင်းတွင် ရေဒီယိုနှင့်ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။**

**အဆိုပါဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-**



နော်အုန်းလှ(ဒုတိယဥက္ကဋ္ဌ၊ ညီညွတ်သောတိုင်းရင်းသားလူမျိုးများ ဒီမိုကရေစီပါတီ)

မင်္ဂလာပါရှင့်..............။ ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြတဲ့ ပြည်သူအပေါင်း ကိုယ်စိတ်နှစ်ဖြာကျန်းမာ ချမ်းသာပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်။

ကျွန်မကတော့ ညီညွတ်သော တိုင်းရင်းသားလူမျိုးများ ဒီမိုကရေစီပါတီရဲ့ ဒုတိယဥက္ကဋ္ဌ နော်အုန်းလှဖြစ်ပြီး ပါတီရဲ့မူဝါဒသဘောထားများကို မိဘပြည်သူအများသိရှိနိုင်ဖို့ ရှင်းလင်းတင်ပြသွားမှာဖြစ်ပါတယ်။

**ချစ်ခင်လေးစားအပ်ပါသောပြည်သူများရှင့်**

ညီညွတ်သောတိုင်းရင်းသားလူမျိုးများ ဒီမိုကရေစီပါတီကို ၂၀၁၉ ခုနှစ် ဒီဇင်ဘာ ၁၁ ရက်မှာ ပထမအကြိမ်၊ ၂၀၂၃ခုနှစ် နိုဝင်ဘာ ၇ ရက်မှာ ဒုတိယအကြိမ် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ထံ မှတ်ပုံတင်၍ ပါတီတည်ထောင်ခဲ့ပါတယ်။ ပါတီကို ဦးဆောင်တည်ထောင်သူများဟာ ၁၉၉၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်အနိုင်ရရှိခဲ့ကြတဲ့ လွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြပါတယ်။

ပြည်ထောင်စုဖွားတိုင်းရင်းသားအားလုံး လွတ်လပ်စွာရေးသားခွင့်၊ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်၊ လွတ်လပ်စွာ စည်းရုံးဟောပြောခွင့် စတဲ့ လူမှုအခွင့်အရေးများနဲ့ ကမ္ဘာ့ကုလသမဂ္ဂပဋိညာဉ်စာတမ်းပါ လူ့အခွင့်အရေးစံနှုန်းများကို တန်းတူရည်တူရရှိခံစားနိုင်စေရေး ကြိုးပမ်းဆောင်ရွက်သွားပါမယ်။ ပြည်သူတစ်ရပ်လုံး ဥပဒေကခွင့်ပြုထားတဲ့ခံစားခွင့်များကို အပြည့်အဝရရှိခံစားနိုင်ဖို့၊ ဥပဒေရဲ့အကာအကွယ်ကို အပြည့်အဝရရှိခံစားနိုင်စေဖို့နဲ့ တရားဥပဒေစိုးမိုးတဲ့ လူမှုဝန်းကျင်များ ဖြစ်ပေါ်လာရေး ကြိုးစားဆောင်ရွက်သွားရမှာဖြစ်ပါတယ်။

ဦးတည်ချက်၊ ရည်ရွယ်ချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာမှာ မူဝါဒချင်းရည်ရွယ်ချက်ချင်းတူညီတဲ့ နိုင်ငံရေးပါတီများ၊ အဖွဲ့အစည်းများနဲ့ လက်တွဲဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ပြည်နယ်အခြေစိုက်နိုင်ငံရေးပါတီများ၊ အဖွဲ့အစည်းများနဲ့ ဆွေးနွေးညှိနှိုင်းပြီး ပြည်နယ်ဆိုင်ရာကိစ္စရပ်များကို လက်တွဲဆောင်ရွက်သွားမှာဖြစ်ပါတယ်။ မူဝါဒချင်းတူညီတဲ့ ပြည်နယ်အခြေစိုက် တိုင်းရင်းသားနိုင်ငံရေးပါတီများနဲ့ မဟာမိတ်ဖွဲ့ပြီး ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးဆောင်ရွက်သွားမှာဖြစ်ပါတယ်။

**ချစ်ခင်လေးစားအပ်ပါသောပြည်သူများရှင့်**

တိုင်းရင်းသားအချင်းချင်းကူညီရိုင်းပင်းမှု၊ လေးစားအသိအမှတ်ပြုမှု၊ ယုံကြည်မှုနဲ့ ပန်းတိုင်းဖူးပွင့်ပိုင်ခွင့်ရှိတဲ့ စုံလင်ကွဲပြားမှုရဲ့ ညီညွတ်သောစုပေါင်းအင်အားနဲ့ တိုင်းပြည်ကို တိုးတက်စေရပါမယ်။ စုံလင်ကွဲပြားမှုကို ပြည်ထောင်စုရဲ့စံတန်ဖိုးအဖြစ် စွဲကိုင်ထားရမှာဖြစ်ပါတယ်။

ပြည်ထောင်စုကြီးမှာ လူ့အခွင့်အရေးကို လေးစားလိုက်နာရမယ့် စံတန်ဖိုးတစ်ခုအဖြစ် သတ်မှတ်ရပါမယ်။ အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးကြေညာစာတမ်းပါ လူ့အခွင့်အရေးများကို ထောက်ခံအားပေးရမယ့်အပြင် လေးစားလိုက်နာမှုလည်းရှိရပါမယ်။ လူ့အခွင့်အရေးချိုးဖောက်မှုတွေမှာ ကြံ့ရာပါမဖြစ်စေဖို့နဲ့ ချိုးဖောက်မှုတွေကို ဆန့်ကျင်တားဆီးကာကွယ်ရပါမယ်။

စီမံကိန်းကြီးများကြောင့်ဖြစ်စေ၊ သဘာဝဘေးအန္တရာယ်ကြောင့်ဖြစ်စေ၊ လူတို့ဖန်တီးတဲ့ လုပ်ရပ်များကြောင့်ဖြစ်စေ၊ လက်နက်ကိုင်တိုက်ပွဲများကြောင့်ဖြစ်စေ နေရပ်စွန့်ခွာပြောင်းရွှေ့ရသူများနှင့် ဒုက္ခသည်များအပေါ် ကျူးလွန်တဲ့ လူ့အခွင့်အရေးချိုးဖောက်မှုများကို ကာကွယ်တားဆီးပေးရပါမယ်။ သူတို့အတွက် အခြေခံလူမှုဘဝလိုအပ်ချက်တွေကိုလည်း ဖြည့်ဆည်းပေးရပါမယ်။

ပြည်ထောင်စုရဲ့အခြေခံအင်အားဟာ အလုပ်သမား၊ တောင်သူလယ်သမားများဖြစ်တဲ့အတွက် အလုပ်သမား၊ တောင်သူလယ်သမားများနဲ့ ၎င်းတို့မိသားစုများဘဝဖွံ့ဖြိုးတိုးတက်ရေး၊ ငြိမ်းချမ်းစွာအသက်ရှင်ရပ်တည်နိုင်ရေး၊ အနာဂတ်ဘဝလုံခြုံရေး၊ လူ့အခွင့်အရေးရရှိရေး၊ တရားမျှတရေး၊ တန်းတူညီမျှရေး၊ သာတူညီမျှရေးတွေအပြင် လူ့ဂုဏ်သိက္ခာနဲ့အညီ ဆက်ဆံခံရရေး ကြိုးပမ်းဆောင်ရွက်ပေးပါမယ်။ လုပ်အားကို အခြေခံသော်လည်း လူမှုဘဝဖွံ့ဖြိုးတိုးတက်နိုင်ရေးအတွက် နိုင်ငံတွင်း ပြဋ္ဌာန်းဥပဒေနဲ့သာမက နိုင်ငံတကာစံနှုန်းများနဲ့အညီ အာမခံချက်ပေးနိုင်သည့်အစိုးရ ပေါ်ပေါက်ရေးတွန်းအားပေးဆောင်ရွက်သွားပါမယ်။

အလုပ်သမားနဲ့တောင်သူလယ်သမားတို့ရဲ့ နေ့စဉ်လူမှုဘဝလုံခြုံမှု၊ လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းမှု၊ အလုပ်သမားများရဲ့ အုပ်စုလိုက်ခံစားခွင့်၊ တစ်ဦးချင်းခံစားခွင့်ဆိုင်ရာ ထိခိုက်နစ်နာမှုအတွက် ဥပဒေအရ အကာအကွယ်ရယူပိုင်ခွင့်၊ လူမှုဝန်းကျင်နဲ့ သဘာဝပတ်ဝန်းကျင်ကောင်းမွန်မှု၊ လွတ်လပ်ပျော်ရွှင်မှုများ စနစ်တကျခံစားခွင့်ရရှိနိုင်ရေး စတာတွေကို သက်ဆိုင်ရာအစိုးရက ဖန်တီးပေးနိုင်ဖို့ မူဝါဒချမှတ်ဆောင်ရွက်သွားပါမယ်။

အလုပ်သမားနဲ့ တောင်သူလယ်သမားအစည်းအရုံးများကို လွတ်လပ်စွာ ဖွဲ့စည်းထူထောင်ခွင့်၊ အလုပ်ရှင်နဲ့ အလုပ်သမားများအကြား လုပ်ခလစာကို စေ့စပ်ညှိနှိုင်းခွင့်ရှိရပါမယ်။ အတင်းအဓမ္မခိုင်းစေခြင်း၊ ကလေးများကို အလုပ်ခိုင်းစေခြင်းတွေ ဥပဒေအရတားမြစ်ထားရပါမယ်။ လုပ်ငန်းနဲ့အသက်မွေးဝမ်းကျောင်းအပေါ် အခြေခံတဲ့ ခွဲခြားဆက်ဆံခြင်းကို ရှောင်ကြဉ်ရပါမယ်။

လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ဆိုတာ လူသားတစ်ဦးရဲ့ အခြေခံအကျဆုံးရပိုင်ခွင့်ရှိတဲ့ အခွင့်အရေးဖြစ်ပါတယ်။ လူတိုင်းဟာ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ရှိရပါမယ်။ မိမိယုံကြည်ချက်ကို လွတ်လပ်စွာ ကိုင်စွဲပိုင်ခွင့်၊ သတင်းအချက်အလက်နဲ့ အတွေးအမြင်အယူအဆများကို လက်ခံပိုင်ခွင့်၊ ဖန်တီးဖြန့်ဝေပိုင်ခွင့်ရှိရပါမယ်။

ဆက်လက်ပြီးတော့ ကရင်တိုင်းရင်းသားလူမျိုးလွှတ်တော်ကိုယ်စားလှယ်လောင်း နော်စုစုလှိုင်က ဆက်လက်တင်ပြသွားမှာဖြစ်ပါတယ်။



နော်စုစုလှိုင်(ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်၊ ညီညွတ်သောတိုင်းရင်းသားလူမျိုးများဒီမိုကရေစီပါတီ)

**ချစ်ခင်လေးစားအပ်ပါသောပြည်သူများရှင့်**

ကျွန်မကတော့ ကရင်တိုင်းရင်းသားလူမျိုးလွှတ်တော်ကိုယ်စားလှယ်လောင်း နော်စုစုလှိုင်ဖြစ်ပါတယ်။

ပညာရေးဟာ ပြည်ထောင်စုရဲ့ အရေးကြီးဆုံးရင်းနှီးမြှုပ်နှံမှုဖြစ်တယ်ဆိုတဲ့ခံယူချက်နဲ့ ခေတ်မီပြီး လက်တွေ့အသုံးချနိုင်တဲ့ပညာရေးစနစ်ကို ဖော်ဆောင်ရပါမယ်။ လူ့အခွင့်အရေးကိုအခြေခံတဲ့ ပညာရေးစနစ် တည်ဆောက်ရပါမယ်။ ဗဟုဘာသာစကားသင်ကြားတဲ့စနစ်နဲ့ မိခင်ဘာသာစကားအခြေပြုပညာရေးစနစ်တို့ကို ဦးတည်တဲ့ ပညာသင်ကြားမှုစနစ်ဖြစ်လာရေး ကြိုးပမ်းဆောင်ရွက်သွားပါမယ်။ သက်ဆိုင်ရာဒေသအလိုက် တိုင်းရင်းသားဘာသာစာပေနဲ့စကားများကို သင်ကြားခွင့်ရရှိစေရေး ဆောင်ရွက်မယ့်အပြင် လိုအပ်တဲ့ကူညီထောက်ပံ့မှုများရရှိရေး ကြိုးပမ်းသွားပါမယ်။ တိုင်းရင်းသားလူမျိုးများရဲ့ အမျိုးသားပညာရေးကျောင်းများ တရားဝင်ရပ်တည်ခွင့်ရှိရေး ဆောင်ရွက်သွားပါမယ်။




ဘာသာစကားများနဲ့ ယဉ်ကျေးမှုများကို လေးစားခြင်းက ငြိမ်းချမ်းရေးနဲ့ အပြန်အလှန်ဆွေးနွေးခြင်းကို တည်ဆောက်ထိန်းသိမ်းတဲ့ အခြေခံအုတ်မြစ်ဖြစ်ပါတယ်။ တိုင်းရင်းသားလူမျိုးတို့ရဲ့ ဘာသာစကားနဲ့ ရိုးရာယဉ်ကျေးမှုဓလေ့ထုံးတမ်းများကို သင်ယူပိုင်ခွင့်၊ ယဉ်ကျေးမှုဆိုင်ရာဝန်ဆောင်မှုများကို ရယူပိုင်ခွင့်၊ မိမိတို့ရဲ့ဘာသာစကားနဲ့ ယဉ်ကျေးမှုဆိုင်ရာများကို ဆက်သွယ်ရေး သတင်းမီဒီယာတွေမှာ ကျိုးကြောင်းဆီလျော်စွာ ထုတ်ဖော်ပြသပိုင်ခွင့်၊ အစိုးရအဖွဲ့အစည်းများ၊ လူမှုစီးပွားဆိုင်ရာ ဆက်သွယ်လှုပ်ရှားမှုများမှာ မိမိတို့ရဲ့ ဘာသာစကားကို အာရုံစိုက်စေရေး ရယူဆောင်ရွက်ပိုင်ခွင့် စတဲ့လူမျိုးစုများရဲ့ စုပေါင်းအခွင့်အရေးများကိုလည်း အာမခံနိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားပါမယ်။

**ချစ်ခင်လေးစားအပ်ပါသောပြည်သူများရှင့်**

အချုပ်အခြာရဲ့ မူလအရင်းအမြစ်ဟာ ပြည်သူတို့သာဖြစ်ကြောင်း၊ နိုင်ငံ့အာဏာဟာ ပြည်သူ့လက်ထဲမှာရှိကြောင်း သက်သေထူနိုင်ဖို့ အစွမ်းကုန်ကြိုးစားသွားပါမည်ဖြစ်ကြောင်း တင်ပြအပ်ပါတယ်ရှင့်။

**ညီညွတ်သောတိုင်းရင်းသားလူမျိုးများဒီမိုကရေစီပါတီ**

ညီညွတ်သောတိုင်းရင်းသားလူမျိုးများဒီမိုကရေစီပါတီ(အဖြူရောင်ပုဆိန်နှစ်လက်) ညီညွတ်သောတိုင်းရင်းသားလူမျိုးများ ဒီမိုကရေစီပါတီ (အဖြူရောင်ပုဆိန်နှစ်လက်)

ရဲရဲရင့်ရင့် နှလုံးသား**သစ္စာ** ဒို့အလံကို အနီရောင်ခြယ်
ဝိုင်းစက်အနက်သည် လေးနက်တည်ကြည်
အစဉ်ဒွန်ရှေ့ဆက် အမြဲခိုင်မယ်
ပုဆိန်နှစ်လက် အဖြူရောင်သင်္ကေတ ရှင်းသန့်ဖြူစင်စွာ ပြည်သူ့အန္တရာယ် ဒို့ကာကွယ်
ကြယ်ဖြူရှစ်ပွင့် ဝန်းရံလျက် ညီနောင်တိုင်းရင်းသား ချစ်ကြည်ဖွဲ့
ပြည်သူ့အတွက် ဒို့ပါတီ အောင်လံထူမယ် မိုးယံထက်မှာ လွင့်ပျံ့ဝင့်ထည်
ညီညွတ်သောတိုင်းရင်းသားလူမျိုးများ ဒီမိုကရေစီပါတီ (အဖြူရောင်ပုဆိန်နှစ်လက်)
ညီညွတ်သောတိုင်းရင်းသားလူမျိုးများဒီမိုကရေစီပါတီ
(အဖြူရောင်ပုဆိန်နှစ်လက်)
ပြည်သူ့ဆန္ဒ ဒို့ဖြည့်စွမ်း လူ့အခွင့်အရေးလည်း ဒို့ကာကွယ်
ကျေးလက်ပြည်သူဖြိုးပွင့်ဝေမည်
သီးပွင့်ရတနာစိမ်းလန်းဝေစည်
လယ်သမားအလုပ်သမားဘဝမြင့်မား
စားဝတ်နေမှုကြံ့ဆောင်မည်
အမျိုးနဲ့ ဘာသာ မခွဲခြား ကူညီ
တွဲလက်ခိုင်ကြည် အားသစ်မာန်ချီ
ပြည်မြန်မာစီးပွားရေးကို အရှိန်အဟုန်မြှင့်
ပညာရည်တိုးတက်စွမ်းဆောင်ယုံကြည်ခြင်း
ညီညွတ်သောတိုင်းရင်းသားလူမျိုးများ ဒီမိုကရေစီပါတီ(အဖြူရောင်ပုဆိန်နှစ်လက်)
ညီညွတ်သောတိုင်းရင်းသားလူမျိုးများ ဒီမိုကရေစီပါတီ(အဖြူရောင်ပုဆိန်နှစ်လက်)

# ကရင်ပြည်နယ် မြဝတီမြို့နယ်အတွင်းမှ မူးယစ်ဆေးဝါးနှင့် လက်နက်ခဲယမ်းများ ဖမ်းဆီးရမိ







**နေပြည်တော် နိုဝင်ဘာ ၁၃**

ကရင်ပြည်နယ် မြဝတီခရိုင် မြို့ဝတီမြို့နယ်အတွင်း ၂၀၂၁ ခုနှစ်မှ ၂၀၂၅ ခုနှစ် အောက်တိုဘာ ၃၁ ထိ အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေဖြင့် အရေးယူဆောင်ရွက်ခဲ့သည့် အမှု ၂၅၆ မှု၊ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများ ဥပဒေဖြင့် အရေးယူဆောင်ရွက်ခဲ့သည့်အမှု ၃၄၇ မှု၊ လက်နက်ဥပဒေဖြင့် အရေးယူဆောင်ရွက်ခဲ့သည့်အမှု ၈၆ မှုကို အရေးယူဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါ ဖမ်းဆီးရမိသော လက်နက်ခဲယမ်းများနှင့် ဆက်စပ်ပစ္စည်းများ၊ မူးယစ်ဆေးဝါးများကို ထိုင်းကုန်သည်များက လက်နက်ကိုင်အဖွဲ့အစည်းများ၏ သောင်ရင်းမြစ်တစ်လျှောက်တွင် တရားမဝင်ဖွင့်လှစ်ထားသည့် နယ်စပ်ဂိတ်များမှ တစ်ဆင့် ပို့ဆောင်ရောင်းချခြင်းများကို ဆောင်ရွက်ခဲ့ကြကြောင်း စုံစမ်းသိရသည်။

မူးယစ်ဆေးဝါးဖမ်းဆီးရမိမှုအနေဖြင့် ၂၀၂၁ ခုနှစ်မှ ၂၀၂၅ ခုနှစ် အောက်တိုဘာ ၃၁ ရက်အတွင်း စိတ်ကြွရူးသွပ်ဆေးပြား (WY)ဆေးပြားဖမ်းဆီးရမိမှု အမှုပေါင်း ၃၂၅ မှု ဆေးပြားပေါင်း ၂၅၇၈၉၆၁ ဒသမ ၅ ပြား၊ ICE အမှုပေါင်း ကိုးမှု အလေးချိန် ၄၉၀၈ ဒသမ ၉၄၇၁ ဂရမ်၊ ဘိန်းဖြူ ဖမ်းဆီးရမိမှု အမှုပေါင်း ခုနစ်မှု အလေးချိန် ၂၈၁၃၀၄ ဂရမ်၊ ကက်တမင်း ဖမ်းဆီးရမိမှု အမှုပေါင်း ၁၉ မှု အလေးချိန် ၃၅၇၃ ဒသမ ၃၂၂၅ ဂရမ်၊ ဆေးခြောက်ဖမ်းဆီးရမိမှု အမှုပေါင်း ၃၁ မှု အလေးချိန် ၁၈၅၅၁ ဒသမ ၇၁၇၁ ဂရမ်၊ အက်တစီဆေးပြား ၉၇၂ ပြား၊ Tramadol ဆေးတောင့် ဖမ်းဆီးရမိမှု နှစ်မှု၊ ဆေးတောင့်ပေါင်း ၆၀၀၃၀ နှင့် အမိုနီယမ်းနိုက်ထရိတ် ဖမ်းဆီးရမိမှု ငါးမှု အလေးချိန် ၁၁၈၂၅ ဒသမ ၁၅၉ ကီလိုဂရမ်ခန့်တို့ကို ဖမ်းဆီးရမိခဲ့ကြောင်း မြဝတီခရိုင်ရဲတပ်ဖွဲ့မှ သိရသည်။

ထို့အတူ လက်နက်ခဲယမ်းများနှင့် ဆက်စပ်ပစ္စည်းများ ဖမ်းဆီးရမိမှုအနေဖြင့် ၉ မမ ပစ္စတိုသေနတ် ၄၈ လက်၊ AK -47 သေနတ် ၁၂ လက်၊ M-4 ကာဘိုင်သေနတ် ခြောက်လက်၊ ကိုးလုံးကျည်ဖြင့် ပစ်ခတ်ရသော သေနတ် နှစ်လက်၊ AK -15 သေနတ် တစ်လက်၊ ၁၂ ဗို့ သေနတ် သုံးလက်၊ ၁၂ ဗို့ကျည်ဖြင့်ပစ်ခတ်ရသော သေနတ် နှစ်လက်၊ ခြောက်လုံးပြူးသေနတ် နှစ်လက်၊ ၉ မမကျည်ဖြင့် ပစ်ခတ်ရသော AK သေနတ် တစ်လက်၊ M-16 တစ်လက်၊ ဒသမ ၃၀၃ ရိုင်ဖယ် တစ်လက်၊ ဒသမ ၃၀ ကာဘိုင်သေနတ် တစ်လက်၊ လက်လုပ်သေနတ် တစ်လက်၊ လက်လုပ်စက်သေနတ် တစ်လက်၊ လက်လုပ်အာပီဂျီ တစ်လက်တို့ကို ဖမ်းဆီးရမိခဲ့သည်။

အလားတူ ဒသမ ၃၀ ကာဘိုင်ကျည် အတောင့် ၆၀၊ ၅ ဒသမ ၅၆ ကျည် ၁၇ တောင့်၊ ကိုးလုံးကျည်ဖြင့် ပစ်ခတ်ရသော ကျည် ၂၉ တောင့်၊ AK -15 ကျည် ၈၇ တောင့်၊ AK -47 ကျည် ၆၄ တောင့်၊ ၉ မမ ကျည် (ပစ္စတို) ၂၀၈၂ တောင့်၊ ဒသမ ၃၈၀ ကျည် ၂၁၇ တောင့်၊ ဒသမ ၃၅၇ ကျည် အတောင့် ၇၅၀၊ ဒသမ ၃၈ ကျည် အတောင့် ၇၅၀၊ ၇ ဒသမ ၆၅ ကျည် အတောင့် ၅၀၊ M-16 ကျည် အတောင့် ၅၀၀၊ ၇၃ ခွင်းကျည် နှစ်တောင့်၊ M-4 ကျည် အတောင့် ၂၀၀၊ MK -12 ကျည် အတောင့် ၁၀၀၊ ဒသမ ၃၅၇ ကျည် အတောင့် ၂၀၀၊ ဒသမ ၃၈ Special ကျည် နှစ်တောင့်၊ ၇ ဒသမ ၆၂ ကျည် နှစ်တောင့်တို့ကို ဖမ်းဆီးရမိခဲ့သည်။

ထို့အတူ အာပီဂျီဗုံးသီး သုံးလုံး၊ လက်လုပ်အီနာဂါဗုံးသီး ၁၇ လုံး၊ လက်လုပ်မိုင်း နှစ်လုံး၊ ၄၀ မမ ဒုံးသီး ငါးလုံး၊ ရိုင်ဖယ်ပစ်ဗုံး ငါးလုံး၊ ၄၀ မမ ဗုံးသီး အလုံး ၂၀၊ ဒီတိုနေတာ အချောင်း ၃၀၀၊ လက်ပစ်ဗုံး ရှစ်လုံး၊ ကိုးလုံးကျည်ဖြင့် ပစ်ခတ်ရသော ကျည်အိမ် နှစ်ခု၊ AK-15 ကျည်အိမ် ခုနစ်ခု၊ AK-47 ကျည်အိမ် ၁၃ ခု၊ ၉ မမ ကျည်အိမ် (ပစ္စတို) ၅၂ ခု၊ ၁၂ ဗို့ကျည်အိမ် ကိုးခု၊ M-4 ကျည်အိမ် ၁၇ ခု၊ ကျည်အိမ် မျိုးစုံ ၁၇ ခု၊ ၃၈၀ ကျည်အိမ် တစ်ခု၊ M-12 ကျည်အိမ် တစ်ခု၊ MA ကျည်အိမ် လေးခုတို့ကို ဖမ်းဆီးရမိခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ပျဉ်းမနားမြို့ရှိ “ရောင်နီဦး” ရတနာရွှေဆိုင်ကို သေနတ်ဖြင့်ထောက်၍ခြိမ်းခြောက်ကာ လုယက်မှုကျူးလွန်ခဲ့သူများကို ဖမ်းဆီးရမိ

**နေပြည်တော် နိုဝင်ဘာ ၁၃**

နေပြည်တော် ပြည်ထောင်စုနယ်မြေ ပျဉ်းမနားမြို့ရှိ “ရောင်နီဦး” ရတနာရွှေဆိုင်ကို နိုဝင်ဘာ ၁၀ ရက်က သေနတ်ဖြင့်ထောက်၍ခြိမ်းခြောက်ကာ လုယက်မှုကျူးလွန်ခဲ့သူ အမျိုးသား တစ်ဦးနှင့် အမျိုးသမီး တစ်ဦးတို့ကို ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ နိုဝင်ဘာ ၁၀ ရက် နံနက် ၉ နာရီခွဲခန့်တွင် ပျဉ်းမနားမြို့ မင်္ဂလာရပ်ကွက် ဗိုလ်တောက်ထိန်လမ်း၌ ဖွင့်လှစ်ရောင်းချလျက်ရှိသည့်“ရောင်နီဦး” ရတနာရွှေဆိုင်၌ ဆိုင်ပိုင်ရှင် ဒေါ်အေးအေးမွန် ၄၃ နှစ်နှင့် ဝန်ထမ်းဖြစ်သူ မချစ်ကဗျာ ၁၉ နှစ်တို့ရှိနေစဉ် အမျိုးသားတစ်ဦးနှင့် အမျိုးသမီးတစ်ဦးတို့ ဆိုင်အတွင်း ဝင်ရောက်လာပြီး အမျိုးသားက ဒေါ်အေးအေးမွန်အား သေနတ်(အတို)ဖြင့် နားထင်အားထောက်၍ ခြိမ်းခြောက်ကာ ရွှေထည်ပစ္စည်းများကို အိတ်အတွင်းထည့်ခိုင်းစဉ် ဒေါ်အေးအေးမွန်က သေနတ်အား ပုတ်ထုတ်ခဲ့ရာ ၎င်းအမျိုးသားက သေနတ်ဖြင့် ထု၍ လက်သီးဖြင့်ထိုးခဲ့ကြောင်း၊ အဆိုပါ အမျိုးသားနှင့်အတူပါလာသူ အမျိုးသမီးက ရွှေထည်ပစ္စည်းများထည့်ထားသည့် ဘူးတစ်ဘူးကို လုယက်ယူဆောင်စဉ် မချစ်ကဗျာက ပြန်လည်လုယူခဲ့ရာ အဆိုပါအမျိုးသမီးက လက်သည်းဖြင့် ကုတ်ခြစ်ကာ တွန်းထုတ်၍ထွက်ပြေးသွားခဲ့ကြောင်း သိရသည်။

ဒုစရိုက်ပြစ်မှုကျူးလွန်သူများကို မလိုလားသည့် ပြည်သူများနှင့် အဆိုပါ ရပ်ကွက်အတွင်း ရောက်ရှိနေသည့် နယ်မြေလှည့်ကင်း ဆောင်ရွက်နေသော ရဲတပ်ဖွဲ့ဝင်များက လိုက်လံဝိုင်းဝန်း ဖမ်းဆီးခဲ့ရာ မင်္ဂလာရပ်ကွက် ကေးလမ်းသွယ်(၁)လမ်းပေါ်၌ လုယက်မှုကျူးလွန်သူများဖြစ်ကြသည့် ရွှေပြည်သာမြို့နယ် သိမ်ကျောင်းရွာနေ သန်းတိုးအောင် ၂၈နှစ်နှင့် ပျဉ်းမနားမြို့ ရန်အောင်(၂) ရပ်ကွက်နေ ယမင်း(ခ)ရေဟန် ၂၅ နှစ်





ပြစ်မှုကျူးလွန်ခဲ့သူ သန်းတိုးအောင်နှင့် ယမင်း(ခ)ရေဟန်တို့ကို သက်သေခံပစ္စည်းများနှင့်အတူ တွေ့ရစဉ်။

တို့ကို ၎င်းတို့ပြစ်မှုကျူးလွန်စဉ် အသုံးပြုခဲ့သည့် သေနတ်အတု နှစ်လက်၊ အရိုး၊ အသွား ခုနစ်လက်မခန့်ရှိ ခေါက်ဓား တစ်ချောင်း၊ CZI အမျိုးအစားဆိုင်ကယ် တစ်စီး၊ လက်ကိုင်ဖုန်း နှစ်လုံး၊ ၎င်းတို့ လုယက်ယူဆောင်သွားသည့် ရွှေလက်စွပ် ၁၃ ကွင်း၊ ရွှေနားကပ် ရှစ်ရန်၊ ရွှေဆွဲသီး တစ်ခု ကာလတန်ဖိုး ၄၆ သိန်းကျော်ခန့်နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

၎င်းတို့ လုယက်မှုကျူးလွန်စဉ် ထုနှက်၊ ထိုးကြိတ်၊ ကုတ်ခြစ်ခဲ့မှုကြောင့် ဒေါ်အေးအေးမွန်တွင် ဦးခေါင်းနှင့်မျက်နှာတို့တွင်လည်းကောင်း၊ မချစ်ကဗျာတွင် ဦးခေါင်း၌လည်းကောင်း ဖူးရောင်ပွန်းခြစ်ဒဏ်ရာများ ရရှိခဲ့သဖြင့် ပျဉ်းမနားမြို့ ခုတင်(၂၀၀)ပြည်သူ့ဆေးရုံ၌ တက်ရောက်ဆေးကုသမှု ခံယူလျက်ရှိကြောင်းနှင့် ဖမ်းဆီးရမိသူများဖြစ်သည့် သန်းတိုးအောင်နှင့် ယမင်း(ခ) ရေဟန်တို့ကို ပျဉ်းမနားမြို့မရဲစခန်းက (ပ)၂၄၃/၂၀၂၅၊ ရာဇသတ်ကြီးပုဒ်မ ၃၉၄/၁၁၄ ဖြင့် အမှုရေးဖွင့်စစ်ဆေး၍ ထိရောက်သောပြစ်ဒဏ် ရရှိနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(ဗဓဘ)**

ML

# လာမဲ့ စနေနေ့ညမှာ ယှဉ်ပြိုင်ကစားမဲ့ ၂၀၂၆ ကမ္ဘာ့ဖလား ဥရောပဇုန်ခြေစစ်ပွဲစဉ်တွေထဲက ဩစတြီးယား၊ ဝေးလ်၊ ကိုဆိုဗိုအသင်းတို့ကို အားပေးရမှာပါ



ဒီတစ်ပတ်မှာ ဥရောပအမှတ်ပေးပြိုင်ပွဲတွေ ခေတ္တရပ်နားထားပြီး နိုင်ငံတကာဘောလုံးရက်သတ္တပတ်အဖြစ် ၂၀၂၆ ကမ္ဘာ့ခြေစစ်ပွဲစဉ်တွေ ယှဉ်ပြိုင်ကစားလာကြမှာပဲဖြစ်ပါတယ်။ ဒ့ါပြင် ဇုန်အလိုက်ခြေစစ်ပွဲစဉ်တွေအနေနဲ့လဲ အသီးသီးယှဉ်ပြိုင်ကစားလာကြမှာဖြစ်ပြီး တချို့အသင်းတွေဟာ ပြီးခဲ့တဲ့အောက်တိုဘာလပိုင်းအတွင်း ကစားခဲ့တဲ့အုပ်စုပွဲစဉ်တွေအပြီးမှာ ခြေစစ်ပွဲအောင်မြင်တဲ့အသင်းတွေအဖြစ် အသီးသီးထွက်ပေါ်လာခဲ့ကြပြီဖြစ်ပါတယ်။ အဲဒီထဲက ကျန်ရှိနေသေးတဲ့အသင်းတွေကလဲ လက်ကျန်ပွဲစဉ်တွေမှာ ခြေစစ်ပွဲအောင်မြင်ဖို့ ကြိုးပမ်းယှဉ်ပြိုင်ကစားလာနိုင်ပြီး ပရိသတ်တွေစိတ်ဝင်စားမဲ့ ပွဲစဉ်တချို့လဲရှိနေတာဖြစ်လို့ ပြိုင်ဆိုင်မှုပြင်းထန်လာမဲ့ နိုင်ငံတကာဘောလုံးပွဲရက်သတ္တပတ်အဖြစ် မြင်တွေ့လာရအုံးမှာဖြစ်ပါတယ်။ လက်ရှိခြေစစ်ပွဲအဆင့်မှာ ဥရောပထိပ်သီးနိုင်ငံအသင်းဖြစ်တဲ့ ဂျာမနီအသင်းက အုပ်စု(A)ထိပ်ဆုံးနေရာမှာ ရပ်တည်နေပြီး လက်ကျန်နှစ်ပွဲအနေနဲ့ လူဇင်ဘတ်နဲ့ ဆလိုဗက်ကီးယားတို့လိုအသင်းတွေနဲ့ ဆုံတွေ့နေရတာဖြစ်လို့ သူတို့အသင်းအတွက် ခြေစစ်ပွဲအောင်မြင်ဖို့ အခက်အခဲမရှိနိုင်ဘူးဆိုတာကို တွေ့ရပါတယ်။ လက်ရှိဥရောပဇုန်မှာ ၂၀၂၆ ကမ္ဘာ့ဖလား ခြေစစ်ပွဲအောင်မြင်ထားတဲ့အသင်းတွေကတော့ ဆွစ်ဇာလန်၊ ဒိန်းမတ်၊ ပြင်သစ်၊ စပိန်၊ နော်ဝေ၊ အင်္ဂလန်အသင်းတို့ဖြစ်ပြီး အခြားထိပ်သီးနိုင်ငံအသင်းတွေအနေနဲ့လဲ အဆင့်(၁)နေရာမှာ အသီးသီးရပ်တည်နေကြတာဖြစ်လို့ လက်ကျန်ပွဲစဉ်နှစ်ပွဲယှဉ်ပြိုင်ကစားရမှာဖြစ်ပေမဲ့ ခြေစစ်ပွဲအောင်မြင်ဖို့ ရာခိုင်နှုန်းများနေပြီပဲဖြစ်ပါတယ်။ ဒ့ါကြောင့် အခုတစ်ပတ် နိုင်ငံတကာပွဲစဉ်တွေထဲက ပြိုင်ဆိုင်မှုပြင်းထန်နိုင်ပြီး ပရိသတ်စိတ်ဝင်စားစေမဲ့ ပွဲစဉ်တချို့ကို ရွေးချယ်သုံးသပ်ပေးလိုက်ရပါတယ်။

## ဩစတြီးယားအသင်းကို အားပေးရမှာပါ

ဆိုက်ပရပ်စ်အသင်းနဲ့ ဩစတြီးယားအသင်းတို့ဟာ ၂၀၂၆ ကမ္ဘာ့ဖလားခြေစစ်ပွဲစဉ်အုပ်စု(H)အဖြစ် ယှဉ်ပြိုင်ကစားရမှာဖြစ်ပြီး ဆိုက်ပရပ်စ်အသင်းအနေနဲ့ အုပ်စုအဆင့်(၄)နေရာမှာ ရပ်တည်နေပြီး ရမှတ် ရှစ်မှတ်ထိရရှိထားပါတယ်။ သူတို့အသင်းအနေနဲ့ အုပ်စုနောက်ဆုံးပွဲစဉ်အဖြစ် ယှဉ်ပြိုင်ကစားရတာဖြစ်ပြီး အုပ်စုဒုတိယနေရာက ဘော့စနီးယားအသင်းက ရမှတ် ၁၃ မှတ်နဲ့ ပွဲကျန်နှစ်ပွဲကစားရမှာဖြစ်တာကြောင့် ဆိုက်ပရပ်စ်အသင်းအတွက် ဒီပွဲအနိုင်ရခဲ့ရင်တောင် ခြေစစ်ပွဲအောင်မြင်ဖို့ မျှော်လင့်ချက်က မရှိတော့ပါဘူး။ ဆိုက်ပရပ်စ်အသင်းအနေနဲ့အုပ်စုပွဲစဉ်ခုနစ်ပွဲကစားအပြီးမှာ နှစ်ပွဲနိုင်နှစ်ပွဲသရေသုံးပွဲရှုံးရလဒ်ရရှိခဲ့သလို ပြီးခဲ့တဲ့ပွဲစဉ်မှာဆိုရင် အုပ်စုတွင်းအားအနည်းဆုံးအသင်းဖြစ်တဲ့ဆမ်မာရီနိုအသင်းကိုသာ လေးဂိုးပြတ်အနိုင်ရရှိထားတာကြောင့် သူတို့အသင်းဟာ ဆမ်မာရီနိုအသင်းပြီးရင် ဒုတိယအားအနည်းဆုံးအသင်းဖြစ်တာကြောင့်တစ်အုပ်စုတည်းဖြစ်တဲ့ ဩစတြီးယား၊ ဘော့စနီးယားနဲ့ရိုမေးနီးယားတို့လိုအသင်းတွေရဲ့ အောက်မှာရပ်တည်နေရတာပဲဖြစ်ပါတယ်။

ဒီအုပ်စုမှာ အုပ်စုဗိုလ်ဖြစ်တဲ့ ဩစတြီးယားအသင်းကတော့ လက်ကျန်ပွဲစဉ်နှစ်ပွဲကစားဖို့ရှိနေပြီး ဒုတိယနေရာက ဘော့စနီးယားအသင်းကို ရမှတ်နှစ်မှတ်ဖြတ်ထားနိုင်တာကြောင့် တိုက်ရိုက်ခြေစစ်ပွဲအောင်မြင်ဖို့ရာခိုင်နှုန်းများနေပါတယ်။ သူတို့အသင်းအနေနဲ့အုပ်စုပွဲစဉ်ခြောက်ပွဲကစားအပြီးမှာ ငါးပွဲနိုင် တစ်ပွဲရှုံးရလဒ်ရရှိထားပြီး တိုက်စစ်ပိုင်းက ၁၉ ဂိုးသွင်းယူထားနိုင်သလို ခံစစ်ပိုင်းအနေနဲ့လဲ သုံးဂိုးသာ ပေးထားရတာကြောင့် အသင်းလိုက်စွမ်းဆောင်ရည်ပိုင်းအကောင်းဆုံး လို့ဆိုရမှာပါ။ သူတို့အသင်းအနေနဲ့နောက်လာမဲ့ပွဲစဉ်မှာ ဒုတိယနေရာကဘော့စနီးယားအသင်းနဲ့ ဆက်လက်ယှဉ်ပြိုင်ကစားရမှာဖြစ်တာကြောင့်လဲ အခုဆိုက်ပရပ်စ်လို အသင်းနဲ့ပွဲစဉ်မှာ ရလဒ်ကောင်းဖို့အဘက်ဘက်က အကောင်းဆုံးပြင်ဆင်လာပါလိမ့်မယ်။ ဒ့ါပြင် ဩစတြီးယားအသင်းအနေနဲ့ဒွေါမွန်အသင်းကစားသမား ဆာဘစ်ဇာ၊ လိုက်ပ်ဇစ်အသင်းကစားသမားဂတ်နာတို့လို ထိပ်တန်းကစားသမားတွေ ပါဝင်ကစားနေတာကြောင့် ဆိုက်ပရပ်စ်အသင်းအနေနဲ့ ရလဒ်ကောင်းဖို့ထက် ခံစစ်ပိုင်းကိုသာ ဦးစားပေးကစားလာရဖို့ရှိနေပါတယ်။ ဒ့ါကြောင့် အခုပွဲစဉ်မှာ အဘက်ဘက်က အသာရနေတဲ့ဩစတြီးယားအသင်းကိုပဲ အားပေးရမှာပါ။

### ဆိုက်ပရက်စ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| ရိုမေးနီးယား | ၂ | - | ၀ | ဆိုက်ပရပ်စ် |
| ဩစတြီးယား | ၁ | - | ၀ | ဆိုက်ပရပ်စ် |
| ဆိုက်ပရပ်စ် | ၂ | - | ၂ | ရိုမေးနီးယား |
| ဆိုက်ပရပ်စ် | ၂ | - | ၂ | ဘော့စနီးယား |
| ဆမ်မာရီနို | ၀ | - | ၄ | ဆိုက်ပရပ်စ် |

### ဩစတြီးယားအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| ဆမ်မာရီနို | ၀ | - | ၄ | ဩစတြီးယား |
| ဩစတြီးယား | ၁ | - | ၀ | ဆိုက်ပရပ်စ် |
| ဘော့စနီးယား | ၁ | - | ၂ | ဩစတြီးယား |
| ဩစတြီးယား | ၁၀ | - | ၀ | ဆမ်မာရီနို |
| ရိုမေးနီးယား | ၁ | - | ၀ | ဩစတြီးယား |

## ဝေးလ်အသင်း အနိုင်ရသွားပါလိမ့်မယ်

လက်ချင်စတိန်းနဲ့ ဝေးလ်အသင်းတို့ဟာ ခြေစစ်ပွဲစဉ် အုပ်စု(J)က ဖြစ်ကြပြီး ပြီးခဲ့တဲ့ပွဲစဉ်မှာ လက်ချင်စတိန်းက ကာဇက်စတန်အသင်းကို လေးဂိုးပြတ်၊ ဝေးလ်အသင်းက ဘယ်လ်ဂျီယံအသင်းကို လေးဂိုး နှစ်ဂိုးနဲ့ ကိုယ်စီရှုံးနိမ့်ထားကြပါတယ်။ လက်ရှိအုပ်စုမှာ လက်ချင်စတိန်းအသင်းအနေနဲ့ အားအနည်းဆုံးအသင်းအဖြစ် ရပ်တည်နေပြီး အုပ်စုပွဲစဉ်ခြောက်ပွဲကစားအပြီးမှာ နိုင်ပွဲသရေပွဲမရရှိဘဲပွဲစဉ်အားလုံးရှုံးနိမ့်ထားကာ ရမှတ်ရရှိခြင်းလဲ မရှိသေးပါဘူး။ ကမ္ဘာ့အဆင့်(၂၀၆)ရှိတဲ့ သူတို့အသင်းအနေနဲ့ ပြိုင်ပွဲစုံနောက်ဆုံးပွဲစဉ် ၁၀ ပွဲထိရှုံးနိမ့်ထားပြီး တိုက်စစ်ပိုင်းက ဂိုးသွင်းယူနိုင်ခြင်းမရှိသလို ခံစစ်ပိုင်းအနေနဲ့လဲ အဆိုးရွားဆုံးဖြစ်နေတာကြောင့် အုပ်စုတွင်းပြိုင်ဘက်အသင်းတွေဖြစ်တဲ့ ဘယ်လ်ဂျီယံ၊ မြောက်မက်ဆီဒိုးနီးယား၊ ဝေးလ်နဲ့ကာဇက်စတန်အသင်းတို့ကို အသီးသီးဂိုးပြတ်ရှုံးနိမ့်ထားတာကြောင့် အခုပွဲစဉ်မှာလဲ သူတို့အသင်းအနေနဲ့ ဝေးလ်အသင်းရဲ့ တိုက်စစ်ပိုင်းကို ထိန်းချုပ်ကစားနိုင်ဖို့ဆိုတာ ခက်ခဲနေအုံးမှာပါ။ ဒ့ါပြင် သူတို့အသင်းရဲ့ ကစားသမားစုဖွဲ့မှုအနေနဲ့လဲ သာမန်သာရှိနေတာကြောင့် အခုလို ရလဒ်ပိုင်းတွေဆိုးရွားနေတာဖြစ်ပါတယ်။

ဝေးလ်အသင်းကတော့ လက်ရှိအုပ်စုမှာ အဆင့်(၃)နေရာရပ်တည်နေပြီး ဒုတိယနေရာကမြောက်မက်ဆီဒိုးနီးယားအသင်းနဲ့ သုံးမှတ်အကွာ တစ်ပွဲလျော့အနေအထားဖြစ်နေတာကြောင့် လက်ကျန်ပွဲစဉ်နှစ်ပွဲမှာ ရလဒ်ကောင်းပါမှ ခြေစစ်ပွဲအောင်မြင်ဖို့ ရာခိုင်နှုန်းများမှာပဲဖြစ်ပါတယ်။ သူတို့အသင်းအနေနဲ့ ပြီးခဲ့တဲ့ပွဲစဉ်မှာ ဘယ်လ်ဂျီယံအသင်းကို ဘောလုံးပိုင်ဆိုင်မှုအသာနဲ့ ယှဉ်ပြိုင်ကစားခဲ့ရပေမဲ့ တိုက်စစ်မှူးတွေလိုအပ်ချက်ရှိနေလို့ ချေပဂိုးတွေမသွင်းယူနိုင်ခဲ့ဘဲ ရှုံးနိမ့်ခဲ့ရတာဖြစ်ပါတယ်။ သူတို့အသင်းအနေနဲ့ ဘယ်လ်ဂျီယံအသင်းနဲ့ပွဲစဉ်အပါအဝင် ပြိုင်ပွဲစုံနောက်ဆုံးသုံးပွဲဆက် ရှုံးနိမ့်ခဲ့ရတာဖြစ်ပြီး လက်ရှိခြေစွမ်းပိုင်းအနေနဲ့ကျဆင်းနေတယ်လို့ဆိုရမှာပါ။ ဒါပေမဲ့ ဝေးလ်အသင်းဟာ အခုပွဲစဉ်မှာ အနိုင်ရရှိခဲ့မယ်ဆိုရင် ခြေစစ်ပွဲစဉ်ကို အုပ်စုဒုတိယနေရာကနေ အောင်မြင်နိုင်တာကြောင့် အကောင်းဆုံး ပြင်ဆင်လာပါလိမ့်မယ်။ ဒ့ါပြင် လက်ရှိခြေစွမ်းပိုင်းအနေနဲ့လဲ လက်ချင်စတိန်းလို အဘက်ဘက်က အသာရနေတဲ့အသင်းကို အနိုင်ကစားနိုင်စွမ်းရှိတာကြောင့် အခုပွဲစဉ်မှာ ဝေးလ်အသင်းပဲ အနိုင်ရသွားပါလိမ့်မယ်။

### လက်ချင်စတိန်းအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| လက်ချင်စတိန်း | ၀ | - | ၄ | စကော့တလန် |
| လက်ချင်စတိန်း | ၀ | - | ၆ | ဘယ်လ်ဂျီယံ |
| မြောက်မက်ဆီဒိုးနီးယား | ၅ | - | ၀ | လက်ချင်စတိန်း |
| ကာဇက်စတန် | ၄ | - | ၀ | လက်ချင်စတိန်း |
| မွန်တီနီဂရိုး | ၂ | - | ၁ | လက်ချင်စတိန်း |

### ဝေးလ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| ဘယ်လ်ဂျီယံ | ၄ | - | ၃ | ဝေးလ် |
| ကာဇက်စတန် | ၀ | - | ၁ | ဝေးလ် |
| ဝေးလ် | ၀ | - | ၁ | ကနေဒါ |
| အင်္ဂလန် | ၃ | - | ၀ | ဝေးလ် |
| ဝေးလ် | ၂ | - | ၄ | ဘယ်လ်ဂျီယံ |

## ကိုဆိုဗိုအသင်း ရလဒ်ကောင်းမှာပါ

ဆလိုဗေးနီးယားနဲ့ ကိုဆိုဗိုအသင်းတို့ဟာ အုပ်စု(B)ပွဲစဉ်အဖြစ် ယှဉ်ပြိုင်ကစားကြမှာဖြစ်ပြီး လက်ရှိမှာ ဆလိုဗေးနီးယားအသင်းက လေးပွဲကစား သုံးပွဲသရေ တစ်ပွဲရှုံးရလဒ်နဲ့ နိုင်ပွဲမရရှိသေးဘဲ အဆင့်(၃)နေရာမှာ ရပ်တည်နေပါတယ်။ ကိုဆိုဗိုအသင်းကတော့ ပွဲစဉ်လေးပွဲကစား နှစ်ပွဲနိုင် တစ်ပွဲသရေ တစ်ပွဲရှုံးရလဒ်နဲ့ အဆင့်(၂)နေရာမှာ ရမှတ် ခုနစ်မှတ်နဲ့ ရပ်တည်နေပြီး အုပ်စုထိပ်ဆုံးက ဆွစ်ဇာလန်အသင်းထက် သုံးမှတ်သာကွာဟနေပါတယ်။ ဆလိုဗေးနီးယားအသင်းအနေနဲ့ လက်ကျန်ပွဲစဉ်နှစ်ပွဲမှာ အနိုင်ရရှိခဲ့မယ်ဆိုရင် အုပ်စုဒုတိယနေရာကို တက်လှမ်းနိုင်မှာဖြစ်ပေမဲ့ လက်ရှိသူတို့အသင်းရဲ့ ခြေစွမ်းပိုင်းကလဲ တည်ငြိမ်မှုမရှိပါဘူး။ သူတို့အသင်းအနေနဲ့ နောက်ဆုံးလေးပွဲမှာ သုံးပွဲသရေ တစ်ပွဲရှုံးရလဒ်ရရှိထားတာကြောင့် အခုပွဲစဉ်မှာ အဆင့်(၂)နေရာက ကိုဆိုဗိုအသင်းကို ဖိအားပေးကစားနိုင်ဖို့တော့ ခက်ခဲနေအုံးမှာပါ။

အုပ်စုအဆင့်(၂)နေရာမှာ ရပ်တည်နေတဲ့ ကိုဆိုဗိုအသင်းကတော့ ခြေစစ်ပွဲစဉ်နောက်ဆုံးသုံးပွဲမှာ နှစ်ပွဲနိုင် တစ်ပွဲသရေကျထားပါတယ်။ သူတို့အသင်းအနေနဲ့ အဲဒီပွဲစဉ်သုံးပွဲမှာ ဆွီဒင်လိုထိပ်သီးအသင်းကို နှစ်ကျော့စလုံးအနိုင်ရရှိခဲ့ပြီး ဆလိုဗေးနီးယားအသင်းနဲ့ပထမပွဲစဉ်မှာတော့ ဂိုးမရှိသရေရလဒ်သာ ကစားနိုင်ခဲ့ပါတယ်။ ကိုဆိုဗိုအသင်းအနေနဲ့လဲ အခုပွဲစဉ်မှာ အနိုင်ရရှိခဲ့မယ်ဆိုရင် အုပ်စုဗိုလ်အဖြစ်ရပ်တည်နေတဲ့ ဆွစ်ဇာလန်အသင်းကို ဖိအားပေးနိုင်ပြီး တိုက်ရိုက်ခြေစစ်ပွဲအောင်မြင်ဖို့ရာခိုင်နှုန်းများနေပါတယ်။ သူတို့အသင်းအနေနဲ့ နောက်ဆုံးပွဲစဉ်မှာ ခြေစွမ်းပိုင်းသာလွန်နေတဲ့ ဆွစ်ဇာလန်အသင်းနဲ့ဆုံတွေ့ရမှာဖြစ်လို့ အခုဆလိုဗေးနီးယားအသင်းနဲ့ပွဲစဉ်မှာ ရလဒ်ကောင်းအောင် အကောင်းဆုံးပြင်ဆင်ကစားလာမှာပါ။ ဒီနှစ်သင်းရဲ့ နောက်ဆုံးတွေ့ဆုံမှုသုံးကြိမ်မှာဆလိုဗေးနီးယားအသင်းက အသာရနေတယ်ဆိုပေမဲ့ လက်ရှိခြေစွမ်းပိုင်းအရ ကိုဆိုဗိုအသင်းပဲ ရလဒ်ကောင်းမှာပါ။

### ဆလိုဗေးနီးယားအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| ဆလိုဗေးနီးယား | ၂ | - | ၁ | ဘော့စနီးယား |
| ဆလိုဗေးနီးယား | ၂ | - | ၂ | ဆွီဒင် |
| ဆွစ်ဇာလန် | ၃ | - | ၀ | ဆလိုဗေးနီးယား |
| ကိုဆိုဗို | ၀ | - | ၀ | ဆလိုဗေးနီးယား |
| ဆလိုဗေးနီးယား | ၀ | - | ၀ | ဆွစ်ဇာလန် |

### ကိုဆိုဗိုအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| ကိုဆိုဗို | ၄ | - | ၂ | ကိုမိုရို့စ် |
| ဆွစ်ဇာလန် | ၄ | - | ၀ | ကိုဆိုဗို |
| ကိုဆိုဗို | ၂ | - | ၀ | ဆွီဒင် |
| ကိုဆိုဗို | ၀ | - | ၀ | ဆလိုဗေးနီးယား |
| ဆွီဒင် | ၀ | - | ၁ | ကိုဆိုဗို |

# ဝက်လက်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကုလားပဲ ဧက ၅၆၄၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ဝက်လက် နိုဝင်ဘာ ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဝက်လက်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကုလားပဲ ဧက ၅၆၄၀ ထိ စိုက်ပျိုးပြီးစီးနေပြီ ဖြစ်ကြောင်း ဝက်လက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဝက်လက်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကုလားပဲ ၅၄၃၂၇ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ကြရာ ယနေ့ထိ ဧက ၅၆၄၀ စိုက်ပျိုးပြီးစီးနေပြီ ဖြစ်ကြောင်း သိရသည်။

"ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဝက်လက်မြို့နယ်မှာ ကုလားပဲ ဧက ၅၄၀၀၀ ကျော် စိုက်ပျိုးဖို့ အတွက်လျာထားပါတယ်။ ဒီနေ့ထိ ဧက ၅၀၀၀ ကျော်စိုက်ပျိုးပြီးစီးနေပြီဖြစ်ပါတယ်။ လျာထားဧက ပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးနေတယ်။ ကုလားပဲ စိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက် တစ်နှစ် တိုးတက်လာပါတယ်။ ကုလားပဲအထွက်နှုန်းနဲ့ အရည်အသွေးကောင်းမွန်ရေး အတွက် လိုအပ်တဲ့ မျိုးကောင်းမျိုးသန့်တွေ၊ သွင်းအားစုတွေ၊ ရိတ်သိမ်းချိန်လွန် နည်းပညာပေးတာတွေကို တောင်သူတွေနဲ့ ပူးပေါင်းပြီးတော့ ဆောင်ရွက်ပေးသွားပါမယ်" ဟု ဝက်လက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကြင်စန်းက ပြောပြသည်။

ကုလားပဲစိုက်ပျိုးရာတွင် ဒေသနှင့်ကိုက်ညီပြီး အထွက်နှုန်းကောင်းမွန်သည့် ရေဆင်း(၈)နှင့် ရေဆင်း (၁၁) မျိုးများကို ရွေးချယ်စိုက်ပျိုးကြကြောင်း၊ ကုလားပဲ တစ်ဧကစိုက်ပျိုးပါက ငွေကျပ်သုံးသိန်းကျော် ကုန်ကျကြောင်း သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံသီးနှံစိုက်ပျိုးရာတွင် ကုလားပဲအထွက်နှုန်းနှင့် အရည်အသွေး ကောင်းမွန်ရေးအတွက် လိုအပ်သည့် မျိုးကောင်းမျိုးသန့်များ၊ သွင်းအားစုများ၊ ရိတ်သိမ်းချိန်လွန် နည်းပညာပေးခြင်းများကို တောင်သူများနှင့် ပူးပေါင်းဆောင်ရွက် လျက်ရှိကြောင်းသိရသည်။

ကုလားပဲကို အထွက်နှုန်းတိုးတက် ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့် အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ မြင့်မားလာမည် ဖြစ်သောကြောင့် ကုလားပဲကို ဒေသမရွေးကြိုးပမ်းစိုက်ပျိုးသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်ကြင်စန်းက ပြောပြ၍ သိရသည်။ (၂၀၆)

# ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလအတွင်း ငါးမြစ်ချင်း ပိဿာချိန် အများအပြားတင်ပို့ရောင်းချနိုင်ခဲ့

**ပန်းတနော် နိုဝင်ဘာ ၁၃**

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် အောက်တိုဘာလအတွင်း ငါးမြစ်ချင်း ပိဿာချိန် အများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ပန်းတနော်မြို့နယ် ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်အေးအေးသက်က ပြောသည်။

ပန်းတနော်မြို့နယ်မှ ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များသည် ဒေသထွက် ရေထွက်ကုန် ပစ္စည်းများကို ဝယ်ယူပြီး စနစ်တကျထုပ်ပိုးသန့်စင်ကာ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချ လျက်ရှိကြောင်း ပြီးခဲ့သည့် စက်တင်ဘာလအတွင်း ငါးမြစ်ချင်း ပိဿာချိန် ၅၅၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး အောက်တိုဘာလတွင် ငါးမြစ်ချင်း ပိဿာချိန် ၇၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ပန်းတနော်မြို့နယ်ကနေ ငါးမြစ်ချင်းတွေ အပါအဝင်အခြား ရေထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကိုပဲ အဓိကတင်ပို့ရောင်းချနေပါတယ်။ ပြီးခဲ့တဲ့ အောက်တိုဘာလအတွင်း ဒေသထွက် ငါးမြစ်ချင်း ပိဿာချိန် ၇၅၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ လက်ရှိ နိုဝင်ဘာလထဲမှာလဲ ငါးမြစ်ချင်းပိဿာချိန် အများအပြား အဝယ်လိုက်နေပါတယ်" ဟု ပန်းတနော်မြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်အေးအေးသက် က ပြောပြသည်။

ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးသို့ တင်ပို့ရောင်းချနေသည့် ငါးမြစ်ချင်း ၁၀ ပိဿာလျှင် ငွေကျပ် ၁၇၅၀၀၀ ထိ ဈေးပေါက်နေကြောင်း၊ အဆိုပါငါးမြစ်ချင်း အများအပြား တင်ပို့ရောင်းချခဲ့သောကြောင့် ငါးမွေးမြူသူများ၊ ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များ၊ ရေလုပ်သားများ၊ ကုန်တင်ကုန်ချလုပ်သားများနှင့် မော်တော်ယာဉ် အငှားလိုက်သူများ အလုပ်အကိုင် အဆင်ပြေနေကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# မဲရုံတွင်ဆန္ဒမဲပေးခြင်းအတွက် သိရှိမှတ်သား ဆောင်ရွက်ရမည့်အချက်များ

# (အီလက်ထရောနစ်မဲပေးစက်ဖြင့် ဆန္ဒမဲပေးခြင်း)

- မဲရုံသို့ဝင်ရောက်သည့်အခါ မဲစာရင်းစစ်ဆေးသူထံ မိမိ၏အမည်နှင့် မဲစာရင်းအမှတ်စဉ်ကို ပြောပြပါ၊ အထောက်အထားအဖြစ် နိုင်ငံသားစိစစ်ရေးကတ်ကိုပြပါ၊
- မဲစာရင်းစစ်ဆေးသူက မိမိ၏အမည်ကို တွေ့ရှိပြီး မှန်ကန်လျှင် မဲစာရင်း၌လက်မှတ်ရေးထိုးပါ၊ သို့မဟုတ် လက်ဝဲလက်မဖြင့် လက်ဗွေနှိပ်ပါ၊
- လျှို့ဝှက်ဆန္ဒပြုခန်းအတွင်းသို့ဝင်၍ ဆန္ဒပြုစက်ပေါ်ရှိ မိမိမဲပေးလိုသော လွှတ်တော် ကိုယ်စားလှယ်လောင်း၏ အမည်နှင့်သင်္ကေတအမှတ်အသား တည့်တည့်တွင်ရှိသော ဆန္ဒပြု ခလုတ်ကို တစ်ကြိမ်သာနှိပ်၍ ဆန္ဒပြုပါ၊
- ဆန္ဒပြုပြီးနောက် ဆန္ဒပြုစက်နှင့် ချိတ်ဆက်ထားသော မဲပေးချက်ဖော်ပြသည့်စက်မှ ပြသသည့်ဆန္ဒမဲဖြတ်ပိုင်းတွင် မိမိမဲပေးသည့် လွှတ်တော်ကိုယ်စားလှယ်လောင်း၏အမည်နှင့် သင်္ကေတအမှတ်အသားကို ကြည့်ရှုနိုင်သည်၊
- မိမိဆန္ဒပြုလိုသည့် လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးကိုသာ ဆန္ဒမဲပေးပါ၊
- မဲဆန္ဒနယ်တစ်နယ်တွင် လွှတ်တော်တစ်ရပ်စီအတွက် ဆန္ဒမဲ တစ်မဲစီသာပေးပါ၊
- မဲရုံမှ မထွက်ခွာမီ မဲပေးပြီးကြောင်း မင်တို့ပေးသည့် မဲရုံအဖွဲ့ဝင်ထံ သွားရောက်၍ သတ်မှတ်ထားသည့် လက်ချောင်းတစ်ချောင်းချောင်းတွင် မင်တို့ပါ၊
- မဲပေးပြီးပါက မဲရုံပရိဝုဏ်အတွင်းမှ ဆောလျင်စွာ ထွက်ခွာပါ။

"ပြည်သူများလိုလားသည့် ဒီမိုကရေစီနိုင်ငံတော်ကို ရွေးကောက်ပွဲဖြင့်သာ ဖော်ဆောင်နိုင်မည်"
"လွတ်လပ်မျှတ၊ မဲပေးကြ"


"အဂတိပယ်ခွာ ပြည်သာယာ"
Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိ လိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက် လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန်လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေ ပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူ ခံရနိုင်သည်ကိုလည်း သတိပြုရမည်။

### လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာသုခနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address – accm@accm.gov.mm၊
Website Address – http://www.accm.gov.mm

# အောင်မြင့်မိုရ်မင်းအာမခံကုမ္ပဏီလီမိတက်



We Protect The Family

မိသားစုဘဝ လုံခြုံစိတ်ချဖို့
ကျန်းမာရေးအာမခံ
ထားကြစို့!

၁။ ပြည်သူပြည်သားအသက်အာမခံ
၂။ တပ်မတော်ဝန်ထမ်းအသက်အာမခံ
၃။ တောင်သူလယ်သမားအသက်အာမခံ
၄။ နှစ်တိုငွေပင်ငွေရင်းအာမခံ
၅။ စုပေါင်းအသက်အာမခံ
၆။ မြွေအန္တရာယ်အာမခံ
၇။ အထူးခရီးသွားအာမခံ
၈။ ခရီးသွားအာမခံ
၉။ အားကစားသမားကိုယ်အင်္ဂါထိခိုက်မှုအာမခံ
၁၀။ ကျန်းမာရေးအာမခံ
၁၁။ ပြင်းထန်သောရောဂါကုသမှုအာမခံ
၁၂။ လူထုအခြေပြုကျန်းမာရေးစောင့်ရှောက်မှုအာမခံ
၁၃။ ပညာရေးအသက်အာမခံ
၁၄။ ကိုယ်အင်္ဂါထိခိုက်မှုအာမခံ
၁၅။ စာသင်သားအသက်အာမခံ
၁၆။ ပြည်သူပြည်သားနှစ်ချင်းအသက်အာမခံ
၁၇။ ပရီမီယံတစ်ကြိမ်ပေး နှစ်တိုချေးငွေအသက်အာမခံ
၁၈။ ပရီမီယံတစ်ကြိမ်ပေး ချေးငွေအသက်အာမခံ
၁၉။ တမူထူးခြားသည့် စုဆောင်းမှု အသက်အာမခံ
၂၀။ တစ်လုံးတည်းပေး ငွေပင်ငွေရင်း အသက်အာမခံ

နေပြည်တော် - ဖုန်း - ၀၆၇ - ၃၄၃၄၇၁၂၊ ၀၉ - ၄၄၉၁၈၈၀၆၃

အမှတ်(၁၄၀)၊ ရွှေတိဂုံဘုရားလမ်းနှင့် ပန်တျာလမ်းထောင့်၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၁ - ၈၃၇၈၉၆၅၊ ၀၉ - ၄၂၄၄၄၆၆၆၄၊ ဖက်(စ်) - ၀၁ - ၈၃၇၈၉၆၃

၂၉ × ၃၀ လမ်းကြား၊ ၈၄ လမ်း၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
ဖုန်း - ၀၉ - ၄၂၄၄၄၆၆၆၅၊ ဖက်(စ်) - ၀၂ - ၄၀၃၀၄၆၇


## ပျောက်ဆုံးကြောင်း

ကွတ်ခိုင်မြို့ ရပ်ကွက်(၃)နေ မချယ်ရီ (ဘ) ဦးဝမ်တီးဖွာ (၁၃/ကခန(နိုင်)၀၅၂၅၈၄)၏ နိုင်ငံကူးလက်မှတ်အမှတ် MA-257450 မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

၀၉-၄၀၂၆၄၄၂၄၅

သံဝေဇနီယလေးဌာန "ဖွား၊ ပွင့်၊ ဟော၊ စံ" နေပြည်တော် စေတီတော်ဘက်စုံပြုပြင်မွမ်းမံရေးလုပ်ငန်းများအတွက် တစ်ဖက် တစ်လမ်းမှ အလှူငွေရရှိရေးအတွက် ကမ္ဘောဇဘဏ်တွင် အောက်ဖော်ပြပါ Account KBZ Donation QR Code အား ဖွင့်လှစ်ထားရှိပြီးဖြစ်ပါ၍ စေတနာရှင် အလှူရှင်များအနေဖြင့် တတ်အားသရွေ့ ပါဝင်လှူဒါန်းနိုင်ပါကြောင်းနှိုးဆော်အပ်ပါသည်။ အသေးစိတ်သိရှိလိုပါက ဂေါပကအဖွဲ့ရုံး၊ ဖုန်းနံပါတ် (၀၉-၆၇၁၄၅၉၄၁၆)သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ဂေါပကအဖွဲ့,
သံဝေဇနီယလေးဌာန
"ဖွား၊ ပွင့်၊ ဟော၊ စံ"
နေပြည်တော်

Scan the MMQR here

FOUR MAJOR BUDDHIST

KBZ Pay

By CENTRAL BANK OF MYANMAR


(၂၆)ကြိမ်မြောက် 5 Digits
အောင်ဘာလေအွန်လိုင်းထီ လက်မှတ်များကို
နိုဝင်ဘာလ(၁)ရက်နေ့မှ (၁၅) ရက်နေ့အထိ
စိတ်ကြိုက်ရွေးချယ် ကံစမ်းနိုင်ပါပြီ!

5 Digits
အောင်ဘာလေ အွန်လိုင်းထီ



A,B,C က,ခ,ဂ
F,G,H
Z,RA,LA ယ,ရ,လ
U,V,Y
TH,HA သ,ဟ
P,Q,T
AH အ

Call Center 777 (or)
09 677 000 777

*117# ကို ခေါ်ဆိုပြီး Mytel ဖုန်းဘေလ်ဖြင့် 5 Digits အောင်ဘာလေအွန်လိုင်းထီ ကံစမ်းလို့ရပါပြီ။


လူကုန်ကူးခံရသူများအနေဖြင့် အကူအညီနှင့်အားပေးမှုများ
လိုအပ်သည်ဟု ခံစားနေရပါက
သတင်းအချက်အလက်မျှဝေရာစင်တာသို့
ဆက်သွယ်နိုင်ပါသည်။

ဆက်သွယ်ရန်လိပ်စာ - လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ပြန်လည်ထူထောင်ရေးဦးစီးဌာန
အမှတ်(၆၅)၊ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး
ဆက်သွယ်ရမည့်ဖုန်း - ၀၁-၆၆၆၆၁၉ (ရုံးချိန်အတွင်း)

အိမ်ပြင်ပ၌ ထွန်းသော မီးများကို နေ့အလင်း ရောင်ရှိ ချိန်တွင် ပိတ်ထား ခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ

❖ ငြိမ်းချမ်းရေးဆိုတာ ပုံမှန်သတ်မှတ်ပြဋ္ဌာန်းထားနိုင်တဲ့အရာမဟုတ်ပါဘူး။ တွေ့ဆုံဆွေးနွေးညှိနှိုင်းမှုမှ တစ်ဆင့် ရရှိပေါက်ဖွားလာတဲ့ ရလဒ်ကောင်းတွေနဲ့ ဖော်ဆောင်ကြရမှာသာဖြစ်ပါတယ်။ ဒါ့ကြောင့် ကျွန်တော်တို့အားလုံး အရင်ဆုံးတွေ့ဆုံဆွေးနွေးကြဖို့ မဖြစ်မနေလိုအပ်ပါတယ်။ ဒီလိုတွေ့ဆုံဆွေးနွေးနိုင်ဖို့ ကျွန်တော်တို့အားလုံး ကိုယ်စီကိုယ်စီတာဝန်ရှိကြတာပဲဖြစ်ပါတယ်။

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ် ဇွန် ၂၅ ရက်တွင် ပြုလုပ်သော ငြိမ်းချမ်းရေးဖိုရမ်-Peace Forum 2025 ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရှေးသီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတက ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်း

စာမျက်နှာ - ၁၈

## သတ်မှတ်စစ်မှုထမ်းကာလပြည့်မြောက်အောင် တာဝန်ထမ်းဆောင်ပြီးသည့် ပြည်သူ့စစ်မှုထမ်းများကို ပြည်သူ့စစ်မှုထမ်းဆောင်ပြီးကြောင်း လက်မှတ်ထုတ်ပေးပွဲကျင်းပ




ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင် သတ်မှတ်စစ်မှုထမ်းကာလပြည့်မြောက်အောင် တာဝန်ထမ်းဆောင်ပြီးသည့် ပြည်သူ့စစ်မှုထမ်းတစ်ဦးကို ပြည်သူ့စစ်မှုထမ်းဆောင်ပြီးကြောင်း လက်မှတ်နှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်စဉ်။

နေပြည်တော် နိုဝင်ဘာ ၁၃

နိုင်ငံတော်အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံသားများ၏ အခွင့်အရေးကို ကာကွယ်စောင့်ရှောက်ပေးလျက်ရှိပြီး နိုင်ငံသားများအနေဖြင့်လည်း နိုင်ငံ့တာဝန်များကို ထမ်းဆောင်ကြရမည်ဖြစ်သည်။ ယင်းတာဝန်များကို ကျေပွန်စွာထမ်းဆောင်ရန်ဆန္ဒရှိကြသည့်နိုင်ငံ့သားကောင်းများသည် ပြည်သူ့စစ်မှုထမ်းသင်တန်းများ တက်ရောက်ကာ တပ်ရင်း၊တပ်ဖွဲ့အသီးသီးသို့ သွားရောက်၍ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ဂုဏ်ယူစွာ ထမ်းဆောင်လျက်ရှိသည်။

ထိုသို့ တာဝန်ထမ်းဆောင်လျက်ရှိသည့် ပြည်သူ့စစ်မှုထမ်းစစ်သည်များ အနက်မှ သုံးပုံတစ်ပုံ လျှော့ပေါ့ခွင့်ရရှိသည့် သတ်မှတ်စစ်မှုထမ်းကာလ ပြည့်မြောက်အောင် တာဝန်ထမ်းပြီးသူများအား ပြည်သူ့စစ်မှုထမ်းဆောင်ပြီးကြောင်း လက်မှတ်ထုတ်ပေးပွဲကို ယနေ့မွန်းလွဲပိုင်းတွင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် သံလွင်ခန်းမ၌ ပြုလုပ်ရာ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊

စာမျက်နှာ ၂၄ ကော်လံ ၄ ☆

## အမျိုးသားနိုင်ငံရေးအားမာန်သစ်ပါတီနှင့် ညီညွတ်သောတိုင်းရင်းသားလူမျိုးများဒီမိုကရေစီပါတီတို့၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များ ဖော်ပြပါရှိ

နေပြည်တော် နိုဝင်ဘာ ၁၃

အမျိုးသားနိုင်ငံရေးအားမာန်သစ်ပါတီနှင့် ညီညွတ်သောတိုင်းရင်းသားလူမျိုးများဒီမိုကရေစီပါတီတို့၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များကို ယနေ့ထုတ် ရတနာပုံသတင်းစာ စာမျက်နှာ ၂၅ တွင် ဖော်ပြပါရှိပါသည်။

ရတနာပုံ

## ဝိုင်းမော်မြို့နယ်တွင် ငွေကျပ် ၂ ဒသမ ၃ ဘီလီယံကျော် တန်ဖိုးရှိ ဘိန်းဖြူ ၄၇ ကီလိုကျော်နှင့် စိတ်ကြွဆေးပြား ခုနစ်သိန်းကျော် ဖမ်းဆီးရမိ

နေပြည်တော် နိုဝင်ဘာ ၁၃

ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ခမ်းမှ ကချင်ပြည်နယ် ဝိုင်းမော်သို့ သယ်ဆောင်ရောင်းဝယ်မည့် ခန့်မှန်းတန်ဖိုးငွေကျပ် ၂ ဒသမ ၃ ဘီလီယံကျော်တန်ဖိုးရှိ ဘိန်းဖြူ ၄၇ ကီလိုကျော်နှင့် စိတ်ကြွဆေးပြား ခုနစ်သိန်းကျော် သယ်ဆောင်လာသည့် မော်တော်ယာဉ်တစ်စီးကို လုံခြုံရေးတပ်ဖွဲ့ဝင်များက အောက်တိုဘာ ၃၀ ရက် မွန်းလွဲပိုင်းတွင် ဝိုင်းမော်မြို့နယ် နတ်မြစ်ခတံတားအနီး၌ ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် အောက်တိုဘာ ၃၀ ရက် မွန်းလွဲ ၂ နာရီခွဲခန့်တွင် ဝိုင်းမော်မြို့နယ် နတ်မြစ်ခတံတားအနီး၌ သတင်းအရ စောင့်ဆိုင်းစဉ် လထော်နန်အောင် (ဘ) ဦးလထော်ပေါလု မောင်းနှင်ပြီး ဇခုန်ဒန်ရိန် (ဘ) ဦးဇခုန်ထွန်းဒန် လိုက်ပါလာသော TOY-OTA HILUX REVO မော်တော်ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ယာဉ်ပေါ်မှ ဘိန်းဖြူ ၄၇ ဒသမ ၅၂ ကီလို (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁ ဒသမ ၁၈၈ ဘီလီယံ) နှင့် စိတ်ကြွဆေးပြား ၇ ဒသမ ၈ သိန်း

စာမျက်နှာ ၂၄ ကော်လံ ၄ ❖

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ် စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

